The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 25
တနင်္လာနေ့တိုင်းထုတ်ဝေသည်
July 3 , 2017

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ပြည်ပသို့တင်ပို့မည့် ဆန်ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများဖမ်းဆီးရမိ

စာမျက်နှာ - ၁၈ ➢






## ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအနေဖြင့် Sale Contract နှင့် Invoice ပါ ဈေးနှုန်းနှင့်တန်ဖိုးများအား မမှန်မကန်ဖြည့်သွင်းပါက အရေးယူဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၈ ➢




မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Point of Sales (POS) Services
Card Payment
Mobile Banking Services
Account balance & Cheque Enquiry
Account Statement
Account Summary
ATM, POS , Foreign Exchange Counter & Branches Locator
Foreign Exchange Rates & Remittance Rates
ATM Services
Easy way for Cash Withdrawl
24/7 Services
Get Interest 8.5%
Available MPU, UPI, JCB Cards
မှန်သည်
မြန်သည်
မြဝတီ
MPU
UnionPay
JCB
Phone No (01) 2301367, 2301368, 2301452
2301378, 2301401, 2301410
Email mwdbankygn@mptmail.net.mm
Fax (01) 2301396, 2301450, 2301402


Distributed by URANUS COMPANY LIMITED
အကောင်းဆုံး နံပါတ် (၁) M N Z ငွေရေစက် နှင့် လုံခြုံစိတ်အေးရစေမည့် M N Z မီးခံသေတ္တာ
WORLD CLASS PRODUCT OF KOREA
mnz
Bill Counter & Safe
လွန်ပြီးသော (၁၀) နှစ်မှပဲ ဝယ်ဝယ် ပြုတ်ကျပြီးပဲ ကွဲထားထား
တစ်ပြားမျှ မယူပဲ ဝန်ထမ်းပေါင်း (၂၀၀)ကျော်ဖြင့် ဝန်ဆောင်မှု
အပြည့်ပေးသောကြောင့် သုံးစွဲသူများ တွက်ခြေကိုက်
စိတ်အေးရသည့် ငွေရေစက်မှာ M N Z တစ်မျိုးတည်းသာ ဖြစ်ပါသည်။
World Class Product Award ရရှိထားပြီး
အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ နော်ဝေ၊ ဂျပန်၊ ရုရှား အစရှိသည့်
နိုင်ငံကြီးများမှ အရည်အသွေးထောက်ခံချက် ရရှိထားသော
ကမ္ဘာ့အဆင့်မီ မီးခံသေတ္တာမှာ M N Z တစ်မျိုးတည်းသာ ဖြစ်ပါသည်။
CALL NOW!
09.43198034
ရန်ကုန် ၁၂၅ (စီ)၊ အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ယုဇနပိုတယ်ရှေ့ 01- 8603121
မန္တလေး ၁၆၅၊ ၇၃လမ်း၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေး။ 02-68771, 09-31495346
နေပြည်တော် (၁၀၁-စ)၊ မြေညီထပ်၊ Capital Hypermarket ။ 09-73191094

# ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အိန္ဒိယနိုင်ငံဘက်မှ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Smt နီမာလာစီသာရာမန်တို့က ပူးတွဲသဘာပတိအဖြစ် ဦးဆောင်၍ ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ဇွန် ၂၇ ရက်က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။

မြန်မာ-အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီ၏ အဆင့်မြင့်အရာရှိ အစည်းအဝေးကို ဇွန် ၂၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ဌာနမှ Joint Secretary Mr. Shri Ali R. Rizvi တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုနှင့် ဆက်စပ်သော ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းစဉ်များကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ဇွန် ၂၇ ရက်ညနေပိုင်းတွင် နှစ်ဖက်ဝန်ကြီးများက ဆဋ္ဌမအကြိမ်မြောက် မြန်မာ- အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးမှတ်တမ်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ ဆွေးနွေးညှိနှိုင်းမှုများအရ ယခင် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှုတွင် အိန္ဒိယနိုင်ငံဘက်မှ ကုန်ပစ္စည်းအမျိုးအစား ၆၂ မျိုးသာ ကုန်သွယ်ခွင့်ပြုထားခဲ့ရာမှ ယခုအစည်းအဝေးတွင် တောင်းဆိုချက်အရ ကုန်ပစ္စည်းအားလုံးကို ကုန်သွယ်ခွင့် ရရှိခဲ့ပါသည်။ အလားတူ မြန်မာ့အဓိကပို့ကုန်များ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ အထူးအခွင့်အရေးပေးသည့် Duty Free Tariff Preference (DFTP) Scheme အရ အကောက်ခွန်လိုင်း ၉၆ ရာခိုင်နှုန်းကို အခွန် သုညရာခိုင်နှုန်းသို့ လျှော့ချပေးပြီး အခွန်လျှော့ချခြင်း မရှိသေးသော ကုန်ပစ္စည်းများကို အခွန်လျှော့ချပေးရေးနှင့်မြန်မာ့ပို့ကုန်များအပေါ် မီဇိုရမ်ပြည်နယ်မှ အကောက်ခွန်အပြင် ဒေသန္တရအခွန်များ စည်းကြပ်ကောက်ခံမှုများကို လျှော့ချပေးနိုင်ရေး တို့အတွက် ၎င်းတို့ဘက်မှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယဘက်မှ ကတိကဝတ်များကို ရရှိခဲ့ပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံဘက်မှ နယ်စပ်ကုန်သွယ်ရေးစခန်းများ လုပ်ငန်းယာယီရပ်ဆိုင်းမည်ဆိုပါက မြန်မာဘက်သို့ ကြိုတင်ညှိနှိုင်းအသိပေးရန် ဆွေးနွေးသဘော တူညီမှုရရှိခဲ့ပါသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘောဒီးယား၊လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အတွက် အထူးစီမံကိန်းများ ရန်ပုံငွေအဖြစ် အိန္ဒိယရူပီးကုဋေ ၁၀၀ အား ထားရှိပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအစီအစဉ်ကို ၂၀၁၉-၂၀၂၀ တွင် စတင်သွားရန်ရှိပြီး မြန်မာနိုင်ငံဘက်မှ အဆိုပြုစီမံကိန်းများပေးပို့ရေးနှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် နယ်စပ်ဒေသ အခြေခံအဆောက်အအုံများ မြှင့်တင်ပေးရေးအတွက် ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်း၏ ကားလမ်းဖောက်လုပ်ခြင်း၊ တမူး-ကလေး-ကလေးဝလမ်း၊ ကလေးဝ-ယာကြီး လမ်းရိဒ်-တီးတိန်လမ်းပိုင်းများ ဆောက်လုပ်ရေးကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားနိုင်ရေးနှင့် ရိဒ်-ဇိုခေါဒါရ်ကြားရှိ နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားကို အိန္ဒိယနိုင်ငံဘက်မှ အဆင့်မြှင့်တင်ပေးရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ထို့အပြင် ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ဘဏ်လုပ်ငန်းများတွင် သက်ဆိုင်ရာ ဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်တွင်လည်း ဘဏ်လုပ်ငန်းအဆင်ပြေ ချောမွေ့စေရေးအတွက် အိန္ဒိယနိုင်ငံဘက်မှ ကျန်ရှိနေသေးသော Corresponding bank များ ဖွင့်လှစ်နိုင်ရေး၊ မြန်မာနိုင်ငံဘဏ်များ၌ ရှိနေသော အိန္ဒိယနိုင်ငံမှ တရားမဝင် ကြေညာထားသည့် ရူပီး ၅၀၀ တန် ၁၀၀၀ တန်ငွေများကို ပြန်လည် လဲလှယ်နိုင်ရေး စသည့်အချက်များကို ဆွေးနွေးနိုင်ခဲ့ပြီး အိန္ဒိယဘက်မှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်းရရှိခဲ့ပါသည်။

မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်း (Mode of Operation) အား နှစ်ဖက် ဆက်လက်ညှိနှိုင်းသွားနိုင်ရေးအတွက် အစည်းအဝေးတစ်ရပ် ကျင်းပသွားရေး၊ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံတွင် Myanmar Investment Road Show ပြပွဲနှင့် နှစ်နိုင်ငံ ကုန်စည်ပြပွဲများ အပြန်အလှန် ကျင်းပနိုင်ရေး၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါ တားဆီးနှိမ်နင်းရေးနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံ၏ DFTP Scheme နှင့် အကောက်ခွန်နှင့်သက်ဆိုင်သော အသိပညာဗဟုသုတဖလှယ်မည့်အစီအစဉ်များ၊ e-commerce၊ စိုက်ပျိုးရေး စသည့် ကဏ္ဍများတွင် သင်တန်းများ ကူညီပံ့ပိုးပေးရန် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ယခုအစည်းအဝေး ကျင်းပခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံဘက်မှ အခွန်လျှော့ချရေး အပါအဝင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံမှ နည်းပညာ အထောက်အပံ့ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်သည့် ရလဒ်ကောင်းများ ရရှိခဲ့ပါသည်။

သတ္တမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံက ၂၀၁၈ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

**ကေခိုင်ကျော်**

# ကော်ဖီ၊ လက်ဖက် ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူး၍ EIF အစီအစဉ်ဖြင့် ကော်ဖီနှင့် လက်ဖက် ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၃၀ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများ အသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နှင့် ညီနောင်အသင်းများ၊ ကော်ဖီ၊ လက်ဖက် အစုအဖွဲ့များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၁၂၀ ခန့် တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဌာနဆိုင်ရာမှ ကော်ဖီ ၊ လက်ဖက်နှင့် သက်ဆိုင်သော စာတမ်းလေးစောင်၊ ကော်ဖီ၊ လက်ဖက်အသင်းမှ စာတမ်း သုံးစောင် ဖတ်ကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မျိုးသူ(ကုန်သွယ်မြှင့်)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သုရ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဈေးကွက်သစ်အဖြစ် ဆီနီဂေါနိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၅၀၀ တင်ပို့

ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၆၂ သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၁၂၆၅၄ တန်ကျော် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၁၃၃ တန်ကျော်၊ ဧည့်မထဆန် ၅၄၆၇ တန်နဲ့ ကောက်ညှင်းဆန် ၁၀၅ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၄၉ တန်ခန့်နဲ့ ဧည့်မထဆန် ၁၀၅ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၀၃၅ တန်၊ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၂၆၀ ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်နဲ့ ကောက်ညှင်း ဆန် ၂၂၄၇၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ် ပတ်မှာ ၉၈၂၂တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ဆန်သာမက ဆန်ကွဲတင်ပို့မှုလည်း လျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သုညဒသမ ၃၅၉ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၅၈၂ တန်ကျော်ကို တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၉၅၈ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၆၂၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က ၄၄၉၈ တန် တင်ပို့ခဲ့ရာ ယခုတစ်ပတ်မှာ ၂၉၁၆ တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ဝ၈၅ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၆၉၀၁ တန်ကျော် တင်ပို့ခဲ့ရာ ရုရှားနိုင်ငံသို့ ဧည့်မထဆန် ၆၇၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်တန် ၆၁၀၊ စင်္ကာပူနိုင်ငံသို့ ဧည့်မထဆန် ၁၂၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်၊အာဖဂန်နစ္စတန်နိုင်ငံသို့ဧည့်မထဆန်၁၂၇၅တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၅၀၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၉၄၅ တန်ကျော်၊ မနောသုခ ဆန် ၉၆ တန်နဲ့ ပေါင်းဆန်တန်ချိန် ၃၀၀ တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၁၅၃၂၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်တင်ပို့မှု ၈၄၁၉ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှအမေရိကန်ဒေါ်လာ ၂ ဒသမ ၄၆၅ သန်း တန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၁၀၀၀၀ ကို တင်ပို့ခဲ့ရာ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၁၅၀၊ အင်ဒိုရာနိုင်ငံသို့ တန်ချိန် ၄၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၃၈၀၀၊ စင်ကာပူနိုင်ငံသို့တန်ချိန် ၅၀၊ အီးယူနိုင်ငံများသို့တန်ချိန် ၅၀၅၀ နဲ့ ဈေးကွက်သစ်အဖြစ် ဆီနီဂေါ နိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၅၀၀တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၁၃၉၄၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၃၉၄၄တန် လျော့ကျခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှု လျော့ကျသော်လည်း အာဖရိကနိုင်ငံဖြစ်တဲ့ ဆီနီဂေါနိုင်ငံသို့ ဈေးကွက်သစ်အဖြစ် တင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ကယားပြည်နယ်သို့ ဇွန်လအတွင်းဆန်စီးဝင်မှု ယခင်လထက်ပိုမိုများပြားလာ

ကယားပြည်နယ်အတွင်းသို့ အခြားမြို့နယ်များမှ ဆန်များပုံမှန်တင်သွင်းလျက်ရှိရာ မေလအတွင်းတွင် ဆန်အိတ်ပေါင်း ၁၄၅၁၅ အိတ် တန်ချိန်အားဖြင့် ၇၂၉ တန် တင်သွင်းလာပြီး ဇွန်လ ပထမပတ်မှ တတိယပတ်အထိ ဆန်အိတ်ပေါင်း ၂၂၃၇၅ အိတ် တန်ချိန်အားဖြင့် ၁၁၂၃ တန်အထိ တင်သွင်းခဲ့ရာ ယခင်မေလထက် ဆန်တန်ချိန်ပိုမိုတင်သွင်းလာကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါသည်။

ဇွန်လပထမပတ်မှ တတိယပတ်အတွင်း ရန်ကုန်မြို့မှဆန် ၁၁၃၃၅ အိတ်၊ မန္တလေးမြို့မှဆန် ၃၉၆၀အိတ်၊ ရွှေဘိုမြို့မှ ၇၀၈၀ အိတ်စုစုပေါင်း ၂၂၃၇၅အိတ်၊ တန်ချိန်အားဖြင့် ၁၁၂၃ တန်ရှိရာ တစ်ရက်လျှင်ဆန် ၃၇ တန်ခန့်တင်သွင်းလာပြီး အခြားမြို့များသို့ ဆန်တင်ပို့ရာတွင်လည်း ဆန်အိတ်ပေါင်း ၂၂၅၀ အိတ်၊ တန်ချိန်အားဖြင့် ၁၁၃ တန်ခန့် တင်ပို့ကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၄၅၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၉၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀၊ ဧည့်မထ(ဒေသ)ဆန် တစ်အိတ်လျှင် ကျပ်၃၂၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၃၅၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၁၉၅၀၀၊ တစ်ပြည်လျှင် ကျပ် ၈၅၀ ရှိပြီး စပါးတင်း ၁၀၀ လျှင် ကျပ် ၇၅၀၀၀၀ ဈေးပေါက်လျက်ကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရသိရှိရပါတယ်။

**ထွန်းနိုင်လင်း (လွိုင်ကော်)**

# ဆန်ချောဈေးငြိမ်ပြီး ဧည့်မထဆန်အရောင်းသွက်လို့ ဈေးအနည်းငယ်တက်

ယခုရက်သတ္တပတ်အတွင်း ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောပုံမှန်သာအရောင်းအဝယ်ရှိတဲ့အတွက် ဈေးငြိမ်ပြီး ဧည့်မထဆန်ကတော့ ပင်လယ်ရေကြောင်း အိတ်စပို့အတွက် အဝယ်များခြင်းကြောင့် ဈေးအနည်းငယ်တက်ပါတယ်။

ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၄၅၀၀၊ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၆၅၀၀၊ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၄၂၀၀၀ မှ ကျပ် ၄၄၀၀၀ အထိဖြစ်ပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။ ဆန်ချောအဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ပဲရှိနေတယ်လို့ သိရပါတယ်။

ပင်လယ်ရေကြောင်း အိတ်စပို့အဆွဲများတဲ့အတွက် ဧည့်မထဆန်တစ်အိတ်ကို ကျပ် ၃၀၀ မှ ကျပ် ၅၀၀ အထိဈေးတက်ပြီး ကျန်အမျိုးအစားများကတော့ ဈေးငြိမ်နေပါတယ်။ ဧည့်မထဆန်ထိပ်စ တစ်အိတ်ကျပ် ၁၉၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၁၇၅၀၀၊ နှွေသီးထပ်ရှယ်တစ်အိတ်ကျပ် ၁၈၀၀၀မှ ကျပ် ၁၉၀၀၀၊နှွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၁၉၅၀၀ မှကျပ် ၂၁၀၀၀၊ မနောသုခတစ်အိတ်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ အိတ်စပို့ ၂၅ မှတ် တစ်အိတ်ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၃၀၀ ဖြစ်ပါတယ်။ ဆန်အဝင်ပုံမှန်ရှိပြီး ဧည့်မထဆန် အရောင်းသွက်တယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထ ၅မှတ် မော်ဘီတစ်အိတ် ၁၃၂ ယွမ်မှ ၁၃၅ ယွမ်ဖြစ်ပြီး တစ်အိတ်ကို နှစ်ယွမ်ခန့် ဈေးတက်ပါတယ်။ ကျန်အမျိုးအစားများမှာ ပုံမှန်ရှိနေပြီးဈေးငြိမ်နေကြောင်း သိရပါတယ်။ ဧည့်မထ ၅ မှတ် စူပါတစ်အိတ် ၁၃၂ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၂၈ ယွမ်မှ ၁၂၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ မနောသုခ ၁၅ မှတ်တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၂ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၀ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၃ ယွမ်မှ ၁၁၅ ယွမ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ ၁၃၆၀၈ တန်ရှိပါတယ်။ ယခင်တစ်ပတ်ထက် ဆန်အဝင် တန် ၃၈၀၀ ကျော်ပိုမိုပြီး ယခုတစ်ပတ် ဆန်အရောင်းအဝယ်ပြန်ကောင်းလာတယ်လို့ သိရပါတယ်။ ဇွန် ၂၉ ရက်ငွေလဲနှုန်းအရ တစ်ယွမ်လျှင် ၁၉၆ ဒသမ ၈၅ ကျပ်ဈေးပေါက်တယ်လို့သိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၈-၆-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၇၆ | ၄၇၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၆၁ | ၄၅၅ | ▽ | ၄၀၀ | ၄၁၀ | △ | ၄၀၀ | ၄၁၅ | △ | ၄၃၄ | ၄၃၄ | □ |
| ဆန်ဖြူ ၁၀% | ၄၅၁ | ၄၄၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၅ | ၄၄၀ | ▽ | ၃၇၅ | ၃၉၅ | △ | - | - | - | ၄၂၂ | ၄၂၂ | □ |
| ဆန်ဖြူ ၂၅% | ၄၃၁ | ၄၂၇ | ▽ | ၃၇၅ | ၃၇၅ | △ | ၃၇၀ | ၃၆၅ | ▽ | ၃၇၅ | ၃၇၅ | □ |
| ပေါင်းဆန် | ၄၉၃ | ၄၇၅ | ▽ | - | - | - | ၄၂၀ | ၄၂၅ | △ | ၄၂၅ | ၄၂၅ | □ |

***Source: thairiceexporters***

# ပြည်တွင်းမြို့ကြီးများ၏ (၃၀-၆-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၅၃၂ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၂၀၀၀၀ | □ | ၇၅၄၀ | ▽ | ၃၅၅၀၀ | □ |
| ပဲခူး | ၄၃၀၀ | □ | ၁၈၀၀၀ | □ | ၆၅၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | ▽ | ၂၆၀၀၀ | △ | ၁၂၀၀၀ | □ | ၄၀၀၀၀ | △ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၈၀ | □ | ၁၆၈၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လွိုင်ကော် | ၇၄၀၀ | □ | ၃၂၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၄၅၀၀ | △ | ၁၈၅၀၀ | □ | - | - | ၃၈၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၃-၆-၂၀၁၇ မှ ၃၀-၆-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 697 | 41,730,784.215 |
| 2 | Form D | 85 | 4,094,101.660 |
| 3 | Form E | 98 | 3,179,330.400 |
| 4 | Korea GSP | 7 | 237,806.000 |
| 5 | Form AK | 81 | 5,209,965.951 |
| 6 | Form AJ | 7 | 1,018,469.720 |
| 7 | Form AI | 82 | 3,664,685.530 |
| 8 | Form AANZ | 11 | 146,668.680 |
| 9 | Form DFTP | 1 | 58,464.000 |
| **Grand Total** | | **1069** | **59,340,276.156** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၆-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၃/၆ | ၃၀/၆ | ပြောင်းလဲမှု | ၂၃/၆ | ၃၀/၆ | ပြောင်းလဲမှု | ၂၃/၆ | ၃၀/၆ | ပြောင်းလဲမှု | ၂၃/၆ | ၃၀/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၆၈ | ၁၄၁၂ | ▲ | ၁၃၆၇ | ၁၄၁၇ | ▲ | ၁၄၃၅ | ၁၄၂၅ | ▼ | ၁၃၉၀ | ၁၄၁၀ | ▲ |
| ပဲစင်းငုံ | ၉၆၃ | ၁၀၂၇ | ▲ | ၉၀၀ | ၉၆၇ | ▲ | ၉၂၅ | ၉၉၀ | ▲ | ၉၁၅ | ၉၆၅ | ▲ |
| ပဲတီစိမ်း | ၁၄၀၀ | ၁၄၆၅ | ▲ | ၂၀၄၄ | ၂၀၄၄ | ■ | ၁၇၉၅ | ၁၉၂၂ | ▲ | ၂၀၀၀ | ၁၅၈၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၆၅၀ | ■ | ၂၂၁၄ | ၂၂၃၁ | ▲ | ၂၃၃၁ | ၂၃၄၇ | ▲ | ၁၉၇၅ | ၁၉၅၀ | ▼ |
| ပဲလွန်းဖြူ | ၁၄၃၀ | ၁၄၆၅ | ▲ | ၁၅၈၃ | ၁၅၈၃ | ■ | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၁၆၈၉ | ၁၆၈၉ | ■ | - | - | - | ၁၄၂၀ | ၁၅၈၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃၀-၆-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၃/၆ | ၃၀/၆ | ပြောင်းလဲမှု | ၂၃/၆ | ၂၉/၆ | ပြောင်းလဲမှု | ၂၃/၆ | ၂၉/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၄၀ | ၆၄၀ | ■ | ၇၀၅ | ၇၀၆ | ▲ | ၆၉၇ | ၆၉၈ | ▲ |
| ပဲစင်းငုံ | ၄၄၀ | ၄၆၀ | ▲ | ၅၁၅ | ၅၄၇ | ▲ | ၅၅၈ | ၅၈၆ | ▲ |
| ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | - | - | - | ၆၈၂ | ၆၉၈ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၀၀ | ■ | ၈၀၅ | ၈၅၃ | ▲ | ၇၉၀ | ၈၃၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၁၇.၆.၁၇)ထိ | (၂၄.၆.၁၇)ထိ | (၂၄.၆.၁၇) ထိ |
| မတ်ပဲ | ၂၅၂၃၂၈ | ၁၀၅၉၂ | ၂၆၂၉၂၀ |
| ပဲတီစိမ်း | ၈၈၄၄၄ | ၂၇၅၉ | ၉၁၂၀၃ |
| ပဲစင်းငုံ | ၁၅၀၄၄၉ | ၄၆၀၁ | ၁၅၅၀၅၀ |
| ကုလားပဲ | ၂၉၃၅၇ | ၅၇၉ | ၂၉၉၃၆ |
| ပဲလွန်းဖြူ | ၁၁၄၀၉ | ၁၂၅ | ၁၁၅၃၄ |
| မြေထောက်ပဲ | ၇၆၄၉ | ၂၈ | ၇၆၇၇ |

## ဝယ်လက်များအဝယ်ပြန်လိုက်လာလို့ ပြည်ပဲဆန်ဈေးကွက်ဈေးပြန်မြင့်လာ

ယခုတစ်ပတ်တွင် မြေပဲဆန်ဈေးမှာ ရန်ကုန်လိုင်းသမားများက ဝယ်ယူသဖြင့် ဈေးပြန်မြင့်တက်လာတာတွေ့ရပါတယ်။ ရခိုင်ဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် ဝင်ရောက်မှုရှိနေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်တာတွေ့ရပါတယ်။ ဆီစက်သမားများကလည်း လုံးဆန်ရွေးကျများကို ဆီကြိတ်ရန် ဝယ်ယူနေခြင်း၊ ရွေးဆန်(အဖြူ) ကို ရန်ကုန်ဝယ်လက်များက ပြည်ပသို့တင်ပို့ရန် ဝယ်ယူခြင်းနှင့် ရွေးဆန်(အနီ) ကို ပဲလှော်သမားများက ဝယ်ယူနေသဖြင့် ဈေးမှာ ယခင်တစ်ပတ်ကထက်မြင့်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၁၉၅၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀နှင့် လုံးဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။ **ဝေဝေမင်း**

## ပြည်ပဲကြီးလက်ကျန် ဈေးအမြင့်ဆုံးနဲ့ နေ့စဉ်အရောင်းအဝယ်ဖြစ်

ဇွန်လကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပဲအဝင်မရှိပေမယ့် ပဲလက်ကျန်များနဲ့ အရောင်းအဝယ်နေ့စဉ်ဖြစ်နေတဲ့ပဲကတော့ ပဲကြီးသီးနှံ ဖြစ်ပါတယ်။ ဈေးကွက်အတွင်းမှာ မတ်ပဲ၊ ပဲစင်းငုံ စသည့်ပြည်ပဝယ်လိုအားရှိတဲ့ ပဲများထက် ဈေးကောင်းခဲ့သလို ပြည်တွင်းဝယ်လက်များ အဝယ်လိုက်တဲ့ ကုလားပဲ၊ ဘိုကိတ်စသည့်ပဲများထက်လည်း ဈေးကောင်းခဲ့တာကြောင့် ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။ ပဲကြော်ဖိုသမားများ နေ့စဉ်အဝယ်ရှိပြီး ကမ်နားပဲထက် ရွှေကျွန်းပဲက အရောင်းအဝယ် ပိုဖြစ်ခဲ့ကာ ရွှေကျွန်း တစ်တင်းကျပ် ၄၅၀၀၀၊ ကမ်းနားတစ်တင်းကျပ်၄၃၀၀၀ဖြင့်ဈေးအမြင့်အတိုင်း ဈေးငြိမ်လျက်ရှိကြောင်းသိရပါတယ်။**ခင်ဆွေဝင်း**

## ဇွန်လကုန်ပတ် ပြည်ပဝယ်လက်ပဲများ ဈေးငြိမ်နေပြီး ပဲတီစိမ်းသီးနှံ မျိုးပဲအဝယ်ရှိလို့ ဈေးကောင်းရ


ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်တွင် ဇွန်လကုန်ပတ်အတွင်း ပြည်တွင်း၊ ပြည်ပအရောင်းအဝယ်ဖြစ်လျက်ရှိတဲ့ ပဲများအားလုံး ဈေးမြင့်တက်လာခြင်းမျိုးမရှိဘဲ ပဲတော်တော်များများ ဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ ရန်ကုန်ဝယ်လက် အဝယ်ရှိပေမယ့်အရောင်းနည်းတာကြောင့် ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲသီးနှံမှာ ပဲဈေးနှုန်းအေးနေတဲ့အတွက် လက်ဝယ်ရှိသူတောင်သူများကလည်း ရောင်းချမှုမရှိတာကြောင့် ပဲဝင်ရောက်မှု သိပ်မရှိဘဲ လက်ကျန်ပဲများသာ ဝယ်လိုအားရှိသလောက် ရောင်းချနေကြရတယ်လို့ သိရပါတယ်။ ဒါကြောင့် အရောင်းအဝယ်ဖြစ်တဲ့ရက်မှာ အိတ် ၂၀၀ ကျော် ၃၀၀ရောင်းချခဲ့ရပြီး ပဲဈေးမှာတစ်တင်းကျပ် ၂၈၀၀၀ ဖြင့် ယခုလအတွင်း အကျဈေးအတိုင်း ဈေးငြိမ်နေခဲ့တာကိုလည်း တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ မျိုးပဲအဝယ်ရှိမှုအပေါ် အိတ်အနည်းငယ် ရောင်းချရခဲ့ပြီး တစ်တင်းကျပ် ၃၅၀၀၀မှ ကျပ် ၄၀၀၀၀ အကြား အရည်အသွေးကိုလိုက်၍ ဈေးရခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းသီးနှံ၏မျိုးပဲဈေးမှာ ယခုအချိန်တွင် မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးကောင်းရလျက်ရှိလို့ ပဲသစ်ပေါ်လာချိန်တွင် ဈေးဆက်ကောင်းလာမလား မျှော်လင့်ကာ ပဲစိုက်တောင်သူများ စိုက်ပျိုးနေကြပြီဖြစ်တယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ လက်ကျန်ရောင်းဝယ်မှုအနေဖြင့် အိတ် ၁၀၀-၂၀၀ ကျော် ရန်ကုန်ဝယ်လက် ရက်ခြားဝယ်ယူမှုအပေါ် ရောင်းချခဲ့ရပြီး ပဲဈေးနှုန်းကတော့ တစ်တင်းကျပ် ၁၉၃၀၀ ဖြင့် ကျပ်နှစ်သောင်းအောက် လျော့နည်းနေခဲ့လို့ ယခင်နှစ်ထက် တစ်တင်းလျှင် ကျပ်သုံးသောင်းခန့်လျော့နည်းသွားခဲ့ကြောင်း သိရပါတယ်။ ယခုနှစ်အတွင်း ပြည်ပဝယ်လက်ပဲများ ဈေးအေးတဲ့နှစ်ဖြစ်တာကိုလည်း တွေ့ရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများကတော့ ယခုနှစ်တွင် ကုလားပဲနှင့် ပဲကြီးသီးနှံများဈေးကောင်းရခဲ့ပါတယ်။ ကုလားပဲသီးနှံမှာ ပဲအဝင်ပါးသော်လည်း လက်ကျန်ပဲများလည်းရှိတဲ့အတွက် ခွဲစက်သမားများ နေ့တိုင်းဝယ်လိုအားရှိမှုအပေါ် အိတ် ၂၀၀-၃၀၀ ကျော်ရောင်းချခဲ့ကြရသလို ပဲဈေးမှာ တစ်တင်းကျပ် ၃၉၀၀၀ ဖြင့် ဈေးငြိမ်နေပေမယ့် မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးကောင်းရလျက်ရှိတာကြောင့် ယခုနှစ် ပဲစိုက်တောင်သူရော လှောင်လက်သမားပါ အကျိုးအမြတ်ပိုခဲ့တာကိုတွေ့ရပါတယ်။

လက်လီပဲ ဈေးကွက်အတွင်းမှာတော့ မတ်ပဲ၊ စားတော်ပဲ၊ ပဲပုပ်သီးနှံများမှာ ဈေးငြိမ်နေတယ်ဆိုသော်လည်း ယခုနှစ် ပဲဈေးနှုန်း ဖြစ်ပေါ်မှုအခြေအနေအရ ဈေးကောင်းရနေတာကို တွေ့ရပါတယ်။ ထောပတ်ပဲသီးနှံမှာ တစ်တင်းကျပ် ၃၂၀၀၀၊ စားတော်ပဲသီးနှံမှာ တစ်တင်းကျပ် ၄၃၀၀၀၊ ပဲပုပ်သီးနှံမှာ တစ်တင်းကျပ် ၂၆၅၀၀ ဖြင့် နေ့စဉ်လက်လီဝယ်ယူသူများနှင့် အိတ်အနည်းငယ်ရောင်းချခဲ့ကြရကြောင်း သိရပါတယ်။ ယခင်နှစ်က ယင်းပဲများမှာ စားတော်ပဲသီးနှံကလွဲပြီး ထောက်ပတ်ပဲနဲ့ ပဲပုပ်သီးနှံမှာ ယခုနှစ်ဈေးထက် လျော့နည်းခဲ့လို့ ထောပတ်ပဲသီးနှံမှာ တစ်တင်းကျပ် ၁၅၀၀၀၊ ပဲပုပ်သီးနှံမှာ တစ်တင်းကျပ် ၂၁၀၀၀ခန့်စီသာ ရောင်းဝယ်ခဲ့ကြရပါတယ်။ စားတော်ပဲသီးနှံမှာ တစ်တင်းကျပ် ၃၇၅၀၀ ခန့်ရရှိခဲ့လို့ ယခင်နှစ်ထက် ကျပ်ငါးထောင်ခန့် လျော့နည်းခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ယခုနှစ် ပဲဈေးနှုန်းများအရ ပြည်ပဝယ်လက်ပဲများထက် ပြည်တွင်းဝယ်လက် ပဲအချို့က ဈေးပိုရခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**



## ယခင်နှစ်ထက် ဈေးပိုရသော်လည်း ပြည်ပဲလွန်းဖြူ လက်လီသာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း ပဲလက်ကျန် အနည်းငယ်ဖြင့် လက်လီသမားများနဲ့ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့လို့ အိတ်အနည်းငယ်ရောင်းချနိုင်တဲ့ ပဲလွန်းဖြူသီးနှံဟာ အခြားလက်လီရောင်းဝယ်မှုဖြစ်တဲ့ ပဲများထက် ဈေးကောင်းတယ်လို့သိရပြီး တစ်တင်းလျှင် ကျပ် ၂၉၅၀၀မှ ကျပ် ၃၀၀၀၀ အတွင်းရရှိခဲ့ကြတာကို တွေ့ရပါတယ်။ ပဲအထွက်လှိုင်ချိန်ကာလများက လက်လီလက်ကား ရောင်းဝယ်မှုရှိတာကြောင့် ရန်ကုန်ဝယ်လက်များက ဝယ်ယူကြသော်လည်း ယခုလို မိုးတွင်းကာလများတွင် ပဲအဝင်မရှိတော့သလို လက်ကျန်လှောင်ပဲများသာ ရှိတဲ့ အတွက် အရောင်းအဝယ်လည်းအေးကာ လက်လီသာ ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခင်နှစ် ဇွန်လအတွင်းက တစ်တင်းကျပ် ၂၃၀၀၀ ရရှိခဲ့လို့ ယခုနှစ်မှာ ယခင်နှစ်ထက် ဈေးကောင်းရခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

## လက်လီပဲဈေးကွက်အတွင်း ပြည်ဘိုကိတ် ဈေးအနိမ့်နဲ့အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်ရဲ့ လက်လီပဲဈေးကွက်အတွင်း နေ့စဉ်ပုံမှန် အရောင်းအဝယ် ဖြစ်နေတဲ့ ပဲတစ်မျိုးဖြစ်သည့် ဘိုကိတ်ပဲသီးနှံဟာ တစ်တင်းကျပ် ၂၁၀၀၀ ဖြင့် ယခင်တစ်ပတ်က ဈေးအတိုင်း ဈေးဆက်ငြိမ်နေခဲ့ပြီး နေ့စဉ်အိတ်အနည်းငယ် အရောင်း အဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ်အတွင်း ဘိုကိတ်ပဲသီးနှံဟာ ဈေးအေးတဲ့သီးနှံထဲမှာ ပါဝင်နေလို့ ကျပ်နှစ်သောင်းပတ်ဝန်းကျင်သာရရှိခဲ့ပြီး လက်လီပဲ ဈေးကွက်အတွင်းမှာ ဈေးအနိမ့်ဆုံးရရှိခဲ့ကာ ယခင်နှစ် ဇွန်လအတွင်းက အရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ဈေးလျော့နည်းခဲ့ပါတယ်။ ယခင်နှစ်က ဇွန်လအတွင်း ဘိုကိတ်ပဲသီးနှံဟာ တစ်တင်းကျပ် ၂၃၀၀၀ မှကျပ် ၂၄၀၀၀ အတွင်းရရှိခဲ့တယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**

## ဇွန်တစ်လလုံး ပြည်ပဲနီပြား ဈေးငြိမ်

ဇွန်လကုန်ပတ် ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း ပဲနီပြားသီးနှံကဈေးငြိမ်နေပြီး လက်လီအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ လက်ကျန်ပဲ အနည်းငယ်သာရှိတဲ့အတွက် လက်လီသမား ဝယ်ယူမှုအပေါ် အိတ်အနည်းငယ် ရောင်းချနိုင်ခဲ့ပြီး ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၅၀၀၀ဖြင့် ဇွန်လတစ်လလုံး ဈေးငြိမ်နေခဲ့တဲ့အတွက် လက်လီပဲဈေးကွက်မှာဘိုကိတ်ပဲသီးနှံထက် ဈေးပိုရခဲ့ပြီး ကျန်လက်လီရောင်းဝယ်မှု ဖြစ်တဲ့ပဲများထက် ဈေးလျော့နည်းနေခဲ့ပါတယ်။ ယခင်နှစ် ဇွန်လအတွင်းရရှိခဲ့တဲ့ ပဲနီပြားသီးနှံဟာလည်း တစ်တင်းကျပ် ၂၅၀၀၀ ဖြစ်တဲ့အတွက် ယခုနှစ် ပဲနီပြားသီးနှံက ဈေးပိုရလာခြင်းမျိုးမတွေ့ရဘဲ ဈေးအေးနေတဲ့သီးနှံဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၉ . ၆ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | -TUG:HTOO NO (1) | အလုပ်မလုပ် |
| ထီးတန်းဆီဆိပ်ကမ်း | -MT.AIM | P.Oil(In Bulk ) 3950 ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း (၁) | -NINOS | ကုန်သေတ္တာ ၅၉၅ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း (၂) | -GSS YANGON | ကုန်သေတ္တာ ၇၄၉ ကုန်တင်ရန်ရှိ အလုပ်မလုပ် |
| အေးရှားဝေါ်လ်ဆိပ်ကမ်း (၁) | -MERATUS GORONTALO | ကုန်သေတ္တာ ၅၃၉ ကုန်တင်ရန်ရှိ |
| အေးရှားဝေါ်လ်ဆိပ်ကမ်း (၃) | - KOTA RATNA | ကုန်သေတ္တာ ၂၄၀ ကုန်တင်ရန်ရှိ |
| | - SINAR BANDA | ကုန်သေတ္တာ ၄၂၁ ကုန်ချရန်ရှိ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(၁) | - TRANG AN - 05 | သကြားတန် ၁၁၅၀၀ ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - VTC GLOBE | ဆန် ၁၇၅၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - SEA MERAY | ဆန် ၁၈၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - MARILIA | ဆန် ၂၁၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - TETON | ဆန် ၃၀၀၀၀တန် ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - HAN THAR | Fertilizer ၆၇၀၀ကုန်ချဆဲ |
| Myanmar Integrated Port Ltd | STAR GLOBE | Coal(In Bulk) ၂၉၈၅၀ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၁ ) | - SAN GIORGIO | ကုန်သေတ္တာ ၃၉၁ ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၂ ) | - VIKING CHANCE | Units Vehicle (RO/RO) ၁၄၄၈ တန် ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | -NIVIOS HORIZON | Steel& City Bus ၂၉၆၃၄ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | -EVER PROGRESS | Steel & G/C ၂၅၇၅၄ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | -AZURIT | Steel & Product ၃၁၁၁၂ တန်ကုန်ချဆဲ |
| နန်းသီတာဆိပ်ကမ်း | - | Kennal Oil တန် ၅၀၀ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ASIAN LEADER | Units Vehicle(RO/RO) ၇၂၆တန် ကုန်ချရန် | JAPAN | ၂၂.၆. ၂၀၁၇ |
| MV.WITHU KAMMA | Kennal Oil ၅၀၀ တန် ကုန်ချရန် | - | ၂၉.၆. ၂၀၁၇ |
| TUG:SINAR SEMINAR-1 | Fertilizer ၃၀၀၀ တန် ကုန်ချရန် | THAI To KAW THONG | ၃၀.၆. ၂၀၁၇ |
| SIGAP | Cement တန် ၈၀၀၀ ကုန်ချရန် | MALAYSIA (2) | ၃၀.၆. ၂၀၁၇ |
| MAJESTY | ဆန် ၂၅၀၀၀ တန်ကုန်တင်ရန် | W/AFRICA | ၃၀.၆. ၂၀၁၇ |
| ALIMERO | Steel တန် ၁၆၀၀၀ ကုန်ချရန် | CHINA | ၃၀.၆. ၂၀၁၇ |
| DA FU | Steel &G/C ၁၇၉၁ တန် ကုန်ချရန် | CHINA | ၂.၇. ၂၀၁၇ |
| MAN AUNG | Sugar ၇၀၀၀ တန် ကုန်ချရန် | THAILAND | ၂.၇. ၂၀၁၇ |
| CO CO GYUN | Locomotive& PARTS ၅၄၂ တန် ကုန်ချရန် | INDIA | ၂.၇. ၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ANAN BHUN | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၉.၆. ၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၀.၆. ၂၀၁၇ |
| NESHAT | SINGAPORE | သီလဝါဆိပ်ကမ်း | ၁.၇. ၂၀၁၇ |
| ARCA | SINGAPORE | သီလဝါဆိပ်ကမ်း | ၁.၇. ၂၀၁၇ |
| X-PRESS YAMUNA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၇. ၂၀၁၇ |
| BAGAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၇. ၂၀၁၇ |
| EVER ALLY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁.၇. ၂၀၁၇ |
| SINAR BATAM | SINGAPORE | အေးရှားဝေါ်လ်ဆိပ်ကမ်း | ၁.၇. ၂၀၁၇ |
| RATANA THIDA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁.၇. ၂၀၁၇ |
| FRISIA LAHN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂.၇. ၂၀၁၇ |
| MATHU BHUM | SINGAPORE | စက်မှုဆိပ်ကမ်း/သီလဝါ | ၂.၇. ၂၀၁၇ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါ်လ်ဆိပ်ကမ်း | ၂.၇. ၂၀၁၇ |
| MCC MERGUI | SINGAPORE | စက်မှုဆိပ်ကမ်း | ၃.၇. ၂၀၁၇ |
| KOTA HASIL | SINGAPORE | အေးရှားဝေါ်လ်ဆိပ်ကမ်း | ၃.၇. ၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN HERO | MOGAS 92 RON | - | ၃၀.၆. ၂၀၁၇ |
| MT.YURU | MOGAS 92 RON | - | ၃၀.၆. ၂၀၁၇ |
| MT.GAEA | ဒီဇယ်ဆီ | SINGAPORE | ၁.၇. ၂၀၁၇ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၁.၇. ၂၀၁၇ |
| MT.TEAM BEE | ဒီဇယ်ဆီ | SINGAPORE | ၁.၇. ၂၀၁၇ |
| MT.NILUFER SULTAN | ဒီဇယ်ဆ | SINGAPORE | ၁.၇. ၂၀၁၇ |
| MT.GOLRY STAR | MOGAS 92 RON | SINGAPORE | ၁.၇. ၂၀၁၇ |
| MT.CHAO ANOMA | P'Oil (In Bulk) | INDONESIA | ၁.၇. ၂၀၁၇ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၂.၇. ၂၀၁၇ |
| MT.GULHOL MEN | MOGAS 92 RON | SINGAPORE | ၃.၇. ၂၀၁၇ |

# ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာ့ဆန်တန်ချိန် ၂၅၀၀၀၀ ရောင်းချနိုင်ရေးအတွက် တင်ဒါပေးသွင်းနိုင်

ဖိလစ်ပိုင် အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့ (NFA) က ၂၅ မှတ် ဆန်တန်ချိန် ၂၅၀၀၀၀ အား အနိမ့်ဆုံးဈေးဖြင့် တင်ဒါတင်သွင်းနိုင်ကြောင်း သိရှိရသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်၍ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် ပင်လယ်ရေကြောင်းမှ ဆန်၊ ဆန်ကွဲတင်ပို့သည့် ကုမ္ပဏီများ ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇူလိုင် ၁ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်ဒါခေါ်ယူရေးကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံမှ ဆန်/ဆန်ကွဲတင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း တန်ချိန် ၆၃၀၀၀၀ တင်ပို့နိုင်ပြီး ပင်လယ်ရေကြောင်းမှ တန်ချိန် ၂၇၀၀၀၀၊ နယ်စပ်မှ တန်ချိန် ၃၆၀၀၀၀ တင်ပို့နိုင်ခဲ့သဖြင့် ပင်လယ်ရေကြောင်းမှ ၄၃ ရာခိုင်နှုန်း၊ နယ်စပ်မှ ၅၇ ရာခိုင်နှုန်း တင်ပို့ နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ထက် ဆန်/ ဆန်ကွဲ တန်ချိန် ၄၀၀၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိရ ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ တင်ဒါစနစ်ဖြင့် ဆန်တင်ပို့နိုင်မည်ဆိုပါက ဈေးကွက်သစ်များရရှိခြင်း မြန်မာ့လယ်ယာထွက်ကုန်များ ပြည်ပသို့ပိုမိုတင်ပို့နိုင်မည့် အလားအလာများ ရရှိနိုင်မည်ဖြစ်သဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်စပါးအသင်းချုပ်နှင့် ဆန်လုပ်ငန်းရှင်များအသင်းတို့အား အသိပေးပြီး ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်ဒါခေါ်ယူရေးကိစ္စအား ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ထပ်မံအကြောင်းကြားခဲ့သဖြင့် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်သွင်းနိုင်ရေးနှင့် ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံမှ သတ်မှတ်ထားသည့် SPECIFICATIONS အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| SPECIFICATIONS | |
|---|---|
| **Parameters** | **25% Broken** |
| Whole Kernels(min %) | 40.00 |
| Broken(max %) | 25.00 |
| Damaged Grains(max %) | 1.50 |
| Yellow/Discolored Grains(max%) | 1.50 |
| Chalky Kernels (max %) | 8.00 |
| Immature Kernels(max%) | 1.00 |
| Red Kernels(max %) | 5.00 |
| Foreign Matter(max %) | 0.20 |
| Weed Seeds and Other Crop Seeds (max.no.per 1,000g) | 35.00 |
| Paddy (max no per 1,000g) | 25.00 |
| Moisture Content(max%) | 14.00 |
| Size Of Brokens | <0.50 of the whole kernel or <8.2 mm in length |
| Milling Degree | Well Milled 2/ |

**ZMS**

# ဇွန်၊ စတုတ္ထပတ်မှာ မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက် ပဲစင်းငုံ ပေါက်ဈေး အနည်းငယ်မြင့်

ဇွန် စတုတ္ထပတ် မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ ပဲစင်းငုံသီးနှံပေါက်ဈေး အနည်းငယ်တက်လာ၍အရောင်းအဝယ် သွက်လာပါတယ်။ မတ်ပဲသီးနှံ ကတော့ဈေးအေးပြီး အရောင်းအဝယ်ကတော့ပုံမှန်ရှိနေပါတယ်။ ပဲတီစိမ်းသီးနှံကတော့ ဈေးအနည်းငယ်ကျဆင်းလျက်ရှိပြီး အရောင်းအဝယ်လည်းပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲစင်းငုံသီးနှံမှာ ရာသီကုန်ချိန်ဖြစ်တာကြောင့် လှောင်လက်သမားများနှင့်တောင်သူအချို့၏ လက်ထဲတွင် အနည်းငယ်သာရှိ၍ အဝင်လည်းအနည်းငယ်သာရှိကြောင်းသိရပါတယ်။ အဝယ် ကတော့ နေ့စဉ်ပုံမှန်ရှိပြီး ယခင်တစ်ပတ်က ကျပ် ၁၈၅၀၀ နှုန်းပေါက်ကာ ယခုတစ်ပတ်မှာ ကျပ် ၁၉၆၀၀ နှုန်းပေါက်လျက်ဈေးနှုန်းအနည်းငယ်ပြန်တက်လာလို့ နေ့စဉ် အိတ် ၁၅၀၀ ခန့် အရောင်းသွက်နေကြောင်း သိရပါတယ်။ မတ်ပဲသီးနှံမှာမူယခင်တစ်ပတ်က တစ်တင်း ကျပ် ၂၈၇၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ပြီး ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၂၈၀၀၀ နှုန်းပေါက်ကာ ဈေးနှုန်းအနည်းငယ်ကျဆင်းပြီး နေ့စဉ်အိတ် ၅၀၀ မှ ၆၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုတစ်ပတ်အတွင်း ပဲတီစိမ်းသီးနှံဈေးကွက်မှာ ဈေးနှုန်းအတက်၊ အကျဖြစ်ပေါ် မှုရှိပြီး အရောင်း အဝယ်ကတော့ မန္တလေးဝယ်လက်ကဝယ်ယူလျက်ရှိကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးမှာ တစ်တင်း ကျပ် ၃၆၀၀၀ နှုန်းပေါက်ပြီး ယခင်နှစ် ကာလတူပေါက်ဈေးမှာ တစ်တင်း ကျပ် ၃၁၈၀၀ နှုန်းပေါက်တဲ့အတွက် ယခုနှစ်မှာ ဈေးအမြင့်နဲ့ အရောင်းအဝယ်အသွက်ဆုံးသီးနှံဖြစ်ကြောင်း သိရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲ၊ ပဲကြီး၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ဂျုံ၊ စီပီပြောင်း စသည့်သီးနှံများလည်း ဈေးနှုန်းအတက်၊ အကျအနည်းငယ်ရှိပြီး နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကုလားပဲမျိုးစုံ တစ်တင်းပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး $V_2$ ကျပ် ၄၀၈၀၀၊ ထိုင်ဝမ် ကျပ် ၃၇၃၀၀၊ 929 ကျပ် ၃၈၀၀၀နှုန်းပေါက်ပြီး နေ့စဉ် သုံးမျိုးပေါင်းအိတ် ၁၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်မှအဝယ်များပြီး 929 နှင့် ထိုင်ဝမ်ကို မုံရွာမြို့နယ် ကြာဆန်စက်၊ ပဲခွဲစက်များနှင့် မန္တလေးဝယ်လက်က ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၄၈၀၀၀၊ (သေး) ကျပ် ၄၂၀၀၀နဲ့ ပဲကြော်ဖိုသမားများ ဝယ်ယူလျက်ရှိလို့ နေ့စဉ်အိတ် ၁၅၀ခန့်၊ စွန်တာနီပဲတစ်တင်း ကျပ်၂၄၅၀၀နဲ့ အိတ်၁၀၀၊ ပဲနီလုံးကြား တစ်တင်း ကျပ် ၂၆၅၀၀နဲ့ အိတ် ၂၀၀ခန့်၊ ထောပတ်ပဲ တစ်တင်း ကျပ် ၂၇၀၀၀နဲ့ အိတ် ၂၀၀ ခန့်၊ မြေထောက်ပဲတစ်တင်း ကျပ် ၃၁၅၀၀ နဲ့ အိတ် ၁၀၀ခန့်၊ ဂျုံတစ်တင်း ကျပ် ၂၀၀၀၀ နဲ့ အိတ် ၃၀၀ ခန့်၊ စီပီပြောင်းတစ်တင်း ကျပ် ၈၈၀၀နဲ့အိတ် ၁၀၀၀ခန့် အသီးသီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန်ဈေးနှုန်းမှာ ယခုတစ်ပတ်မှာဈေးမြင့်တက်လာကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်ကဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်ကဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနှင့် ဘုတလင်၊ခင်မွန် ဆီစက်သမားများကဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန် တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ ကျပ် ၂၃၀၀နဲ့ အိတ်၇၀၀ခန့်၊ လုံးဆန်နီ ကျပ် ၂၂၅၀နဲ့ အိတ်၅၀၀ခန့်၊ ဆီဆန်ကျပ် ၁၈၅၀ နဲ့အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်မှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ကြက်သွန်

### နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကြက်သွန်နီ ပိုမိုတင်ပို့

ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၄၉၆ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၁၁၄၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၄၆ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၆၉၉ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၇၀၉၂ တန်ဖိုးရှိ ကြက်သွန်နီ တန်၄၀ကိုလည်းကောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၈၃၆၇ တန်ဖိုးရှိ ကြက်သွန်နီ ၇၅ တန်ကိုလည်းကောင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က မြဝတီမှ တင်ပို့ခဲ့တဲ့ ၂၄ တန်၊ တာချီလိတ်မှ တင်ပို့ခဲ့တဲ့ ၂၈ တန်တို့နဲ့ နှိုင်းယှဉ်ပါက မြဝတီမှ ၁၆ တန်၊ တာချီလိတ်မှ ၄၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ကြက်သွန်နီဈေးမှာ ပြီးခဲ့တဲ့လပိုင်းအထိ တစ်ပိဿာ ကျပ် ၇၀၀၊ ၈၀၀ ရှိရာမှ ယခုရက်ပိုင်းတွင် တစ်ပိဿာ ကျပ် ၁၂၀၀အထိ ဈေးမြင့်တက်လာကြောင်း၊ ကြက်သွန်နီဈေးမှာ ကြက်သွန်အသစ်ထွက်မှဈေး ပြန်လည်ကျဆင်းလာနိုင်ကြောင်း မင်းဘူးဒေသရှိကြက်သွန်စိုက်တောင်သူများထံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ဈေးကောင်းပြီး အရောင်းအဝယ်အေးနေတဲ့ ပြည်ကြက်သွန်နီဈေးကွက်

ပြည်ဈေးကွက်ရဲ့ ကြက်သွန်နီသီးနှံအနေနဲ့ ယခုတစ်ပတ်တွင်လည်း ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းမပြောင်းလဲဘဲ ဈေးကောင်းရလျက်ရှိပါတယ်။ ပခုက္ကူ ရေနံချောင်း၊ ဆိပ်ဖြူ တောင်တွင်း စသည့်နယ်များမှ ကြက်သွန်နီများ နေ့စဉ်ပိဿာချိန် ၆၅၀၀ ခန့်ပုံမှန်ဝင်ရောက်မှု ရှိပေမယ့် အရောင်းအဝယ်အေးနေတဲ့အတွက် ဈေးကွက်အတွင်း ပစ္စည်းလက်ကျန်များနေကြောင်း သိရပါတယ်။ ပုံမှန် ကာလတူအချိန်ထက် ယခုလက်ရှိကာလရဲ့ ကြက်သွန်နီဈေးမြင့်တက်နေတဲ့ အတွက် ဝယ်ယူမှုအားနည်းနေခြင်းဖြစ်ပြီး ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကိုဝယ်ယူမှုရဲ့ သုံးပုံတစ်ပုံသာ အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။ ကြက်သွန်နီ အဓိက စိုက်ပျိုးသည့်ဒေသများမှာပင် ဈေးနှုန်းမြင့်မားနေတဲ့အတွက် အိန္ဒိယနိုင်ငံဘက်မှ ကြက်သွန်နီ တစ်ပိဿာလျှင်ကျပ် ၆၀၀ ဈေးသာရှိသဖြင့် ဝင်ရောက်လာပါက ဈေးနှုန်းများကျဆင်းလာဖွယ်ရှိကြောင်း ပွဲရုံလုပ်ငန်းရှင် များ၏ ပြောကြားချက်အရ သိရပါတယ်။ ပြည်ဈေးကွက်ရဲ့ဈေးနှုန်းများအနေဖြင့် ပွဲရုံလက္ကားတစ်ပိဿာလျှင်(ကြီး/လတ်) ကျပ်၁၂၀၀-၁၂၅၀-၁၃၀၀-၁၃၅၀၊(အသေးစ) ကျပ်၁၀၀၀-၁၁၀၀-၁၁၅၀ ကျပ်တို့ရှိပြီး လက်လီဈေး အသေးများတွင် (ကြီး/ လတ်) ကျပ် ၁၃၀၀-၁၄၀၀-၁၅၀၀-၁၆၀၀၊ (အသေးစ) ကျပ် ၁၁၀၀-၁၂၀၀ ဈေးဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

### ဇွန် စတုတ္ထပတ်မှာ မုံရွာကြက်သွန်နီဈေးကွက် ဈေးအနည်းငယ်ကျဆင်း

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးကွက်မှာ ဈေးအနည်းငယ်ကျဆင်းပြီး အရောင်းအဝယ်လည်းအေးနေကြောင်း ကြက်သွန်နီကုန်သည်တစ်ဦးထံမှ သိရပါတယ်။ ပွဲရုံသို့ ကြက်သွန်နီများပိဿာတစ်သောင်းကျော်အဝင်ရှိပြီး နေ့စဉ်မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိပြီး ရန်ကုန်ဝယ်လက်ဆွဲအားနည်းတဲ့အတွက် အရောင်းအဝယ်အေးနေပြီး လက်လီများဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ် ပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ(ကြီး)ကျပ်၁၁၀၀၊ (လတ်)ကျပ်၁၀၀၀၊ (သေး) ၉၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိသာ ပေါက်ဈေးနှုန်းမှာ(ကြီး)ကျပ်၁၃၀၀၊ (လတ်) ကျပ် ၁၂၀၀၊ (သေး) ကျပ် ၁၁၀၀ နှုန်းနဲ့ ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်က လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၂၀၀၊ (လတ်) ကျပ် ၁၁၀၀၊ (သေး) ၁၀၀၀နှုန်းပေါက်လျက်ရှိပြီးလက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၄၀၀၊ (လတ်) ကျပ် ၁၃၀၀၊ (သေး) ကျပ် ၁၂၀၀ နှုန်းပေါက်လို့ ယခုတစ်ပတ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ဈေးနှုန်းအနည်းငယ်ကျဆင်းလာကြောင်း တွေ့ရပါတယ်။

ကြက်သွန်ဖြူဈေးကွက်တွင် ပွဲရုံသို့ နေ့စဉ် ကြက်သွန်ဖြူပိဿာ ၁၀၀၀ခန့်အဝင်ရှိပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ် ပုံမှန်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာ ပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀ နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ )**

## ချင်း

### ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ချင်းလျော့နည်းတင်ပို့

ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၅၆၅၅ တန်ဖိုးရှိ ချင်းစို တန် ၅၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ စစ်တွေမှ ၉ တန်၊ မောင်တောမှ ၄၁ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က စစ်တွေမှ ချင်းတင်ပို့မှုမရှိပေမယ့် မောင်တောမှ ၉၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်း ၄၄ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ စစ်တွေမှာ ချင်းတစ်တန်ကို မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ၁၀၃၁၆၂၄ ကျပ်ရှိပြီး ယခင်နှစ်ကာလတူ ၂၀၁၆ ဇွန် ၁၅ ရက်က စစ်တွေမှ ချင်းတစ်တန် ဈေး ၈၈၈၈၉၆ ကျပ် ဈေးရှိခဲ့တယ်လို့ သိရပါတယ်။



**မော်မော်အောင်**

### ပင်လယ်ရေကြောင်းမှ ချင်းတင်ပို့မှုလျော့ကျ

ဇွန်လ ၁၈ရက်မှ ၂၄ရက်အထိ သီတင်းပတ်အတွင်း ချင်း၁၀တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၂၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၀ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၈၅၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၆ခု ဇွန်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း ချင်းတင်ပို့မှု မရှိခဲ့ဘူးလို့ သက်ဆိုင်ရာဌာနများမှ သတင်းရရှိခဲ့ပါတယ်။

**သီတာဝင်း**(DOT)

## မြေပဲဆန်

### မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်ဈေးနှုန်း အနည်းမြင့်တက်

မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲဆန်ဈေးနှုန်းမှာ ဆက်တိုက်ကျဆင်းနေရာမှ ယခုတစ်ပတ်မှာအနည်းငယ်ပြန်လည် မြင့်တက်လာပြီး အရောင်း အဝယ်လည်းသွက်လာကြောင်းသိရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ မြေပဲဆန် အိတ် ၁၅၀၀ခန့် နေ့စဉ် ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ် မြေပဲဆန်တစ်ပိဿာပေါက် ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ်၂၃၀၀ နဲ့ အိတ်၇၀၀၊ (လုံးဆန်နီ)ကျပ်၂၂၅၀နဲ့ အိတ်၅၀၀၊ (ဆီဆန်) ကျပ် ၁၈၅၀နဲ့ အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်ကဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနှင့်ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မြေပဲဆန်ပေါက်ဈေးနှုန်းမှာ လုံးဆန်ဖြူ တစ်ပိဿာ ကျပ် ၂၁၅၀၊ လုံးဆန်နီ တစ်ပိဿာ ကျပ် ၂၀၅၀၊ ဆီဆန် တစ်ပိဿာ ကျပ်၁၈၅၀နှုန်းပေါက်ကာ ယခုတစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေး အနည်းငယ်တက်လာကြောင်းသိရတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## နှမ်းသီးနှံ

### မုံရွာကုန်စည်ဒိုင် နှမ်းသီးနှံဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာကုန်စည်ဒိုင်သို့ ဆီထွက်သီးနှံဖြစ်သော နှမ်းသစ်များ ဇွန်လဆန်းမှစတင် ဝင်ရောက်လာပြီဖြစ်ကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ နှမ်းသစ် အိတ် ၁၀၀၀ ကျော် နေ့စဉ် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ကတော့ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မှာ နှမ်းဖြူတစ်ပိဿာ ၂၃၃၃ ကျပ်နှုန်းနဲ့ အိတ် ၃၀၀ခန့်၊ နှမ်းညိုတစ်ပိဿာ ၁၈၃၃ ကျပ်နှုန်းနဲ့ အိတ် ၅၀၀ခန့်၊ နှမ်းနက် တစ်ပိဿာ ၂၃၆၇ ကျပ်နှုန်းနဲ့ အိတ် ၃၀၀ ခန့် အသီးသီး အရောင်းအဝယ်ပုံမှန် ဖြစ်လျက်ရှိပြီး ယခင်နှစ်ကာလတူအချိန်ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခုနှစ် ပေါက်ဈေးနှုန်းက ဈေးမြင့်နေကြောင်း သိရပါတယ်။ နှမ်းအဖြူနဲ့ နှမ်းညိုကို မန္တလေး ဝယ်လက်က ဝယ်ယူပြီး နှမ်းညိုကို မြို့တွင်းဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## နနွင်း

### မူဆယ်မှ နနွင်းတက် လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၆၀၀၂ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၁၀၇ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၇၈ တန်နဲ့နှိုင်းယှဉ်ပါက တန် ၁၇၀ ကျော် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ၉၅၈၆၉၂ ကျပ်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၉၁၉၅၆၀ ဈေးရှိခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

### ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ နနွင်းပြန်လည်တင်ပို့

ဇွန်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း နနွင်း(ရှမ်းစ) ၃၇ ဒသမ ၉ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့တဲ့ နနွင်းက ဒီတစ်ပတ်မှ ပြန်လည် တင်ပို့ခြင်းဖြစ်တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၉၂၀ ကျော်ရရှိခဲ့တယ်လို့ သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၆ ဇွန်လ ၁၈ မှ ၂၄ ရက်အထိ သီတင်းပတ်မှာတော့ နနွင်းတစ်တန်ကို အမေရိကန်ဒေါ်လာ ၇၇၀ ကျော်သာရရှိခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီနှစ်မှာနနွင်းဈေးပိုမိုခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄၁၁၀ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## မန်ကျည်း

### ပင်လယ်ရေကြောင်းမှ မန်ကျည်းစေ့ တန် ၄၀၀ နီးပါး တင်ပို့

ဇွန်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၃၆၉ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၃၂၅ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၄၄ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တန်ချိန် ၁၀၀ တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၆၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၆၆၇၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

# ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် Sale Contract နှင့် Invoice ပါ ဈေးနှုန်းနှင့်တန်ဖိုးများအား မမှန်မကန်ဖြည့်သွင်းပါက အရေးယူဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ

## Sale Contract, Invoice ပါဈေးနှုန်းနှင့် တန်ဖိုးများအတိုင်း လိုင်စင်ခွင့်ပြုမှုများအတွက် တင်ပို့/တင်သွင်းခဲ့သည့် ဈေးနှုန်းများအား ပြန်လည်စိစစ်မည့် လုပ်ထုံးလုပ်နည်း

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပို့ကုန်သွင်းကုန်လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်းမပြုတော့ဘဲ ကုမ္ပဏီများမှ ဈေးနှုန်းနှင့် ကုန်ပစ္စည်းတန်ဖိုး မှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ တင်ပြလာသည့် Invoice နှင့် Sale Contract ပါဈေးနှုန်းနှင့် တန်ဖိုးများအတိုင်းသာ ပို့ကုန်သွင်းကုန်လိုင်စင်များကို ခွင့်ပြုပေးပြီးဖြစ်သည်။**

ကုမ္ပဏီများအနေဖြင့် Invoice နှင့် Sale Contract တို့အား အတုအပ ပြုလုပ်ခြင်း၊ Invoice နှင့် Sale Contract ပါအချက်အလက်များအား မမှန်မကန် ဖော်ပြခြင်း၊ တရားမဝင်ဆောင်ရွက်ခြင်း၊ Invoice နှင့် Sale Contract ပါ ဈေးနှုန်းနှင့် တန်ဖိုးများအား အခွန်တိမ်းရှောင်ရန် ရည်ရွယ်၍ မမှန်မကန် ဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိရပါက လိုင်စင်ခွင့်ပြုမှုအတွက် တင်ပို့/တင်သွင်းခဲ့သည့် ဈေးနှုန်းများအား ပြန်လည်စိစစ်မည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန်လ ၂၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၇ ဖြင့် ထုတ်ပြန် ကြေညာခဲ့သည်။

ထို့ကြောင့် ပို့ကုန်သွင်းကုန် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် Invoice နှင့် Sale Contract တို့တွင် မိမိတင်သွင်း တင်ပို့မည့် ဈေးနှုန်းအတိုင်း မှန်ကန်စွာ ဖြည့်စွက်၍ တင်ပို့တင်သွင်းကြရန် လိုအပ်လှပေသည်။

အဆိုပါ အမိန့်ကြော်ငြာစာတွင်ပါဝင်သည့် လုပ်ထုံးလုပ်နည်းများကို သေချာစွာဖတ်ရှု၍ တင်ပို့ တင်သွင်းခြင်းများကို ဆောင်ရွက်ကြပါရန် နှိုးဆော်လိုက်ရပါသည်။

**အကျိုးအကြောင်းဖော်ပြချက်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပို့ကုန်၊ သွင်းကုန် လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီများမှ ဈေးနှုန်းနှင့် ကုန်ပစ္စည်းတန်ဖိုး မှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ တင်ပြလာသည့် Invoice & Sale Contract ပါ ဈေးနှုန်းနှင့်တန်ဖိုးများအတိုင်းသာ ပို့ကုန်၊ သွင်းကုန် လိုင်စင်များကို ခွင့်ပြုထုတ်ပေးရန် ၂၂-၁၁-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၆) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

သို့ပါ၍ ပို့ကုန်၊ သွင်းကုန် လိုင်စင်များကို Invoice & Sale Contract ပါဈေးနှုန်းနှင့်တန်ဖိုးများအတိုင်း ဝန်ခံကတိဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့မှစ၍ ခွင့်ပြုထုတ်ပေးမည်ဖြစ်ပြီး ခွင့်ပြုထုတ်ပေးပြီးသော လိုင်စင်များ၏ ဈေးနှုန်း များအပေါ် မှန်ကန်မှုရှိ/မရှိ နိုင်ငံတကာတွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ နောက်ကြောင်းပြန် စိစစ်မှုများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကုမ္ပဏီများ၏ ဈေးနှုန်းဝန်ခံကတိဖြင့် ပို့ကုန်သွင်းကုန် လိုင်စင်များ ခွင့်ပြုထုတ်ပေးမှုများအပေါ် ကုမ္ပဏီများမှ မှန်ကန်သော ဈေးနှုန်းများဖြင့် တင်ပြလျှောက်ထားနိုင်ရေးနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ ဆုံးရှုံးမှုမရှိစေရေးအတွက် ခွင့်ပြုထုတ်ပေးသည့် လိုင်စင်ဈေးနှုန်းအပေါ် ပြန်လည်စိစစ်နိုင်ရေးအတွက် စီမံချက်ရေးဆွဲခြင်း ဖြစ်ပါ သည်။

**ဖွဲ့စည်းဆောင်ရွက်ခြင်း**

ကုမ္ပဏီများမှ ကုန်သွယ်ရေး ဦးစီးဌာနတွင် ပို့ကုန်သွင်းကုန် လိုင်စင်နှင့် အကောက်ခွန် ဦးစီးဌာနတွင် ပို့ကုန်သွင်းကုန် ကြေညာလွှာ (ED/ID)များ လျှောက်ထားရာတွင် ပူးတွဲတင်ပြသည့် Invoice & Sale Contract ပါ ဈေးနှုန်းနှင့် တန်ဖိုးများအတိုင်းခွင့်ပြုပေးမှု၌ နိုင်ငံတော်မှ ရသင့် ရထိုက်သည့် အခွန်အခများ ရရှိရန်နှင့် ဆုံးရှုံးမှုမများရန်၊ မမှန်မကန် ဆောင်ရွက်မှုများအပေါ် ဖော်ထုတ်အရေးယူရန်၊ နောက်လူများ မလုပ်ရဲရန်အတွက် ဈေးနှုန်းမှန်ကန်ရေး စိစစ်မှုအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်မည်-

| | | |
|---|---|---|
| **(၁)** | **အမြဲတမ်းအတွင်းဝန်<br>စီးပွား/ကူးသန်း ဝန်ကြီးဌာန** | **ဥက္ကဋ္ဌ** |
| **(၂)** | **ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန** | **အဖွဲ့ဝင်** |
| **(၃)** | **ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | **အဖွဲ့ဝင်** |
| **(၄)** | **ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့** | **အဖွဲ့ဝင်** |
| **(၅)** | **ဒုတိယဥက္ကဋ္ဌ<br>UMFCCI** | **အဖွဲ့ဝင်** |
| **(၆)** | **ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန** | **အတွင်းရေးမှူး** |
| **(၇)** | **ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန** | **တွဲဖက်အတွင်းရေးမှူး** |

**လုပ်ငန်းတာဝန်များ**

ဈေးနှုန်းမှန်ကန်ရေး စိစစ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ် ဆောင်ရွက်ရန်။

(က) ကုန်သွယ်ရေးစခန်းများ၊ပို့ကုန်၊ သွင်းကုန်ရုံးခွဲများ၊ လေဆိပ်၊ ရေဆိပ်များမှ တင်ပို့/တင်သွင်းမှုများကို ပြန်လည်စိစစ်ရန်အတွက် ဈေးနှုန်းမှန်ကန်ရေး စိစစ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးခြင်း၊ စိစစ်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရေးဆွဲ ညွှန်ကြားခြင်း။

(ခ) ဈေးနှုန်းမမှန်မကန် ဖော်ပြလျှောက်ထားသည်ဟု စစ်ဆေးတွေ့ရှိသည့် ကုမ္ပဏီများစာရင်းကို စိစစ်ရေးအဖွဲ့များက တင်ပြလာပါက ၎င်းကုမ္ပဏီများ၏ ဒါရိုက်တာ (သို့) တာဝန်ရှိသူကို ခေါ်ယူ၍ အဖွဲ့ဖြင့် ထပ်မံစစ်ဆေးမေးမြန်းမှုများ (Re-Check) ပြုလုပ်ခြင်း။

(ဂ) စစ်ဆေးခံရသည့် ကုမ္ပဏီအား အသေးစိတ် စစ်ဆေးရန် ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် တောင်းယူစစ်ဆေးခြင်း။ လိုင်စင်/ID လျှောက်ထားသည့် ဈေးနှုန်းအတိုင်း အမှန်ငွေလွှဲထားခြင်း ရှိ/မရှိ စိစစ်နိုင်ရန် ငွေလွှဲစာတမ်း၊ ဘဏ်စာရင်းစာအုပ် တို့ကိုစိစစ်ခြင်း၊ မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိပါက အရေးယူမှုလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ခြင်း။

(ဃ) ကုမ္ပဏီ (သို့) လူပုဂ္ဂိုလ်တစ်ဦးဦးမှ မမှန်မကန်လျှောက်ထားဆောင်ရွက်ကြောင်း တိုက်ရိုက်တိုင်ကြားလာပါက တိုင်ကြားသူ၏အမည်ကို လျှို့ဝှက်စိစစ်ပြီးဖော်ထုတ်တွေ့ရှိလျှင် အရေးယူဆောင်ရွက်ခြင်း။

(င) အကောက်ခွန်ဦးစီးဌာန၏ နှောင်းစာရင်း စစ်ဆေးခြင်းမှဖော်ထုတ်အရေးယူသော ကုမ္ပဏီများ၏ တင်ပို့/တင်သွင်းမှုများအပေါ် ဈေးနှုန်းလိမ်လည်မှု ဖြစ်စဉ်များအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ထပ်မံအရေးယူ ဆောင်ရွက်ခြင်း။

(စ) နယ်စခန်းများ၊ ရုံးခွဲများ၊ ရေဆိပ်၊ လေဆိပ်များမှ စိစစ်ပြီးသော ကုမ္ပဏီများစာရင်း တင်ပြလာပါက Ad hoc အနေဖြင့် တစ်လလျှင် ကုမ္ပဏီ (၃) ခု (သို့မဟုတ်) လိုအပ်ချက်အရ Counter Check ပြုလုပ်ခြင်း။

(ဆ) လိုင်စင်အရ ခွင့်ပြုခဲ့သော ဈေးနှုန်း သည် အကောက်ခွန်စည်းကြပ်ဈေးနှုန်းများနှင့် ကိုက်ညီမှု မရှိဘဲများစွာ လျော့နည်းနေသည့် ဖြစ်စဉ်များရှိပါက ကွာဟသည့် ကုန်ပစ္စည်းဈေးနှုန်းကို လိုင်စင်နံပါတ်ဖော်ပြ၍ ကုန်သွယ်ရေးဦးစီးဌာနသို့ အကြောင်းကြားပေးနိုင်ရေး အကောက်ခွန်ဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဇ) ကုမ္ပဏီများ၏ မမှန်မကန် ဆောင်ရွက်နေမှုများအပေါ် နေ့စဉ်ထုတ်ပြန်သည့် သတင်းစာများ၊ ဂျာနယ်များတွင်ဖော်ပြခြင်း၊ မီဒီယာနည်းလမ်းမျိုးစုံ အသုံးပြု၍ ပြည်သူသို့ အသိပေးကြေညာခြင်းများ ပြုလုပ်ပြီး မမှန်မကန်သည့် ကုမ္ပဏီများ စာရင်းကို အထက်ဌာနသို့ ဆက်လက်တင်ပြခြင်း။

**မှတ်တမ်းထားသိုနည်းစနစ်**

လိုင်စင်/ပါမစ်ခွင့်ပြုထုတ်ပေးသော ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်)နှင့် ပို့ကုန် သွင်းကုန်ရုံးခွဲများ၊ နယ်စပ်စခန်းများတွင် လျှောက်ထားလာသည့် Invoice, Sale Contract များကိုစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီမှတင်ပြလာသည့်အတိုင်း လိုင်စင်၊ ED/ID များကို ခွင့်ပြုထုတ်ပေးသည့်လိုင်စင်များအနက် ယခင်လျှောက်ထားဈေးနှုန်းထက် လျော့နည်းတင်ပြလျှောက်ထားခြင်း၊ ဈေးနှုန်းအနည်းအပေါ် ဝန်ခံကတိပြုချက်ဖြင့် လျှောက်ထားခြင်း စသည်တို့ကိုပြုလုပ်သည့် ကုမ္ပဏီများ၏ လိုင်စင်လျှောက်ထားမှုများကို Ad hoc အနေဖြင့် ကုမ္ပဏီတစ်ခုချင်း၊ လိုင်စင် တစ်စောင်ချင်း၊ ကုန်ပစ္စည်းတစ်မယ်ချင်းအလိုက် မှတ်တမ်းတင်ထားရှိရမည်။

လိုင်စင်ခွင့် ပြုထုတ်ပေးသော ဌာနခွဲသည် Manual စနစ်ဖြင့် သီးခြားမှတ်ပုံတင်စနစ်ဖြင့် ဆောင်ရွက်ခြင်းအပြင် Online Report စနစ်ဖြင့် Monitoring ပြုလုပ်ရမည်။ ဈေးနှုန်းလျော့နည်းစွာ လျှောက်ထားမှု အကြိမ်ရေများသည့် ကုမ္ပဏီများကို ပြန်လည်စိစစ်မှုများ ပြုလုပ်ရန်အတွက် ခြောက်လတစ်ကြိမ် အကြိမ်ရေအများဆုံး ဈေးနှုန်းလျော့နည်းစွာ ဆောင်ရွက်သည့် ကုမ္ပဏီ ၁၀ ခုကို ရွေးထုတ်၍ ကုမ္ပဏီအလိုက် လိုင်စင်နံပါတ်၊ ကုန်ပစ္စည်းအမည်နှင့် လျှောက်ထားဈေးနှုန်းတို့ကိုပြုစု၍ တာဝန်ပေးအပ်ထားသည့် ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့သို့ ပေးပို့ရမည်။

လိုင်စင်ခွင့်ပြုသော ဌာနခွဲနှင့် နည်းပညာဌာနခွဲတို့ ပူးပေါင်း၍ မှန်မှန်ကန်ကန် ဆောင်ရွက်သည့် ကုမ္ပဏီများစာရင်းကို Company Profile အဖြစ် ထည့်သွင်းမှတ်တမ်းတင်ထားနိုင်ရေး ဆောင်ရွက်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

## ခာတ်ဆီ/ဒီဇယ်

# ယခုတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် တစ်သိန်းကျော်ဝင်

ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိသီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၃၁၄၈၆၇၀၅ တန်ဖိုးရှိ ဒီဇယ် ၆၇၅၇၆ ဒသမ ၉၀၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၆၉၆၆၂၁၆ တန်ဖိုးရှိ ဓာတ်ဆီ ၄၉၁၈၁ ဒသမ ၃၁၇ ၊ စုစုပေါင်း ဓာတ်ဆီ၊ ဒီဇယ် ၁၁၆၇၅၈ ဒသမ ၂၂၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၆၆၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၉၆၀ ကျော် တင်သွင်းမှုပိုခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဓာတ်ဆီတန်ချိန် ၂၃၁၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၆၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါ တင်သွင်းမှုပိုခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၄၈၀၆၅၂ တန်ဖိုးရှိ ဒီဇယ် ၁၀၆၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၃၂၀၈၂ တန်ဖိုးရှိ ဓာတ်ဆီ ၄၃၆ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၂၃၈၉ တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန်၁၂၉၀နဲ့ အမေရိကန်ဒေါ်လာ ၅၈၆၈၃၈ တန်ဖိုး ရှိ ဒီဇယ် ၁၂၄၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) မှာဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၆၆၀၊ အောက်တိန်း (92) ကျပ် ၆၇၀ ၊ အောက်တိန်း (95) ကျပ် ၇၂၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၆၈၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၂၆ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၀၀၀၀၊ ရောင်းဈေး ကျပ် ၁၃၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၃၀ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၃၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဇွန် ၂၆ ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ်၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၂၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ ဇွန် ၃၀ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၅၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့ နှိုင်းယှဉ်ရင် ဓာတ်ဆီရောဒီဇယ်ပါ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ပြင်ပလက်လီ တစ်ဂါလံဈေး များမှာ ဒီဇယ် ကျပ် ၂၇၀၀၊ ဓာတ်ဆီ တစ်ဂါလံကျပ် ၃၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေ တဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၈၃၅ ကျပ်၊ ဒီဇယ် တစ်လီတာ ကျပ် ၇၂၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၃၅ ကျပ်၊ အောက်တိန်း (92) တစ်လီတာ ကျပ် ၇၄၀ ၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ ဇွန် ၂၆ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၆၀၀၀၊ ရောင်းဈေး ကျပ် ၁၂၈၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပြီး ဇွန် ၃၀ ရက်တွင် ဝယ်ဈေး ကျပ် ၁၂၇၀၀၀၊ ရောင်းဈေး ကျပ် ၁၃၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92) ဈေးမှာ ဇွန် ၂၆ ရက်တွင် ဝယ်ဈေး ကျပ် ၁၂၈၀၀၀၊ ရောင်းဈေးကျပ် ၁၃၀၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ ဇွန်လ ၃၀ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၀၀၀၀၊ ရောင်းဈေး ကျပ် ၁၃၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ဖြစ်ပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာအဆင့်မြင့်ဒီဇယ် ကျပ် ၇၆၀ ၊ အောက်တိန်း(92) ကျပ် ၇၃၀၊ အောက်တိန်း (95) ကျပ် ၇၈၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးများမှာ ဈေးငြိမ်နေ တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၇၀၊ အောက်တိန်း (92) ၇၅၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၈၀ နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါ တယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (92) ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

# ပြည်တွင်းငွေလဲနှုန်းများ ဈေးအနည်းငယ်ငြိမ်သက်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဈေးအနည်းငယ်လှုပ်ခဲ့သည့် ပြည်တွင်း ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အနည်းငယ်ငြိမ်သက်လျက်ရှိကြောင်း ဈေး ကွက်အတွင်းမှ သိရသည်။ ပြည်တွင်းငွေလဲစင်တာများတွင် တစ်ကျပ်ခန့်သာ အတက်အကျရှိနေသဖြင့် ဈေးနှုန်းတည်ငြိမ်သည်ဟု ပြော၍ရကြောင်း စင်တာ တစ်ခုမှ သိရသည်။

"ဒီတစ်ပတ် ငွေလဲနှုန်းက ငြိမ်နေတယ်လို့ ဆိုရမယ်။ တစ်ကျပ်လောက်ပဲ အတက်အကျရှိတယ်။ ငွေဈေးငြိမ်တဲ့အတွက် အရောင်းအဝယ်လည်း အရင်တစ် ပတ်ကထက် ပိုကောင်းတယ်။ ဒ့ါအပြင် ဈေးအတက်အကျနည်းတဲ့အတွက် ဝယ် သူရော ရောင်းသူပါ ထိခိုက်မှုနည်းတယ်"ဟု ၃၉ လမ်းအတွင်းရှိ ငွေလဲစင်တာ တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အမြင့်ဆုံးဈေးအဖြစ် ၁၃၆၁ ကျပ် အထိ မြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ ၁၃၅၆ ကျပ်သာ အမြင့်ဆုံး ဈေးဖြစ်ခဲ့ သည်ကို တွေ့ရသည်။ မိုးတွင်းကာလဖြစ်နေသည့်အတွက် အရောင်းအဝယ်များအေး နေသဖြင့် ယခုကဲ့သို့ ငွေလဲနှုန်းများလည်း အနည်းငယ်ငြိမ်သက်နေရခြင်းဖြစ်သည် ဟု ၎င်းကဆိုသည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဇွန် ၂၆ ရက်က အမေရိကန် တစ်ဒေါ်လာ လျှင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၃ ကျပ်ရှိခဲ့ပြီး ဇွန် ၂၉ ရက်တွင် ရောင်းဈေး ၁၃၅၆ ကျပ်သို့ အနည်းငယ်မြင့်တက်ခဲ့သည်။ သို့သော် ဇူလိုင် ၁ ရက်တွင်မူ ရောင်းဈေး ၁၃၅၃ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ဖြင့် ပြန်လည်ရောင်းဝယ် လျက်ရှိသည်။

**မယ်သီတာ**

# ကမ္ဘာ့ရွှေဈေး ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်းလာ

ပြီးခဲ့သည့်ရက်သတ္တပတ်က ပြည်တွင်းရွှေဈေး ကျပ် ၉၁၁၀၀၀ အထိရောက် ရှိခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ ပြည်တွင်းရွှေဈေးသည် ကျပ် ၉၀၁၀၀၀ အထိ ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးကျဆင်းလာမှုနှင့်အတူ ပြည်တွင်းရွှေဈေးများလည်း ကျဆင်း လာရခြင်းဖြစ်သည်ဟုဆိုသည်။ ပြည်တွင်းရွှေဈေးများသည် တစ်ပတ်အတွင်း ကျပ် တစ်သောင်းခန့် ကျဆင်းလာခြင်းဖြစ်သည်။ ပြည်တွင်းရွှေဈေးများ ကျဆင်းလာခြင်း ကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်လှုပ်လာခဲ့ကြောင်း သိရ သည်။

"ပြည်တွင်းရွှေဈေးက ကျလာတယ်။ ကမ္ဘာ့ရွှေဈေးကျလာတဲ့အတွက် ပြည် တွင်းရွှေဈေးလည်း ကျဆင်းလာရတာပါ။ ဒါပေမယ့် တစ်ပတ်အတွင်းမှာ ကျပ် တစ်သောင်းလောက် ကျသွားတာဖြစ်တဲ့အတွက် ဈေးကွက်ထဲမှာတော့ အရောင်း အဝယ်က နည်းနည်းပြန်သွက်လာတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်အတွင်း၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ဇွန် ၂၆ ရက်က ကျပ် ၉၁၁၀၀၀ ရှိခဲ့ပြီး ဇွန် ၂၉ ရက်တွင် ကျပ် ၉၀၈၀၀၀ သို့ ကျဆင်းခဲ့ သည်။ ဇူလိုင် ၁ ရက်တွင် ကျပ် ၉၀၁၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် ဇွန် ၂၆ ရက်က အမေရိကန် ဒေါ်လာ ၁၂၅၆ ရှိခဲ့ပြီး ဇွန် ၂၉ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၅၀ရှိခဲ့သည်။ ဇူလိုင် ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၄၂ သို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

# ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာဈေးနှုန်းများ ကျဆင်း

ယခုတစ်ပတ်အတွင်း ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက် ရှိသည့် စတော့အိတ်ချိန်းဝင် ကုမ္ပဏီ များ၏ အစုရှယ်ယာဈေးနှုန်းများ ဆက် လက်ကျဆင်းခဲ့ကြောင်း ရန်ကုန်စတော့ အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များ အရ သိရသည်။ ပြီးခဲ့သည့်ရက်သတ္တ ပတ်က MTSH ၏ရှယ်ယာဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ် တွင်မူ ပြန်လည်ကျဆင်းခဲ့ကာ အစု ရှယ်ယာတစ်စုလျှင် ကျပ် ၃၈၀၀ဖြင့် သာ ရောင်းဝယ်လျက်ရှိသည်။

အလားတူ ပြီးခဲ့သည့်ရက်သတ္တ ပတ်က တစ်စုလျှင် ကျပ် ၉၂၀၀ဖြင့် ရောင်းချခဲ့သည့် MCB ၏ အစုရှယ် ယာဈေးများသည်လည်း ကျဆင်းခဲ့ကာ ကျပ် ၉၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိ သည်။

ထို့ပြင် FMI သည်လည်း အစု တစ်စုလျှင် ပြီးခဲ့သည့်တစ်ပတ်က ကျ ဆင်းခဲ့သည့် ဈေးနှုန်းဖြစ်သည့် ကျပ် ၁၃၅၀၀ ဖြင့်ပင် ရောင်းချလျက်ရှိသည်။

FPB ၏ အစုရှယ်ယာဈေးမှာမူ ကျဆင်းခဲ့ကာ တစ်စုလျှင် ကျပ် ၂၆၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။

ယခုတစ်ပတ်တွင် FMI နှင့် MTSH တို့က ၎င်းတို့၏ နှစ်ပတ်လည် ငွေကြေးအစီရင်ခံစာကို ထုတ်ပြန်ခဲ့ သည်။MTSH အနေဖြင့် ၎င်း၏ဘဏ္ဍာ ရေးပေါင်းချုပ်ရှင်းတမ်းတွင် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ အသားတင် အမြတ် ကျပ်သန်းပေါင်း ၂၂၃၂၆ ဒသမ ၁၉ ရရှိသည်ဟု ဖော်ပြထား သည်။

**မယ်သီတာ**

## Currency Exchange Rate

June 30, 2017
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 80.61 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.78 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 64.81 |
| I DR | Indonesia Rupiahs | 13362.04 |
| JPY | Japan Yen | 112.04 |
| MYR | Malaysia | 4.29 |
| PKR | Pakistan Rupees | 104.90 |
| PHP | Philippines Pesos | 50.57 |
| RUB | Russia Rubles | 59.37 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1145.85 |
| LKR | Sri Lanka Rupe | 153.59 |
| THB | Thailand Baht | 33.98 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22731.47 |

Source:xe.com

## World Gold Price

June-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 26 | 1248 | 1246 | 1246 |
| 27 | 1249 | 1247 | 1247 |
| 28 | 1255 | 1253 | 1253 |
| 29 | 1255 | 1252 | 1253 |
| 30 | 1246 | 1244 | 1245 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 26-6-2017 | 910.00 | 909.50 |
| 27-6-2017 | 906.00 | 905.50 |
| 28-6-2017 | 908.50 | 908.40 |
| 29-6-2017 | 907.50 | 906.50 |
| 30-6-2017 | 902.50 | 900.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 26 | 6 .84 | 33.99 | 80.76 | 64.44 |
| 27 | 6. 83 | 33.96 | 80.81 | 64.46 |
| 28 | 6 .80 | 33.99 | 80.71 | 64.54 |
| 29 | 6.78 | 33.97 | 80.72 | 64.48 |
| 30 | 6.78 | 33.98 | 80.61 | 64.81 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 26-June | 16.57 | 2712.42 | 1882.27 | 5859.62 | 915.00 |
| 27-June | 16.56 | 2755.87 | 1882.05 | 5857.15 | 917.00 |
| 28-June | 16.76 | 2780.51 | 1909.82 | 5918.08 | 918.00 |
| 29-June | 16.84 | 2775.14 | 1925.50 | 5985.73 | 922.00 |
| 30-June | 16.52 | 2800.89 | 1934.02 | 6007.68 | 916.00 |

Source:kitco.com

## Energy NYMEX 30-6-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.19 | 0.26 | 0.58 |
| Brent Crude Futr (USD/bbl) | 47.69 | 0.27 | 0.57 |
| Gasoline Rbob Fut (Cent/gal) | 149.18 | 0.62 | 0.42 |
| Natural Gas Futr (USD/MMBtu) | 3.02 | -0.02 | -0.59 |
| Heating Oil Futr (Cent/gal) | 145.01 | 0.41 | 0.28 |

## ဘိလပ်မြေ

### ဒီတစ်ပတ် ဘိလပ်မြေ အဝင်နည်း

ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၀၀၇၂ တန်ဖိုးရှိ ဘိလပ်မြေ ၄၉၃ ဒသမ ၈၉၅ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၉၄ ဒသမ ၈၄ တန်၊ ကိုရီးယားနိုင်ငံမှ သုည ဒသမ ၆၇ တန်၊ စပိန်နိုင်ငံမှ သုည ဒသမ ၀၄၅ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၂၈၀ နဲ့ ယူဂိုဆလားဗီးယားနိုင်ငံမှ ၁၈ ဒသမ ၃၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၈၂၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၇၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။



### ဘိလပ်မြေဈေးကွက် အရောင်းအေး

ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၄၉၀ ကျော် အဝင်ရှိခဲ့ပြီးယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၈၂၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၇၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၁၄၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၁၇၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၄၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်(ထိုင်း) က ကျပ် ၁၀၀၊ မြန်မာဆင်က ကျပ် ၃၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၉၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့ခိုင်နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်** မှာ အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၂၀၀၊ အပါချီ(ထိုင်း) ကျပ် ၅၁၅၀၊ ကြံ့ ကျပ် ၅၇၀၀၊ မြင်းခေါင်း ကျပ် ၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင် ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၅၅၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့(မြိုင်ကလေး) ကျပ်၄၉၅၀၊ မြန်မာဆင် ကျပ် ၅၁၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမှာ ပြည်တွင်းဘိလပ်မြေက အရောင်းပိုသွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ကြံ့နှစ်ကောင် ကျပ် ၅၂၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ အေးသုံးလုံး ကျပ် ၄၇၀၀၊ ဆင်မင်းကျပ် ၄၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက် မြေဩဇာတန်ချိန် ၅၀၀၀ နီးပါးအဝင်ပို

ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၄၃၃၈၁ တန်ဖိုးရှိ မြေဩဇာ ၈၃၈၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၂၀၇ တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ ထိုင်းနိုင်ငံမှ တန်ချိန် ၆၆၀၀ နဲ့ ဗီယက်နမ်နိုင်ငံမှ ၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၆၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၇၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ် တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ နိုက်တြိုဂျင်၊ ယူရီးယား ၄၆%၊ ပိုတက်ဆီယမ် ကလိုရိုဒ်၊ အာမို၊ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ ကွန်ပေါင်း (၁၆း၁၆း၈) တို့ဖြစ်တယ်လို့ သိရပါတယ်။

### မကွေး၊ တောင်ကြီးနဲ့ မန္တလေးမြေဩဇာ အရောင်းအေး

ဇွန် ၁၈ ရက်မှ ၂၄ ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာတန်ချိန် ၈၃၈၀ ကျော် အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၆၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၇၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၈၁၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၂၄၈၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၆၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ကောင်းတယ်လို့ စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲမှာ ပုလဲ-အသေး(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)နဲ့ ကွန်ပေါင်း ၁၅ ပတ်လည် (အစိမ်း) က ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး ကွန်ပေါင်း ၁၅ပတ်လည် (ပန်းရောင်)နဲ့ တီစူပါ ၄၆%က ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၆၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၂၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေ တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၆၀၀၀၊ ဆင်(၁၀း၁၀း၅) ကျပ် ၁၅၈၀၀၊ အာမို(၁၅း၁၅း၁၅) ကျပ် ၃၈၀၀၀၊ အာမို(၁၆း၁၆း၈) ကျပ် ၃၅၅၀၀၊ အာမို(၁၀း၁၀း၅) ကျပ် ၁၇၁၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၃၈၀၀၊ ယူရီးယား -ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၂၃၀၀၊ အောင်ကမ္ဘာ(၁၀း၁၀း၅) ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၂၀၀၊တောင်သူမ ကျပ် ၁၅၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပါးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၃၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၃၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၂၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၇၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၀၀၀၊ မြွားကမ္ဘာ ကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်း သိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၈၂၄၆၇ တန်ဖိုးရှိ နို့ဆီ ၃၃၁ ဒသမ ၂၃၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၂၄ ဒသမ ၈၀၄ တန်နဲ့စင်ကာပူနိုင်ငံမှ ၃၀၆ ဒသမ ၄၃၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ မာရီဂိုးနဲ့ အိုကေတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၂၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၅၀ ကျော် အဝင်ပိုခဲ့ပါတယ်။

နို့မှုန့်က ဩစတြေးလျနိုင်ငံမှ ၂ ဒသမ ၀၈၀ တန်၊ မလေးရှားနိုင်ငံမှ ၇၀ ဒသမ ၉၉ တန်၊ ဖိလစ်ပိုင်နိုင်ငံမှ ၄ ဒသမ ၄၉၄ တန်နဲ့ ပိုလန်နိုင်ငံမှ ၂၂ တန်၊ စုစုပေါင်း ၉၉ ဒသမ ၅၆၄ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၄၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင် လျော့ခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ် အေးပေမယ့် မြေဩဇာဈေး နည်းနည်းတက်တယ်လို့ သိရပါတယ်။ ဒီလို ဈေးတက်ရတာက လည်း တရုတ်ပြည်တွင်းမှာ ဒီအချိန်က မြေဩဇာ အသုံးပြုမှုများတာကြောင့် လည်းဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၄၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၈၀၀၊ တီစူပါ (၄၆%-တရုတ်) ကျပ် ၁၉၆၀၀၊ မြွားသီးစုံ ကျပ် ၁၄၅၀၀၊ ပန်းသီးစုံ ကျပ် ၁၅၅၀၀၊ ကွန်ပေါင်း၁၀း၁၀း၅ ကျပ် ၁၄၂၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၆ မှ ၂၃/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၆ မှ ၁၆/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၃.၇၀ | ၁၇၁.၁၀ | (+) | ၁၂.၆၀ |
| ၂။ | လွယ်ဂျယ် | ၆၆၀.၀၀ | ၇၁၁.၀၀ | (-) | ၅၁.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၅.၀၀ | ၂၀.၀၀ | (+) | ၅.၀၀ |
| ၄။ | ကန်ပိုက်တီ | ၂၂၄၁.၀၀ | ၃၂၁၇.၀၀ | (-) | ၉၇၆.၀၀ |
| ၅။ | တာချီလိတ် | ၃၅၀၀.၀၀ | ၅၅၀၀.၀၀ | (-) | ၂၀၀၀.၀၀ |
| ၆။ | မြဝတီ | - | ၆၃၄.၇၀ | (-) | ၆၃၄.၇၀ |
| ၇။ | ကော့သောင်း | ၁၁၆၂၅.၀၀ | ၆၅၅၀.၀၀ | (+) | ၅၀၇၅.၀၀ |
| ၈။ | မြိတ် | ၃၁၇၅.၀၀ | ၂၀၀.၀၀ | (+) | ၂၉၇၅.၀၀ |
| | စုစုပေါင်း | ၂၁၄၀၉.၇၀ | ၁၇၀၀၃.၈၀ | (+) | ၄၄၀၅.၉၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၆ မှ ၂၃/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၆ မှ ၁၆/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၆၇၄.၇၅ | ၁၆၅၇၁.၆၆ | (-) | ၄၈၉၆.၉၁ |
| ၂။ | လွယ်ဂျယ် | ၈၄၁.၇၀ | ၁၀၅၈.၀၀ | (-) | ၂၁၆.၃၀ |
| ၃။ | ချင်းရွှေဟော် | ၂၂၈၆.၇၅ | ၁၄၂၀.၂၅ | (+) | ၈၆၆.၅၀ |
| ၄။ | ကန်ပိုက်တီ | ၆၇၀.၀၀ | ၃၃၁၀.၀၀ | (-) | ၂၆၄၀.၀၀ |
| ၅။ | မြဝတီ | ၁၀၅၈.၀၅ | ၂၃၉၆.၇၅ | (-) | ၁၃၃၈.၇၀ |
| ၆။ | ကော့သောင်း | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၇။ | မြိတ် | ၁၆၀.၀၀ | - | (+) | ၁၆၀.၀၀ |
| ၈။ | ရိုဒ် | ၁၅၀၀.၀၀ | - | (+) | ၁၅၀၀.၀၀ |
| | စုစုပေါင်း | ၁၈၁၉၁.၂၅ | ၂၄၈၀၆.၆၆ | (-) | ၆၆၁၅.၄၁ |

ခင်မိုးသူ

## နှမ်း

# မန္တလေးဝယ်လက်များက အနည်းငယ် ဝယ်ယူလာသဖြင့် ပြည်နှမ်းဈေး ဈေးပြန်မြင့်လာ

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် နှမ်းအရောင်းအဝယ် အေးနေပေမယ့် ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် အနည်းငယ်မြင့်တက်လာတာ တွေ့ရပါတယ်။ မန္တလေးဝယ်လက်များက ရံဖန်ရံခါ ဝယ်ယူသဖြင့် ဈေးအနည်းငယ်မြင့်တက်လာတာ တွေ့ရပါတယ်။ အရောင်းအဝယ်ဖြစ်လျှင်လည်း အိတ် ၁၀၀ မှ ၂၀၀ သာ အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ မိုးနှမ်းများ စိုက်ပျိုးနေချိန်ဖြစ်သဖြင့် အဝင်မရှိဘဲ လှောင်နှမ်းများဖြင့်သာ ရောင်းဝယ်နေသဖြင့် ဈေးကွက်တွင် နေ့တိုင်း အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြား အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ သုံးတင်းဝင် နှမ်းနီတစ်အိတ်လျှင် ကျပ် ၉၂၀၀၀၊ သုံးတင်းဝင်နှမ်းနက်တစ်အိတ်လျှင် ကျပ် ၉၅၀၀၀ ဖြင့် ယခင်တစ်ပတ်နဲ့နှိုင်း ယှဉ်ပါက ဈေးအနည်းငယ် မြင့်လာပြီး သုံးတင်းဝင် စမုံနက်နှမ်းတစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။

**ဝေဝေမင်း**

# မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၁ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၀၉ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းအမျိုးအစားတွေကတော့ နှမ်းနက် ၉၇ တန်၊ နှမ်းဖြူ ၁၇ တန်ခွဲနဲ့ နှမ်းညို ၉၅ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက် ၃၃ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ နှမ်း ၁၇၆ တန်ခွဲ ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၇ သန်း တန်ဖိုးရှိ နှမ်းနက်တန် ၆၀၀ ကျော်နဲ့ နှမ်းဖြူ ၃၈၇ တန်ကျော် စုစုပေါင်းတန်ချိန် ၉၈၇ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၉၃တန်ခွဲနဲ့ နှိုင်းယှဉ်ပါက ၇၉၄ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူတစ်တန်ကို ကျပ် ၁၃၄၃၇၅၀၊ နှမ်းနက်တစ်တန် ကျပ် ၂၁၂၅၀၀၀ ဈေးရှိတယ်လို့ သိရပါတယ်။ အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၉၀၉၆ တန်ဖိုး ရှိ နှမ်းဖြူ ၁၇ တန်ကျော်ကို ယခုရက်သတ္တပတ်အတွင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နဲ့ ရေနံချောင်းမြို့နယ်တို့မှာ မိုးနှမ်းများ စိုက်ပျိုးထားရာ မိုးရာမုန်တိုင်းကြောင့် နှမ်းခင်းတွေ အောင်မြင်ဖြစ်ထွန်းကြောင်း၊ ဇွန်လဆန်းမှာ တစ်တင်းကို ကျပ် ၄၅၀၀၀ နဲ့ရောင်းရကြောင်း၊ မကြာမီ အသစ်ပေါ်မယ့် နှမ်းအသစ်ဈေး ကျမှာစိုးရိမ်နေကြောင်း ချောက်မြို့နယ်မှ နှမ်းစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# ရက်သတ္တတစ်ပတ်အတွင်း အမြင့်ဆုံးရှိနေရာမှ မလေးရှားစားအုန်းဆီ ဈေးနှုန်းကျဆင်း

မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးသည် စောစောပိုင်းက မြင့်တက်နေခဲ့ရာမှ လာမည့်လများတွင် ထုတ်လုပ်မှု မြင့်တက်လာလိမ့်မည်ဟု ခန့်မှန်းကြသည့်အတွက် ဇွန် ၂၈ ရက်က ပြန်လည်ကျဆင်းခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

မလေးရှားနိုင်ငံသုံး ငွေကြေးရင်းဂစ်တန်ဖိုး ကျဆင်းမှုနှင့် ရေနံစိမ်းဈေးနှုန်းများ မြင့်တက်မှုကြောင့် စားအုန်းဆီဈေးသည် ဇွန် ၂၈ရက် စောစောပိုင်းက မြင့်တက်ခဲ့သည်။ စားအုန်းဆီကို အရောင်းအဝယ်ပြုလုပ်ရာတွင် အသုံးပြုသော ငွေကြေးဖြစ်သည့် ရင်းဂစ်တန်ဖိုးမှာ ဇွန် ၂၈ ရက် နံနက်ပိုင်းက အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် တစ်လအတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးက သုညဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၉၆၀ရင်းဂစ်နှုန်းရှိခဲ့ရာ ရင်းဂစ်တန်ဖိုးသည် မေ ၂၄ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့သည်။

ထုံးစံအားဖြင့် ရင်းဂစ်တန်ဖိုး ကျဆင်းပါက နိုင်ငံခြားငွေဖြင့် စားအုန်းဆီ ဝယ်ယူသူတို့အဖို့ စားအုန်းဆီတန်ဖိုးမှာ ဈေးချိုသွားသဖြင့် အဝယ်လိုက်လာပြီး စားအုန်းဆီဈေး မြင့်တက်ရန် အထောက်အကူဖြစ်လေ့ရှိသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange ) တွင် စက်တင်ဘာအတွက် ချုပ်ဆိုသော စားအုန်းဆီ ကြိုရောင်းဈေးသည် ဇွန် ၂၈ ရက်ဈေးပိတ်ချိန်က သုညဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး စားအုန်းဆီတစ်တန်ကို ရင်းဂစ် ၂၄၄၀( အမေ ရိကန်ဒေါ်လာ ၅၆၇ ဒသမ ၇ )နှုန်းရှိခဲ့သည်။

စားအုန်းဆီ ကြိုရောင်းဈေးသည် တစ်တန်ကို ၂၄၆၄ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ရာ ရက်သတ္တတစ်ပတ်အတွင်း အမြင့်ဆုံးနှုန်း ဖြစ်ခဲ့သည်။ သို့သော်လည်း တခဏမျှသာ မြင့်တက်ပြီး တစ်တန်ကို ၂၄၂၈ ရင်းဂစ်နှုန်းအထိ ကျဆင်းခဲ့ရာ ဇွန် ၂၂ ရက်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့သည်။ ဇွန် ၂၈ ရက်က ရောင်းချသော စားအုန်းဆီ ပမာဏမှာ ၂၅ တန်ရှိအတွဲ ၅၅၃၈၉ တွဲအထိ ရောက်ရှိခဲ့သည်။

"ထုတ်လုပ်မှု မြင့်တက်လိမ့်မယ်ဆိုတဲ့ အလားအလာကြောင့် ညနေပိုင်းမှာ စားအုန်းဆီဈေး ပြန်လည်ကျဆင်းခဲ့ပါတယ်"ဟု ကွာလာလမ်ပူမှ ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောသည်။

စားအုန်းဆီထုတ်လုပ်ရာတွင် ဒုတိယအများဆုံးဖြစ်သော မလေးရှားနိုင်ငံ၏ ထုတ်လုပ်မှုက ရာသီအလိုက်ဖြစ်ပေါ်တတ်သော အခြေအနေများနှင့်အညီ ဒုတိယနှစ်ဝက်တွင် မြင့်တက်လာပြီး စားအုန်းဆီထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေနိုင်သည့် အယ်လ်နီညိုရာသီဥတု၏ အကျိုးသက်ရောက်မှုများကလည်း တဖြည်းဖြည်း ကျဆင်းလာမည်ဟု ခန့်မှန်းထားသည်။

မလေးရှားစားအုန်းဆီအဖွဲ့မှထုတ်ပြန်သော တရားဝင်ကိန်းဂဏန်းများအရ မလေးရှားစားအုန်းဆီထုတ်လုပ်မှုသည် ယခင်လနှင့် နှိုင်းယှဉ်ပါက မေတွင် ၆ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၁ဒသမ ၆ သန်းအထိ ရောက်ရှိခဲ့သည်။

စားအုန်းဆီ ထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းထုတ်လုပ်သည့် နိုင်ငံဖြစ်သော အင်ဒိုနီးရှား၏ ထုတ်လုပ်မှုမှာ ဧပြီက တန်ချိန် ၂ ဒသမ ၉ သန်းရှိရာမှ မေတွင်တန်ချိန် ၃ ဒသမ ၃၈ သန်းအထိ မြင့်တက်ခဲ့သည်။

အခြား စားသုံးဆီဖြစ်သော ပဲပုပ်ဆီဈေးမှာ အမေရိကန်ပြည်ထောင်စုရှိ ချီကာဂိုကုန်သွယ်မှု ဘုတ်အဖွဲ့တွင် သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင်တွင် စက်တင်ဘာအတွက် ချုပ်ဆိုသော စာချုပ်အရ ၁ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၆-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၃၈၀၀ | ▽ | ၄၀၀၀ | ၃၈၀၀ | ▽ | ၁၉၅၀ | ၁၉၀၀ | ▽ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၃၅ | ၁၇၀၅ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၁၀ | ၁၈၀၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၅၁၀၀ | ၅၀၀၀ | ▽ | ၄၂၀၀ | ၄၀၀၀ | ▽ | ၂၀၀၀ | ၁၈၅၀ | ▽ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၇၀ | ၁၈၅၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၀-၆-၂၀၁၇ US$/Ton

| အမျိုးအစား | ဇွန်တတိယပတ် | ဇွန်စတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၂.၅၀ | ၆၄၂.၅၀ | ▽ |
| RBD P.Olein | ၆၇၁.၅၀ | ၆၅၀.၅၀ | ▽ |
| RBD P.Stearin | ၆၇၁.၅၀ | ၅၉၂.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၀-၆-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၉၁.၂၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၉၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၅၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၆.၇၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၇၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၄၁.၈၆၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃၀-၆-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၁၅ဒေါ်လာနှင့် USD ဈေး ၁၃၆၂ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၃၀-၆-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာဆွေးနွေးပွဲမှ လူတိုင်းအတွက်ရရှိစေမည့် လူ့အခွင့်အရေးအသိပညာများ




| ခင်မြင့်မြင့်သန်း (နေပြည်တော်) |

လူတိုင်းသိထားသင့်သည့် သိထားရမည့် လူ့အခွင့်အရေးအကြောင်း သိကောင်းစရာဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၃)မှာ ဇွန် ၂၂ ရက်က မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က အသိပညာပေး ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပ ပြုလုပ်ခဲ့ပါတယ်။ ယင်းဆွေးနွေးပွဲမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနဲ့ ကော်မရှင်အဖွဲ့ဝင်တစ်ဦးတို့က ဆွေးနွေးခဲ့ကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်အပါအဝင် အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ပါတယ်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ (၄)နှင့် ပုဒ်မ (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့် အမှတ်(၂၃/၂၀၁၄)ဖြင့် အဖွဲ့ဝင် ၁၁ ဦးပါရှိသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးခဲ့တာ ဖြစ်ပါတယ်။

လူ့အခွင့်အရေးဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊ ကုလသမဂ္ဂက ထုတ်ပြန်ကြေညာသော ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများ၊ နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်စာတမ်းများတွင် ပါရှိသည့် လူ့အခွင့်အရေးများဖြစ်ကြောင်း သိရပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အနှစ်ချုပ်အားဖြင့် ဖော်ပြပါက အပိုဒ် ၃၀ ရှိပြီး အပြည့်အစုံကို ကော်မရှင်၏website:www.mnhrc.org.mm တွင် ဖတ်ရှုနိုင်ကြောင်း သိရှိရပါ တယ်။

ကမ္ဘာ့ကုလသမဂ္ဂစာချုပ်စာတမ်းပါ အချက်ကိုးချက် ရှိသည့် အနက် မြန်မာနိုင်ငံအနေဖြင့် အချက်သုံးချက်တွင် ပါဝင်လက်မှတ် ရေးထိုးခဲ့တာကြောင့် မိမိနိုင်ငံအတွက် ရှိသင့်ရှိထိုက်သည့် အဓိကလိုအပ်ချက်များအတွက် လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

အဲဒီအချက် သုံးချက်ကတော့ ကလေးသူငယ်များဆိုင်ရာ အခွင့်အရေး၊ အမျိုးသမီးများကို နည်းမျိုးစုံနဲ့ ခွဲခြားပြုမူခြင်းကို တားဆီးခြင်း၊ မသန်စွမ်းသူများနဲ့ သက်ဆိုင်သော အခွင့်အရေးတို့ဖြစ်ကြောင်း သိရှိရပါတယ်။

ကုလသမဂ္ဂရဲ့ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေးအမျိုး အစားငါးမျိုးရှိပြီး ၎င်းတို့မှာ လူတိုင်းနှင့်ဆိုင်သော အခွင့်အရေး (Civil Right)၊ နိုင်ငံရေးနှင့်ဆိုင်သော အခွင့်အရေး (Political Right)၊ စီးပွားရေးနှင့်ဆိုင်သော အခွင့်အရေး (Economic Right)၊ လူမှုရေးနှင့်ဆိုင်သော အခွင့်အရေး (Social Right)၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး (Cultural Right)တို့ဖြစ်ကြောင်း သိရတဲ့အတွက် ပြဿနာကို ဖြေရှင်းရာမှာများစွာ အထောက်အကူဖြစ်စေနိုင်ပါတယ်။ လူ့အခွင့်အရေး အမျိုးအစားငါးမျိုးတွင် အနှစ်သာရ ငါးရပ်ရှိပြီး ၎င်းတို့မှာ ဂုဏ်သိက္ခာ (Dignity)၊ လွတ်လပ်ခြင်း (Freedom/liberty)၊ ခွဲခြားမှုမရှိခြင်း (Non-Discrimination)၊ တန်းတူညီတူရှိခြင်း (Equality)၊ သူတစ်ပါး၏အခွင့်အရေးကိုလေးစားခြင်း (Respect of other's Humam Right)တို့ ဖြစ်ပါတယ်။

ဂုဏ်သိက္ခာဆိုသည်မှာ မွေးရာပါ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ ဂုဏ်သိက္ခာကို ဆိုလိုရင်းဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ မွေးရာပါ ပင်ကိုယ်အရည်အသွေး၊ အရည်အချင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဖန်တီးနိုင်တဲ့အရည်အချင်းတွေနဲ့ တည်ဆောက်နိုင်စွမ်းကို ဆိုလိုပါတယ်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျားမ မရွေး ဘဝကို လုံခြုံစွာနေနိုင်ရေး၊ စားရေးသောက်ရေး၊ ဝတ်ရေး၊ နေထိုင်ရေး၊ ပညာရေးနဲ့ ကျန်းမာရေး စတဲ့ အရေးများစွာအတွက် ဘဝမှာဂုဏ်သိက္ခာရှိစွာ နေနိုင်ခြင်းကို ခေါ်ဆိုခြင်းလည်း ဖြစ်ပါ တယ်။

လွတ်လပ်ခြင်းဆိုသည်မှာ လွတ်လပ်စွာကိုးကွယ်ခြင်း၊ ယုံကြည်ခြင်း ၊ စဉ်းစားတွေးခေါ်ခြင်း၊ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နဲ့ လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိခြင်းတို့ ဖြစ်ပါတယ်။ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များအရအပိုဒ် (၁၂၊ ၁၃၊ ၁၈၊ ၁၉၊ ၂၀) များတွင် ပိုမိုကျယ်ပြန့်သည့် အခွင့်အရေးများရှိကြောင်း သိရှိရပါတယ်။

ခွဲခြားမှုမရှိခြင်းဆိုသည်မှာ ကျားမခွဲခြားဆက်ဆံမှု၊ လူမျိုးဘာသာစကားကို အကြောင်းပြုခွဲခြား ဆက်ဆံမှုမရှိစေရေး၊ မသန်စွမ်းမှုကို အကြောင်းပြု ခွဲခြားဆက်ဆံမှု၊ နိုင်ငံသားဖြစ်မှု၊ တိုင်းရင်းသားဖြစ်မှု၊ လိင်ရွေးချယ်မှုများအပေါ် ခွဲခြားဆက်ဆံမှု မရှိစေရေးစသည်တို့ကို ဆိုလိုကြောင်း သိရပါတယ်။

တန်းတူညီတူရှိခြင်းဆိုသည်မှာ အမျိုးသမီးတွေရဲ့ အခွင့်အရေးကို မြှင့်တင်ပေးဖို့ ဘာသာရပ်တစ်ခုအဖြစ် အမြဲတမ်းပါဝင်ပြီး အရေးကြီးတဲ့ နိုင်ငံရေးဆွေးနွေးမှုတွေမှာ အမျိုးသမီးများ ၃၀ ရာခိုင်နှုန်းပါဝင်နိုင်စေရန် ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ပေးခဲ့ကြောင်းသိရပြီး အရေးကြီး အရေးပါသောဌာန အဖွဲ့အစည်းများတွင် အမျိုးသမီးများ ရာထူးပေးဖို့၊ အမျိုးသမီးများကိုတန်းတူတင်မက အထူးဦးစားပေးရမည်ဆိုသည့် အချက်များပဲ ဖြစ်ပါတယ်။

သူတစ်ပါး၏ အခွင့်အရေးကို လေးစားခြင်းဆိုသည်မှာ မည်သူမျှမိမိရဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်၊ မိသားစုနေအိမ် သို့မဟုတ် စာပေးစာယူကိစ္စရပ်များတွင် မတရားဝင်ရောက်စွက်ဖက်ခြင်း မခံရစေရလို့ သိရှိခဲ့ရပါတယ်။

လူ့အခွင့်အရေး၏ ဝိသေသလက္ခဏာများမှာ လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်သည်။ လူ့အခွင့်အရေးသည် လူတိုင်းအတွက်မွေးရာပါ အခွင့်အရေးဖြစ်သည်။ လူ့အခွင့်အရေးကို ဖယ်ရှားနုတ်ပယ်၍မရ။ လူ့အခွင့်အရေးများကို ခွဲခြမ်း၍မရ။ လူ့ အခွင့်အရေးများသည် အပြန်အလှန် အမှီသဟဲပြုနေသည် စသည့် အချက်များဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့မိမိတို့ ချမှတ်ထားသော ဥပဒေကို လေးစားရမယ်၊ ကာကွယ်ရမယ်၊ လူ့အခွင့်အရေးကို ချိုးဖောက်ခံရပါက နိုင်ငံတော်အပိုင်းက ကာကွယ်ပေးရမယ်၊ လူ့အခွင့်အရေးကော်မရှင်အနေနဲ့ပေးထားတဲ့ လုပ်ပိုင်ခွင့်အရ၊ ဥပဒေကြောင်းအရ သက်ဆိုင်ရာအစိုးရနဲ့ ဌာနဆိုင်ရာများသို့ အကြံပြု တင်ပြပေးလို့သာရကြောင်း သိရှိရပါတယ်။

လူတွေရဲ့ အသက်ရှင်သန်ခွင့် (Right to live)အတွက်ရှင်သန် နိုင်သမျှ ရှင်သန်ခွင့်ရှိရမယ်။ ရှင် သန်ခြင်းနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သေဒဏ်ပေး ပြဋ္ဌာန်းမှုကို ကမ္ဘာ့ကုလသမဂ္ဂက ခေတ္တရွှေ့ဆိုင်းစေခဲ့တဲ့အတွက် မြန်မာနိုင်ငံတွင်လည်း လိုက်နာကျင့်သုံးလျက်ရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံမှာ စစ်ဖြစ်ခြင်းကြောင့် လူအများ သေကျေပျက်စီးရပြီး လူတွေရဲ့စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ပထမဆုံး ကုစားပေးရန်လိုအပ်ပြီး ထိခိုက်ဒဏ်ရာရသူတွေအတွက် အထူးဦးစားပေး ကုသပေးဖို့ တိုက်ခိုက်မှုတွေကို ခေတ္တရပ်ခြင်း မဟုတ်ဘဲ အမြဲတမ်းငြိမ်းချမ်းရေးရဖို့ ဖြည့်ဆည်းပေးရန် တာဝန်ရှိကြောင်း၊ ကလေးသူငယ်များ ငယ်ရွယ်စဉ်က ငြိမ်းချမ်းရေး အသိပေးရန်၊ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် တွေးခေါ်နိုင်အောင် ပြဋ္ဌာန်းပေးရမယ်၊ လူတွေ သေကျေပျက်စီးမှုကို ဟန့်တားဆောင်ရွက်နိုင်ဖို့နဲ့ ငြိမ်းချမ်းရေးရဲ့ တန်ဖိုးကို သိရှိအောင် ဖြည့်ဆည်းပေးရမယ့်တာဝန်များကို ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။

မွေးသည်မှစ သေဆုံးသည်ထိ လူတစ်ဦးချင်းစီရဲ့ လူ့အခွင့် အရေးများကို ခံစားရာတွင် ပြဋ္ဌာန်းထားသော ဥပဒေဘောင်အတွင်းကသာ ခံစားခွင့်ရှိတယ်။ ဆင်းရဲချမ်းသာမရွေး ဥပဒေအရ အားလုံး တန်းတူ ညီမျှခံစားခွင့်ရှိတယ်ဟု ဆိုပါတယ်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၂၅)ပါ လူတိုင်းတွင် အစားအစာ၊ အဝတ်အထည်၊ နေအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ လိုအပ်တဲ့ လူမှုအထောက်အပံ့များ အပါအဝင် မိမိနဲ့ မိမိတို့ရဲ့ မိသားစုကျန်းမာရေး၊ ကိုယ်စိတ်နှစ်ဖြာအေးချမ်းစွာ နေနိုင်ရေး၊ လုံလောက်တဲ့ လူနေမှုအဆင့်အတန်း ရပိုင်ခွင့်များက စားသုံးသူအခွင့်အရေးနဲ့ ဆက်စပ်မှုရှိကြောင်း အန္တရာယ်ကင်းတဲ့ အစားအသောက်များအတွက် လုံလောက်တဲ့ အစားအစာ ဖူဖူလုံလုံရရှိမှု၊ လူတိုင်းသုံးစွဲနိုင်တဲ့၊ လက်လှမ်းမီတဲ့ ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေး၊ အဝတ်အစားရပိုင်ခွင့်၊ နေအိမ်ရပိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့်များအတွက် နိုင်ငံတော်မှ သင့်တင့်လျောက်ပတ်တဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုချက်ကို ကြားသိရတဲ့အတွက် မိမိတို့နိုင်ငံသားများရဲ့အနာဂတ် မျှော်လင့်ချက်ရောင်ခြည်အစပျိုးမည့်နေ့ကို အားနာစွာနဲ့ မျှော်လင့်မိပါတယ်။ ဒီလိုအခွင့်အရေးများကို ရယူခံစားနိုင်ရန်လူတိုင်း မွေးစာရင်းရှိရမည်။ မှတ်ပုံတင်ကတ်ပြားရှိရမည်။ အဲဒါတွေပြည့်စုံရင် ဥပဒေဘောင်အတွင်းမှ နိုင်ငံသားအဖြစ် လျှောက်ထားပိုင်ခွင့်၊ ခံယူပိုင်ခွင့်များရရှိမှာဖြစ်ပါတယ်။ လူမှုဖူလုံရေးအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့ခံစားခွင့်၊ မိခင်နှင့်ကလေး ထောက်ပံ့မှု၊ မသန်စွမ်းမှုများအတွက် အကာကွယ် ပေးမှု၊ မိမိဆန္ဒနဲ့ကိုက်ညီတဲ့ အလုပ်လုပ်ကိုင်ခွင့်စတဲ့ ခံစားပိုင်ခွင့်များစွာရှိသော်လည်း လူတိုင်းမသိနားမလည် အခွင့်အရေးကို တောင်းဆိုရမှန်း မသိကြတဲ့ နိုင်ငံသားများအတွက် လူ့အခွင့်အရေး အသိပညာ ပြန့်ပွားရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ဖို့လိုအပ်နေကြောင်း သတိထားမိပါတယ်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကြည့်မည်ဆိုပါက လူ့အခွင့်အရေး အသိပညာပေး ဆွေးနွေးပွဲများ ၂၀၁၁-၂၀၁၇ ခုနှစ် မေလထိ မြို့နယ်ပေါင်း ၈၇ မြို့၊ အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ၂၀၁၁-၂၀၁၇ ခုနှစ် မေလထိ ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီး ခုနစ်ခုနဲ့ နေပြည်တော်ကောင်စီတွင် (၁၅) ကြိမ်၊ ခရိုင်အဆင့်တွင် လေးကြိမ်၊ ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၅ တွင် ၁၄ ပွဲ၊ အမျိုးသမီးအဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းတွင် နှစ်ကြိမ်၊ ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်း ပူးပေါင်းအလုပ်ရုံဆွေးနွေးပွဲ/ သင်တန်း (၂၀၁၁-၂၀၁၅) ၃၈ ကြိမ်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား အသိပညာပေး ဟောပြောခြင်း ဌာနပေါင်း ၄၀၊ ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ကို ကရင်၊ မွန်၊ တနင်္သာရီ စတဲ့ အများပြည်သူ အသိပညာပေး အဆင့်အတန်း မြှင့်တင်ခြင်းများကို ခြောက်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော်လည်း ပြည်သူလူထုကြား ယုံကြည်စွာ အားကိုးနိုင်သည့်အဆင့်ကို ရောက်တဲ့အထိ အသိညာပေးမှုများ များစွာ လိုအပ်နေသေးကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ဆွေးနွေးသူများ ကိုယ်တိုင် ပြောကြားသွားသည့် ဌာနဆိုင်ရာ ဝန်ထမ်းများကိုယ်တိုင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အား အစိုးရအဖွဲ့အစည်းလား၊ NGO အဖွဲ့အစည်းလား မသိကြတဲ့ အခြေအနေဖြစ်တဲ့အတိုင်း ပြည်သူလူထုနဲ့ဆိုရင် ပိုပြီးအလှမ်းကွာဝေးနေမယ်ဆိုတာ မေးစရာမလိုတဲ့ အဖြေတစ်ခုရရှိမှာဖြစ်ပါတယ်။

စာမျက်နှာ (၂၁) သို့ ➤

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# Belt & Road Initiative အစီအစဉ်အရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပင်လယ်ရေကြောင်းလမ်းသုံးခုဆောင်ရွက်ရန် တရုတ်အဆိုပြု

Belt & Road Initiative အစီအစဉ်အရ ပူးပေါင်းဆောင်ရွက်မှုဖြင့် အာရှ၊ အာဖရိက၊ သမုဒ္ဒရာကျွန်းနိုင်ငံများနှင့် ဥရောပကို ရေကြောင်း စီးပွားရေးလမ်းကြောင်းသုံးခုဖြင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်ရန်အတွက် Vision for Maritime Cooperation under the Belt & Road Initiative စာအုပ်ကို National Development and Reform Commission နှင့် the State Oceanic Administration က ဇွန်လ ၂၀ ရက်က ထုတ်ပြန်ထားပါသည်။

အဆိုပါအဆိုပြုချက်သည် Belt & Road Initiative စတင်သည့် သုံးနှစ်တာအတွင်း တရုတ်နိုင်ငံက ပထမအကြိမ်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ထိုလမ်းကြောင်းသုံးခုမှာ China-Indian Ocean-Africa –Mediterranean Sea Blue Economic Passage ၊ China –Oceania-South Pacific Blue Economic Passage နှင့် Europe via the Arctic Ocean တို့ဖြစ်ကြောင်းသိရပါသည်။ China-Indian Ocean-Africa –Mediterranean Sea Blue Economic Passage သည် တရုတ်ပင်လယ် ကမ်းရိုးတန်း စီးပွားရေးလမ်းကြောင်းကို အခြေခံပြီး တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ်စီးပွားရေး စင်္ကြံ၊ တောင်တရုတ်ပင်လယ်မှ အိန္ဒိယသမုဒ္ဒရာ လမ်းကြောင်းနှင့် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံတို့ကို ဆက်သွယ်ချိတ်ဆက်မည်ဖြစ်သည်။

China –Oceania-South Pacific Blue Economic Passage မှာ တောင်တရုတ်ပင်လယ်မှ ပစိဖိတ်သမုဒ္ဒရာကို ဆက်သွယ်မည့်လမ်းဖြစ်သည်။ Europe via the Arctic Ocean လမ်းကြောင်းနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်မှုမရှိသေးကြောင်းသိရပါသည်။ တရုတ်အစိုးရက ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးနှင့်ပတ်သက်၍ ပင်လယ်ရေကြောင်းဆက်သွယ်မှု၊ဘေးကင်းလုံခြုံရေး၊ သမုဒ္ဒရာဂေဟစနစ်ကာကွယ်ထိန်းသိမ်းရေးနှင့် သုတေသနဆိုင်ရာ လုပ်ငန်းများကို အတူလက်တွဲဆောင်ရွက်ရန် OBOR နိုင်ငံများအား တောင်းဆိုထားပါသည်။ အဆိုပါပန်းတိုင်အောင်မြင်ရန် အာဆီယံနိုင်ငံများနှင့် Marine Environmental Protection Cooperation Mechanism ကိုတည်ထောင်ရန် မျှော်မှန်းထားကြောင်းလည်းသိရှိရပါသည်။ ထို့အပြင်ကျွန်းနိုင်ငံများ၏ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့်ပတ်သက်၍ အကူအညီပေးသွားမည်ဖြစ်ပြီး သုတေသနဆောင်ရွက်မှု စွမ်းရည်မြှင့်တင်ရန်လည်းပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# မြန်မာနှင့် ကတိကဝတ်ပြုထားသည့် အခြေခံအဆောက်အအုံ စီမံကိန်းများအား အိန္ဒိယနိုင်ငံက အရှိန်မြှင့်ဆောင်ရွက်

အိန္ဒိယအစိုးရသည် မြန်မာနိုင်ငံနှင့် ကတိကဝတ်ပြုထားသည့် အခြေခံအဆောက်အအုံ စီမံကိန်းများ အကောင်အထည်ဖော်မှုတွင် နောက်ဆုံးသတ်မှတ်ကာလများထက် များစွာကျော်လွန်လျက်ရှိပြီး တရုတ်နိုင်ငံက လက်ဦးမှုရယူနေသည့်အတွက် ယခုအခါ အဆိုပါ စီမံကိန်းများအား အရှိန်မြှင့်ဆောင်ရွက်ရန် ကြိုးပမ်းနေကြောင်း၊ အိန္ဒိယအနေဖြင့် မြန်မာနိုင်ငံအတွက် အကူအညီနှင့် ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅ ဘီလီယံကျော်အထိ သုံးစွဲခဲ့သော်လည်း စီမံကိန်း အကောင်အထည်ဖော်ရာ၌ နှောင့်နှေးကြန့်ကြာနေမှုကြောင့် နိုင်ငံ၏ ဂုဏ်သတင်းကို ထိခိုက်စေခဲ့ကြောင်း Times of India သတင်းစာတွင် ထောက်ပြထားသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Vikram Misri က အိန္ဒိယအစိုးရက အကောင်အထည်ဖော်နေသည့် စစ်တွေဆိပ်ကမ်းနှင့် ပလက်ဝဆိပ်ကမ်း တည်ဆောက်ခြင်းလုပ်ငန်းများမှာ ပြီးစီးပြီဖြစ်ကြောင်း၊ ပလက်ဝမှ ဇိုရင်ပူကားလမ်းဖောက်လုပ်ရန်အတွက် စာချုပ်ချုပ်ဆိုရန် နောက်ဆုံးအဆင့်သို့ ရောက်ရှိပြီဖြစ်ကာ အောက်တိုဘာလတွင် လုပ်ငန်းများစတင်ရန် မျှော်မှန်းထားကြောင်း၊ အိန္ဒိယအစိုးရသည် မြန်မာ နိုင်ငံတွင် သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ မူလက ၂၀၁၄ ခုနှစ်တွင်ပြီးစီးရန် ရည်မှန်းခဲ့သော်လည်း ယခုအခါ ၂၀၂၀ ခုနှစ်ရောက်မှသာ ပြီးစီးနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့အပြင် တမူး-ကလေးလမ်းပေါ်ရှိ တံတား ၆၉ စင်း ပြင်ဆင်ခြင်း၊ ကလေးဝ-ယာကြီးလမ်းပိုင်း တည်ဆောက်ခြင်း၊ ရိဒ်- ထီးတန်းလမ်းပိုင်း တည်ဆောက်ခြင်းတို့ကိုလည်း ၎င်းတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားထားသည်ဟု အဆိုပါ သတင်းစာမျက်နှာ၌ ဖော်ပြထားပါသည်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးတွင် လတ်တလော၌ နေပြည်တော်သို့ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၊ S Jaishankar သွားရောက်ခြင်းကဲ့သို့သော တရားဝင်ခရီးစဉ်များ တွေ့မြင်ရသော် လည်း အိန္ဒိယအစိုးရသည် မြန်မာနိုင်ငံ အား ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ နီပေါတို့ကဲ့သို့ အထူးအာရုံထားခြင်းမျိုး မရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒအရ မြန်မာနိုင်ငံသည် အရေးကြီးသော်ငြားလည်း မြန်မာနိုင်ငံအတွင်းသို့ တရုတ်၏အလုံးအရင်းနှင့် ဝင်ရောက်မှုကို ထိန်းညှိရုံသက်သက်မျှသာ အိန္ဒိယဆက်ဆံနေကြောင်း၊ မြန်မာအနေနှင့်လည်း တရုတ်နှင့် ဆက်ဆံရာ၌ အဆင်မပြေမှုများက အိန္ဒိယအတွက် အထောက်အကူပေးသကဲ့သို့ ဖြစ်ခဲ့ကြောင်း၊ ယခုအခါ တရုတ်နိုင်ငံက ဦးဆောင်အကောင်အထည်ဖော်နေသည့် OBOR စီမံကိန်းအရ ကျောက်ဖြူဆိပ်ကမ်း၌ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါးခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ် ရာ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သည့် အရပ်သားအစိုးရလက်ထက်တွင် မြန်မာ-တရုတ် ဆက်ဆံရေးမှာ ပိုမိုတိုးတက်လာပြီး အိန္ဒိယနှင့် ဆက်ဆံရေးထက် ပိုကောင်းလာနိုင်ကြောင်း၊ သို့ရာတွင် အိန္ဒိယနှင့် နှိုင်းစာလျှင် ကြီးကြီးမားမား မရှိသော်လည်း တရုတ်နိုင်ငံအပေါ် သံသယမကင်းသည့် အမြင်များမှာ ဆက်လက်ရှိနေသေးကြောင်း Times of India သတင်းတွင် ဖော်ပြထားပါသည်။

**ယဉ်ယဉ်နွယ်၊စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# Belt & Road နိုင်ငံများတွင် တရုတ်ငွေကြေးကို တိုးမြှင့်အသုံးပြုရန် မျှော်မှန်း

တရုတ်နိုင်ငံက Belt & Road နိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော် ငွေပေးငွေယူကိစ္စရပ်များ (Cross-border payment and settlement facilities for the currency) တွင် တရုတ်ငွေကြေးကို တိုးမြှင့်အသုံးပြုမည်ဖြစ်ကြောင်း ဗဟိုဘဏ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Yin Yong က ဇွန်လ ၆ ရက်တွင်ကျင်းပခဲ့သည့် China Investment Corp Forum ၌ပြောကြားခဲ့ပါသည်။ ယခုလက်ရှိ Belt & Road တွင်ပါဝင်သော နိုင်ငံ ၅၀ကျော်တွင် Cross-border payment ၌ တရုတ်ငွေကြေး ရင်မင်ဘီကို သုံးစွဲမှုမှာ ငါးရာခိုင်နှုန်းထက် လျော့နည်းနေသော်လည်း နောင်တွင် တိုးတက်သုံးစွဲလာမည့် အလားအလာရှိကြောင်း ဆက်လက်ပြောကြားထားပါသည်။

IMF ၏ Special Drawing Rights Basket ၌ တရုတ်ငွေကြေး ရင်မင်ဘီ ထည့်ဝင်ပြီးနောက် နိုင်ငံ၊ ဒေသများတွင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် Cross-border payment ၌ တရုတ်ငွေသုံးစွဲမှုမှာ တိုးမြှင့်လာခဲ့ကြောင်းသိရှိရပါသည်။

အချို့ Belt & Road နိုင်ငံများတွင် Off-Shore ရင်မင်ဘီ ငွေကြေးဈေးကွက်များ ထူထောင်လျက်ရှိကြောင်းလည်း သိရှိရပါသည်။ အဆိုပါနိုင်ငံများတွင် ဈေးနှုန်းသတ်မှတ်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေပေးချေမှု၊ ဘဏ္ဍာငွေ ထည့်ဝင်သုံးစွဲမှုများတွင် ယွမ်မင်ဘီ၏ အရေးပါမှုကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ဗဟိုဘဏ်က ပြောကြားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ၂၀၁၇–၁၈ သီးနှံရာသီ (ဇွန် –ဇူလိုင်)၊ နွေစိုက်သီးနှံ (Kharif Crops) များအတွက် MSP ဈေးနှုန်းများကို အိန္ဒိယအစိုးရက တိုးမြှင့်သတ်မှတ်

အိန္ဒိယအစိုးရသည် ယခုနှစ် သီးနှံရာသီအတွင်း စိုက်ပျိုးမည့် နွေစိုက်သီးနှံ (Kharif Crops) ၁၄ မျိုးအတွက် MSP ဈေးနှုန်းများကို ဇွန်လ ၇ ရက်က ကျင်းပခဲ့သည့် အစိုးရအဖွဲ့အစည်းအဝေး၌ အတည်ပြု သတ်မှတ်ခဲ့ရာ စိုက်ဧကများ ပိုမိုတိုးတက်လာစေရေးအတွက် တွန်းအားတစ်ရပ်ဖြစ်စေရန် ရည်ရွယ်၍ စပါးကီလိုဂရမ် ၁၀၀ အတွက် ယခင်ထက် ရူပီး ၈၀ နှင့် ပဲမျိုးစုံ တစ်ကွင်တယ်အတွက် ရူပီး ၄၀၀ စီ တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ ပဲပုပ်၊ နေကြာ၊ မြေပဲ၊ ပန်းနှမ်း၊ နှံစားပြောင်း၊ ပြောင်းဖူး စသည့် သီးနှံများအတွက်လည်း တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယဗဟိုအစိုးရသည် ဆန်နှင့် ဂျုံများအား MSP ဈေးနှုန်းများဖြင့် တောင်သူလယ်သမားများထံမှ နှစ်စဉ် ဝယ်ယူလေ့ရှိကာ အခြားသီးနှံများကိုမူ တောင်သူလယ်သမားများအနေဖြင့် ဈေးကွက်အတွင်း၌သာ ပုံမှန်အားဖြင့် ရောင်းချကြရပြီး၊ ဈေးကွက်ပေါက်ဈေးသည် သတ်မှတ်ထားသည့် MSP ဈေးအောက်သို့ ကျဆင်းချိန်မှသာ ဈေးနှုန်းထိန်းညှိရန်အတွက် အစိုးရက MSP ဈေးနှုန်းများအတိုင်း ဝယ်ယူပေးကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် အိန္ဒိယဗဟိုအစိုးရသည် အရန်ပဲသိုလှောင်ရန်အတွက် တောင်သူလယ်သမားများနှင့် ပြင်ပဈေးကွက်မှ ပဲတန်ချိန် သိန်း ၂၀ ခန့် ဝယ်ယူခဲ့ကြောင်း သိရပါသည်။

၂၀၁၇-၁၈ ရာသီ နွေသီးနှံဈေးကွက်များအတွက် အိန္ဒိယအစိုးရက နောက်ဆုံးအတည်ပြုသတ်မှတ်ထားသည့် MSP ဈေးနှုန်းအရ ပဲစင်းငုံ တစ်ကွင်တယ်လျှင် ရူပီး ၅၄၅၀၊ ပဲတီစိမ်း တစ်ကွင်တယ်လျှင် ရူပီး ၅၅၇၅၊ မတ်ပဲ တစ်ကွင်တယ်လျှင် ရူပီး ၅၄၀၀ တို့ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား http://farmer.gov.in/mspstatements.aspx တွင် မကြာမီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၆-၁၇ သီးနှံရာသီတွင် အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာ အစေ့အဆန် ထုတ်လုပ်နိုင်မှုမှာ တန်ချိန် ၂၇၃ ဒသမ ၃၈ သန်းထိ စံချိန်တင် ထွက်ရှိခဲ့သော်လည်း အလုံးအရင်းနှင့် ထွက်ရှိခဲ့သည့်အတွက် ဈေးနှုန်းကျဆင်းစေခဲ့ပြီး တောင်သူလယ်သမားများအား ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့ပါသည်။

သို့သော် အိန္ဒိယနိုင်ငံ၌ ယခုနှစ် မုတ်သုံရာသီမှာ ပုံမှန်အနေအထားရှိမည်ဟု ခန့်မှန်းထားရာ စိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်တွင်း၊ ပြည်ပ ဈေးကွက်အခြေအနေ၊ ရာသီဥတု အခြေအနေများကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်ရန် လိုအပ်လျက်ရှိကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

■

Vol: 17, No.25 Monday July 3 2017

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃၀–၆–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ်မှာ မူဆယ်ဈေးကွက်တွင် ပြောင်းဈေး ဆက်လက် ငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ၅၀ ကီလို တစ်အိတ်ကို ၇၂ ယွမ်မှ ၈၂ ယွမ်(တစ်တန် ယွမ် ၁၄၄၀ မှ ယွမ် ၁၆၄၀)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်မှုအနေနဲ့ ယခင်တစ်ပတ်က တန်ချိန် ၁၄၆၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်မှာ တန်ချိန် ၁၄၂၀၀ ကျော်သာ တင်ပို့နိုင်ခဲ့တာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေး ဆက်လက် တက်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး ဆက်လက်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၄၅၀ နဲ့ ဈေးမြင့်ခဲ့သလို ယခု တစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၄၈၀ (တစ်တန်ကျပ် ၂၉၃၉၄၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အရောင်းအဝယ် ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၂၆၃၀၀၀၀ ကျော်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာချိန် ၂၄၄၄၂၄၃ သာရှိခဲ့တာကြောင့် ယခင်တစ်ပတ်ကထက် ဈေးလျော့နည်းခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိကြောင်း သိရပါတယ်။

×××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေး ပြန်လည်တက်ရိပ်ပြပြီး မတ်ပဲဈေး ဆက်လက်ကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေး ပြန်လည် တက်ရိပ်ပြခဲ့ပေမယ့် မတ်ပဲဈေး ဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်တန်ကျပ် ၅၉၁၅၀၀ နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၆၂၁၀၀၀ နဲ့ပြန်လည်ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန်ကျပ် ၈၅၅၀၀၀ နဲ့ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၈၄၉၀၀၀နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်က တစ်တန်ကျပ် ၁၀၈၀၀၀၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၁၀၅၇၀၀၀ နဲ့ ဈေးထပ်မံကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၂၉၅၀၀ နဲ့ပြန်လည်ဈေးမြင့်ခဲ့ပြီး မတ်ပဲ FAQ(RC)က တစ်တန်ကို ကျပ် ၆၀၀၀၊ မတ်ပဲ SQ(RC) က တစ်တန်ကိုကျပ် ၂၃၀၀၀ နဲ့ ဈေးထပ်မံကျဆင်းခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မန္တလေး ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ပြန်လည်ဈေးမြင့်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ပြန်လည်ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၁၃၈၃ ကျပ်နဲ့ ဈေးကျခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၁၇ ကျပ် (တစ်တန်ကျပ် ၈၆၇၇၅၀) နဲ့ ပြန်လည် ဈေးမြင့်လာခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ် ပတ်က တစ်ပိဿာ ၉၀၅ ကျပ်ထိ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၆၃ ကျပ် (တစ်တန်ကျပ် ၅၈၉၇၃၀) နဲ့ ဈေးပြန်လည် တက်ရိပ်ပြခဲ့ပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံက ဈေးကွက်အတွင်း ပုံမှန် ဝင်ရောက်မှုရှိပြီး ရောင်းလိုအား၊ ဝယ်လိုအား ပုံမှန်ရှိကြောင်း သိရပြီး မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များ၊ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(အညာ) ရွှေဝါ တစ်ပိဿာ ၂၀၄၄ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၉၂၀ (တစ်တန်ကျပ် ၁၁၇၅၇၈၀) နဲ့ ရက်သတ္တသုံးပတ် ဆက်တိုက် ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ တရုတ်နိုင်ငံသို့ တင်ပို့မည့်သူများက ပဲတီစိမ်း(အညာ) ရွှေဝါကို ဝယ်လိုအား နည်းပြီး ရောင်းသူကလည်း ကြိုက်ဈေးမရတာကြောင့် အရောင်းအဝယ်အေးကာ ဈေးကျခဲ့ပြီး တစ်နေ့ကို အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် နှမ်းနက်စမုံက တစ်ပိဿာ ၂၅၅၆ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၅၇၈ ကျပ်(တစ်တန် ကျပ် ၁၅၇၈၇၄၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူ(ထိပ်စ) တစ်ပိဿာ ၂၃၅၆ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန်ကျပ် ၁၄၂၈၇၀၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ နှမ်းမျိုးစုံ အနေနဲ့ တစ်နေ့အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ စီပီပြောင်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၄၉၁ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၅၀၀ (တစ်တန်ကျပ် ၃၀၆၁၉၀) နဲ့ တရုတ်ဝယ်လက်နဲ့ အစာစပ်လုပ်ငန်းရှင်များက ဝယ်ယူမှုရှိကြောင်း သိရပါတယ်။

×××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးပြန်လည်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၁၃၉၀ ထိ ဈေးဆက်လက်ကျဆင်းခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၄၁၀(တစ်တန်ကျပ် ၈၆၃၄၆၀) နဲ့ ပြန်လည်ဈေးမြင့်ခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၉၀၅ ကျပ်နဲ့ ဈေးကျခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၆၅ ကျပ် (တစ်တန်ကျပ် ၅၉၀၉၅၀) နဲ့ပြန်လည်ဈေးမြင့်ခဲ့ပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၀၉၀ (တစ်တန်ကျပ် ၁၂၇၉၈၉၀)၊ နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၅၁၀(တစ်တန်ကျပ် ၁၅၃၇၀၉၀) နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ဈေးငြိမ်နေခဲ့ပြီး နှမ်းနီက တစ်ပိဿာ ကျပ် ၂၁၈၀ (တစ်တန်ကျပ် ၁၃၃၅၀၁၀) နဲ့ ယခင်တစ်ပတ်ထက် ဈေးနိမ့်ကာ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေး တက်ရိပ်ပြပြီး မတ်ပဲဈေးငြိမ်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲစင်းငုံနီ ဈေးပြန်လည် တက်ရိပ်ပြခဲ့ပြီး မတ်ပဲက ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၉၀၅ ကျပ်နဲ့ ဈေးဆက်တိုက်ကျဆင်းခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၉၈၀ (တစ်တန် ကျပ် ၆၀၀၁၄၀) ထိ ပြန်လည်ဈေးမြင့်ခဲ့ပါတယ်။ မတ်ပဲက ယခင်တစ်ပတ်ဈေး တစ်ပိဿာ ကျပ် ၁၄၀၀( တစ်တန် ကျပ် ၈၅၇၃၄၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များနဲ့ ရန်ကုန်ဝယ်လက်များကပါ ဝယ်လိုအားရှိပြီး အရောင်းအဝယ်အဖြစ်များခဲ့ကာ တစ်နေ့အိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းအကြီး(ထိပ်စ)အသစ်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၄၂ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၇၈၉ ကျပ် (တစ်တန်ကျပ် ၁၀၉၅၅၆၀ ) နဲ့ ဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းလုံးကြီး ထိပ်စ(အသစ်) က နယ်အဝင်များလာသလို မန္တလေးတင်ပို့သူများက အရည်အသွေး ကောင်းမွန်မှုကို ရွေးချယ်၍ ဝယ်လိုအားများနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၁၂၁ ကျပ်နဲ့ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၂၀၄၀( တစ်တန်ကျပ် ၁၂၄၉၂၇၀) နဲ့ ဆက်လက်ဈေးကျဆင်းခဲ့ပါတယ်။ အစေ့ထုတ် ပြောင်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၅၁၂ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၅၁၈ ကျပ် (တစ်တန်ကျပ် ၃၁၃၂၁၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေး ပြန်လည်တက်ရိပ်ပြပြီး ပဲတီစိမ်းဆက်လက်ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ ပြန်လည်ဈေးမြင့်လာခဲ့ပေမယ့် ပဲတီစိမ်းက ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၉၀၀ ထိ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၆၀ (တစ်တန်ကျပ် ၅၈၇၈၉၀ ) နဲ့ ပြန်လည် ဈေးမြင့်လာ ခဲ့ပါတယ်။ ပဲတီစိမ်းကတော့ ယခုတစ်ပတ်အထိ ရက်သတ္တငါးပတ် ဆက်တိုက် တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန်ကို ကျပ် ၉၆၄၅၁၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနီက တစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန်ကို ကျပ် ၁၂၂၄၇၈၀) နဲ့ ဆက်လက်ဈေးငြိမ်နေပါတယ်။ ယခင်တစ်ပတ်က နှမ်းနက် ရိုးရိုး တစ်ပိဿာ ကျပ် ၂၁၁၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန် ကျပ် ၁၂၂၄၇၈၀) နဲ့ ဈေးကျခဲ့ပါတယ်။ အလားတူ သိပ္ပံနှမ်းနက်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၅၃၅ ကျပ်မှ ယခုတစ်ပတ်မှာတစ်ပိဿာကျပ် ၂၅၁၀ (တစ်တန်ကျပ် ၁၅၃၇၀၉၀) နဲ့ဈေးကျခဲ့ကြောင်း သိရပါတယ်။ စီပီပြောင်းကတော့ တစ်ပိဿာ ၅၁၈ ကျပ် ( တစ်တန်ကျပ် ၃၁၇၂၁၀) နဲ့ အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ ဈေးပြန်လည် တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံ တစ်ပိဿာ ၉၂၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၇၅ ကျပ် (တစ်တန် ကျပ် ၅၉၇၀၈၀) နဲ့ ဈေးမြင့်ခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန် ဝယ်လက်က ဝယ်လိုအားနည်းမှုကြောင့် တစ်နေ့အိတ် ၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပဲတီစိမ်းလုံးကြီးက တစ်ပိဿာ ၁၅၂၆ကျပ် (တစ်တန် ကျပ် ၉၃၄၅၀၀) နဲ့ မန္တလေးတင်ပို့မည့်သူများက ပုံမှန်ဝယ်ယူမှုရှိပြီး တစ်နေ့အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်း လုံးသေးအသစ် တစ်ပိဿာ ၁၆၃၇ ကျပ်(တစ်တန် ကျပ် ၁၀၀၂၄၈၀) နဲ့ ရန်ကုန်ဝယ်လက်က ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ စီပီပြောင်းကို ရန်ကုန် ဝယ်လက်နဲ့ မန္တလေးဝယ်လက်များက ဝယ်ယူပြီး တစ်ပိဿာ ၄၈၃ ကျပ်(တစ်တန်ကျပ် ၂၉၅၇၈၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေး ဆက်လက်တက်ရိပ်ပြ

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေး ဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က စီပီပြောင်း တစ်ပိဿာ ကျပ် ၄၉၀ နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၅၀၀ (တစ်တန်ကျပ် ၃၀၆၁၉၀)နဲ့ ဆက်လက် ဈေးမြင့်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ပင်ရင်းဒေသ စည်းမျဉ်းနှင့် မှတ်ပုံတင်တင်ပို့သူစနစ်ဆိုင်ရာ သင်တန်းဖွင့်လှစ်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနကကြီးမှူး၍ ပင်ရင်းဒေသ စည်းမျဉ်းနှင့် မှတ်ပုံတင် တင်ပို့သူစနစ်ဆိုင်ရာ သင်တန်း (Training on Rules of Origin and REX System) ကို ဇူလိုင် ၁ ရက်နှင့် ၂ ရက်တို့တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို ကမ္ဘာပေါ်ရှိ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီးသည့် နိုင်ငံများမှတစ်ဆင့် တစ်ဖက်သတ်အကောက်ခွန် သက်သာခံစားခွင့် ရရှိလျက်ရှိသည့် ယေဘုယျအခွင့်အရေးပေးမှုစနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့်ပတ်သက်ပြီး ဖြစ်ပေါ်တိုးတက်လာသည့် လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို သိရှိအသုံးချနိုင်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ယေဘုယျအခွင့်အရေးပေးမှုစနစ် (GSP) အစီအစဉ်သည် အိန္ဒိယနိုင်ငံတွင် ၁၉၆၈ ခုနှစ်က ကျင်းပခဲ့သည့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (United Nations Conference on Trade and Development- UNCTAD) အစည်းအဝေးဆုံးဖြတ်ချက်အရ ဖော်ထုတ်ခဲ့သည့် အစီအစဉ်ဖြစ်ပြီး ၁၉၇၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အစီအစဉ်တွင် ၁၉၈၈ ခုနှစ်မှစတင်၍ ပါဝင် အကျိုးခံစားခွင့် ရရှိခဲ့ကြောင်း၊ လက်ရှိတွင် GSP စနစ်ကို ခွင့်ပြုပေးလျက်ရှိသည့် နိုင်ငံပေါင်း ၄၀ ရှိပြီး အဆိုပါနိုင်ငံများအနက် ဥရောပသမဂ္ဂ (အီးယူ)နိုင်ငံများလည်း ပါဝင်ပါကြောင်း၊ GSP အစီအစဉ်အရ အကောက်ခွန်သက်သာခွင့် ခံစားနိုင်ရန်အတွက် ထုတ်ပေးလျက်ရှိသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်မှာ GSP Form A ဖြစ်ကြောင်း၊ ယခုအခါ အဆိုပါ Form A ထုတ်ပေးသည့် စနစ်နေရာတွင် ပို့ကုန်တင်ပို့သူများ မှတ်ပုံတင်သည့်စနစ် (Registered Exporter System-REX System) ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ စတင်ကျင့်သုံးမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အကောင်အထည်ဖော်မည် ဖြစ်ကြောင်းကို အီးယူသို့ အကြောင်းကြားခဲ့ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပင်ရင်းနိုင်ငံစည်းမျဉ်း (Rules of Origin) ကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိထားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ ပို့ကုန်သွင်းကုန် (ရန်ကုန်) ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် အရာထမ်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ စုစုပေါင်း ၆၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## အိန္ဒိယနိုင်ငံတွင် BIMSTEC EXPO 2017 ပြပွဲ ကျင်းပမည်

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့တွင် စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ "BIMSTEC EXPO 2017" ပြပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပါဝင်ပြသမည်ဆိုပါကပြခန်း 3mx2m တစ်ခန်းလျှင် အမေရိကန်ဒေါ်လာ ၄၅၀ နှင့် B2B အတွက် အမေရိကန်ဒေါ်လာ ၁၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

အဆိုပါပြပွဲအား စိတ်ပါဝင်စားသည့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇၄၃၀ ၄၄၆,၄၃၀၄၄၇၊ဖက်စ်- ၀၆၇ ၄၃၀၁၂၈ ၊ E-mail: moctrade fair@gmail.com သို့ လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့) ဖုန်း-၀၁၂၅၄၀၂၄၊ ဖက်စ်-၀၁၂၅၄၀၂၃ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆုမွန်သိန်း(ကုန်သွယ်/ဖွံ့ဖြိုး)**

## တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့က ၎င်းတို့နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ကုန်စည်အချို့အပေါ် အကာအကွယ်ပေးမှု အကောက်ခွန် စည်းကြပ်မှုများ ပြုလုပ်မည်ဟု WTOသို့ အကြောင်းကြား

တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သွင်းကုန်အတားအဆီးဆိုင်ရာ သဘောတူညီချက် (The Agreement on Safeguards) ၏ အာတီကယ်(၁၂. ၁)ပါပြဋ္ဌာန်းချက်အရသကြားတင်သွင်းမှု အပေါ် သွင်းကုန်အတားအဆီးဆိုင်ရာ ပြဋ္ဌာန်းချက် (Safeguards Measure) ကျင့်သုံးမည်ဖြစ်ကြောင်း၊ WTO ၏ Committee on Safeguards သို့ အကြောင်းကြားကြောင်း ကော်မတီမှ မေ ၂၃ ရက်တွင် အသိပေးထုတ် ပြန်ချက်အရ သိရပါသည်။ အဆိုပါ ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံ၏ Safeguards Measure သတ်မှတ်ချက်တွင် ဘရာဇီး၊ ထိုင်း၊ ကျူးဘား၊ ဩစတြေးလျ၊ ဂွါတီမာလာ၊ တောင်ကိုရီးယား နိုင်ငံများမှ သကြား တင်သွင်းမှုများ အဓိက အကျုံးဝင်ကြောင်း ဖော်ပြထားပါသည်။ ၎င်း Safeguards Measure တွင် အကျုံးဝင်ခြင်း မရှိသောဖွံ့ဖြိုးဆဲနိုင်ငံများစာရင်းတွင် ပါဝင်သည့် မြန်မာနိုင်ငံမှ တင်ပို့မှုသည် သုညဒသမ ၁၁ရာခိုင်နှုန်း ရှိသဖြင့် Safeguard အစီအမံ ကျင့်သုံးမှုမှ ကင်းလွတ်ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံ၏ တင်ပြချက်အရ ကြံမှပြုလုပ်သော သကြား၊ မုန်လာဥနီမှ ထုတ်လုပ်သော သကြား အပါအဝင် သကြားကြမ်း၊ သန့်စင်ပြီး သကြားများကို HS code များဖြင့် ဖော်ပြလျက် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ ပထမသုံးလအထိ သွင်းကုန် မြင့်တက်ခြင်းကြောင့် ထုတ်လုပ်မှုနှင့် ပြည်တွင်းလုပ်ငန်းများ၏ လည်ပတ်မှုဆိုင်ရာ ညွှန်းကိန်းများဖြစ်သည့် ရောင်းချမှုပင်ငွေ၊ ဈေးနှုန်း၊ အသားတင်အမြတ်နှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်လည်ရရှိမှု အစရှိသည်တို့ ယိုယွင်းဆိုးရွားလာကာ ပြည်တွင်းလုပ်ငန်းကို သိသိသာသာ ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ တင်သွင်းမှု မြင့်တက်ခြင်းကို ပြည်တွင်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ခြင်း၊ ဈေးကွက်ဝေစုကို နှိုင်းယှဉ်ခြင်းဖြင့် စုံစမ်းစစ်ဆေးမှု ရလဒ်များကို ဖော်ပြထားကြောင်း တွေ့ရှိရ ပါသည်။

Safeguard duty ကို အဆိုပါနိုင်ငံများမှ တင်သွင်းသော သကြား တစ်ယူနစ်လျှင် ၄၅ ရာခိုင်နှုန်းဖြင့် စည်းကြပ်မည်ဖြစ်ပြီး တိုးတက်မှုရှိသောဖြေလျှော့ခြင်းများအရ ဒုတိယနှစ်ဖြစ်သော ၂၀၁၈-၂၀၁၉ တွင် ၄၀ ရာခိုင်နှုန်း၊ တတိယနှစ်ဖြစ်သော ၂၀၁၉-၂၀၂၀ တွင် ၃၅ ရာခိုင်နှုန်းကိုလည်း လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း၊ အဆိုပါ အကောက်ခွန်သည် တည်ဆဲသတ်မှတ်ထားသည့် tariff quota မဟုတ်သော သွင်းကုန်အပေါ် စည်းကြပ်မည်ဖြစ်ကြောင်း၊ ယင်းအကောက်ခွန် စည်းကြပ်မည့်နေ့မှာ ၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်က အာဏာသက်ဝင်ခဲ့ကြောင်း၊ စည်းကြပ်မည့် ကာလမှာ သုံးနှစ်ဖြစ်ကြောင်း၊အဓိက တင်ပို့သောနိုင်ငံများဖြစ်သည့် ဘရာဇီး၊ ထိုင်း၊ ကျူးဘား၊ ဩစတြေးလျ၊ ဂွါတီမာလာ၊ တောင်ကိုရီးယားတို့ဖြစ်ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုစုစုပေါင်းသည် ၉၇ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းနိုင်ငံများသည် Safeguard duty စည်းကြပ်ရန် အကျုံးဝင်ကြောင်း ဖော်ပြပါရှိပါသည်။

အလားတူ ဗီယက်နမ်နိုင်ငံသည်လည်း ၎င်းနိုင်ငံအတွင်းသို့ တင်သွင်းလာသော ဆေးသုတ်ရခြင်းမရှိသေးသော သွပ်ရည်စိမ် စတီးလ်ချပ်နှင့် စတီးလ်ချောင်းများ ( HS Code အရ 7210 .7010, 7210.7090, 7212.4010, 7212.4020, 7212.4090, 7225.9990, 7226.9919, 7226.9999) ၏ ပမာဏသည် ပြည်တွင်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ချက်အရ လည်းကောင်း၊ သိသိသာသာ မြင့်တက်ခြင်းအရ လည်းကောင်း ပြည်တွင်း စတီးလ်ထုတ်လုပ်သော လုပ်ငန်းများသည် ပြင်းထန်သော ထိခိုက်နစ်နာမှုဖြစ်စေရန် ခြိမ်းခြောက်သည့် အခြေအနေကို ခံစားရကြောင်း၊ အထူးသဖြင့် ပြည်တွင်းလုပ်ငန်းများ၏ ထုတ်လုပ်နိုင်စွမ်း၊ ဈေးကွက်ဝေစု၊ တင်ပို့မှု၊ အလုပ်သမား၊ ပျမ်းမျှသိုလှောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ညွှန်းကိန်းများသည် ၂၀၁၂-၂၀၁၆ ကာလအတွင်း ကျဆင်းခဲ့ရကြောင်း၊ သို့ဖြစ်၍ ဗီယက်နမ်နိုင်ငံသို့ အဆိုပါပစ္စည်းများ တင်ပို့သည့်နိုင်ငံများအပေါ် ကာကွယ်မှုအစီအမံ (Safeguards Measure) ကို စည်းကြပ်မည်ဖြစ်ကြောင်း WTO သို့ အကြောင်းကြားခြင်းဖြစ်ကြောင်း သိရပါသည်။ အဆိုပါအစီအမံ စည်းကြပ်မည့် နိုင်ငံများအနက် တောင်အာရှနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ် အစရှိသည့် နိုင်ငံများပါဝင်သော်လည်း အရှေ့တောင်အာရှနိုင်ငံများ ပါဝင်ခြင်းမရှိကြောင်းသိရှိရပါသည်။ အစီအမံအနေဖြင့် အကောက်ခွန်စည်းကြပ်မည့် ပမာဏနှင့် ကာလ အစရှိသည်တို့ကို အသေးစိတ်ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

## | ချုံသက်မှု |

သို့ဖြစ်ပါ၍ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၎င်းတို့နိုင်ငံအသီးသီးသို့ တင်သွင်းသော ကုန်စည်အချို့ကြောင့် ၎င်းတို့ နိုင်ငံအတွင်းရှိ သွင်းကုန်နှင့် အလားတူ ကုန်ထုတ်လုပ်ငန်းများ ထိခိုက်နစ်နာဖြစ်ပေါ်မှုကို ကာကွယ်ရန်အတွက် အဆိုပါသွင်းကုန်များအပေါ် Safeguards Measure များအဖြစ် အကောက်ခွန်များကို တိုးမြှင့်စည်းကြပ်ခြင်းဖြစ်ကြောင်း လေ့လာ သိရှိရခြင်းအပေါ် တင်ပြလိုက်ရပါသည်။

**Source, ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး**

# မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈၄ သန်းတန်ဖိုးရှိ ရေထွက် ကုန် ၆၈၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၁၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၈၈၈ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန်ချိန်အားဖြင့် ၂၀၂ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၁၂၉ သန်းလျော့နည်း တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ ငါးစည်ဖောင်း၊ ငါးကြင်းစည်ဖောင်း၊ ပုစွန်ခြောက်တို့ တင်ပို့ခဲ့ပြီး ငါးဆားနယ်၊ ငါးမျိုးစုံနဲ့ မျှော့အရှင်တို့ကို ပိုမိုတင်ပို့နိုင်ခဲ့ပေမယ့် ငါးလေးခြောက်၊ ငါးပူတင်းအရေခွံခြောက်နဲ့ ခရုတင်ပို့မှုလျော့နည်းခြင်းကြောင့် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးအနေဖြင့် ငါးရှဥ့်ဈေးရော ကဏန်းဈေးပါ ပြောင်းလဲမှုမရှိကြောင်း မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**



# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန် ၁၇ ရက်မှ ၂၃ အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၄၃၁ သန်း တန်ဖိုးရှိ ကွမ်းသီး ၅၂၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၈၇၀ တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၃၄၂ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးပိုမိုတင်ပို့ခဲ့ပေမယ့် ရိဒ်ကုန်သွယ်ရေးစခန်းမှ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုကဲ့သို့ လျော့နည်းရခြင်းဖြစ်တယ်လို့ သိရ ပါတယ်။

တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၃ သန်း တန်ဖိုးရှိ ကွမ်းသီး ၄၉၇ တန်နဲ့ တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၈ သန်း တန်ဖိုးရှိ ကွမ်းသီး ၃၁ တန်ကို တင်ပို့ခဲ့တယ်လို့သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃၈ သန်းတန်ဖိုးရှိ စီးကရက်၊ ပဲပုပ်စေ့နဲ့ နန့်ဖာလုံအမယ်စုံတို့ကို ၅၁ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသုညဒသမ ၀၉၉ သန်း တန်ဖိုးရှိ ငရုတ်ကောင်း၊ သီဟိုဠ်စေ့၊ မုန့်မျိုးစုံ၊ စောင်၊ မစီးဖိနပ်၊ မဝတ်တီရှပ်တို့ကို ၉၉ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်၊ ထိုင်းနဲ့ အိန္ဒိယ ဆိုင်ကယ်များ တင်သွင်းမှု လျော့ကျ

ပြည်ပမှ ဆိုင်ကယ်များကို တရုတ်နယ်စပ်၊ ထိုင်းနယ်စပ်နဲ့ အိန္ဒိယ နယ်စပ် များမှ တစ်ဆင့်တင်သွင်းလျက်ရှိရာ ဇွန်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၈၄ သန်းခန့်ရှိ ဆိုင်ကယ် ၁၂၅၆၉ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၀၀၄ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၃၅ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးစခန်းအလိုက် တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၇၁ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၀၅၈၀ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၀ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၄၂၅ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၅၃၄ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၉ သန်း တန်ဖိုးရှိ ဆိုင်ကယ်အစီး ၃၀ ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ထိုင်းပို့ကုန်တိုးတက်မှုနှုန်း ယခင်လေးနှစ်ထက် မြင့်တက်

| သောင်းနိုင်(တာချီလိတ်) |

၂၀၁၇ ခုနှစ်၊ မေလအတွက် ထိုင်းပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉ ဘီလီယံ (ဘတ် ၆၇၆ ဘီလီယံ)ရောက်ရှိခဲ့ပြီး တိုးတက်မှုနှုန်း ၁၃ ဒသမ ၂ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကာ လွန်ခဲ့သည့် လေးနှစ်ကထက် တိုးတက်မှုနှုန်း ပိုမိုခဲ့ကြောင်း၊ ကမ္ဘာ့စီးပွားရေး နာလန်ထူလာမှုကြောင့် ဝယ်လိုအားမြင့်တက်စေခဲ့သည့်အပြင် ဘတ်ငွေတန်ဖိုး မြင့်တက်မှုကြောင့် ထိခိုက်မှုကိုပင် ကျော်လွှားနိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမူဝါဒနှင့် မဟာဗျူဟာရုံးညွှန်ကြားရေးမှူးချုပ် Ms.Pimchawk Vonlwrpon က မေလပို့ကုန် တိုးတက်မှုနှုန်းသည် ဧပြီလ၏ ပို့ကုန်တိုးတက်မှုနှုန်း ၈ ဒသမ ၄ ရာခိုင်နှုန်းထက်ပင်များစွာ ကျော်လွန်ခဲ့ကြောင်း၊ ထုတ်ကုန်အများစုအပေါ် ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားပါသည်။ မေတွင် လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်မှာ ၁၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၄ ဘီလီယံ ရရှိခဲ့ကြောင်း၊ ရော်ဘာ၊သကြား၊ ဆန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးအစိုများကိုလည်း တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ဒူးရင်းသီး တင်ပို့မှုမှာ ယခင်နှစ်ကထက် ၁၅၉ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။ စက်မှုတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆ ဘီလီယံရှိခဲ့ပြီး ၁၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ရော်ဘာကုန်ချော၊ မော်တော်ကားများ၊ လျှပ်စစ်သုံး ဆားကစ်ပြားများ၊ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ အဓိက ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ကျောက်မျက်ရတနာ တင်ပို့မှုမှာ ကျဆင်းခဲ့ကြောင်း သူမက ဆက်လက်ပြောကြားခဲ့ပါသည်။

မေအတွက် သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၉ ဘီလီယံရှိခဲ့ပြီး ၁၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၉၉၄ သန်းရှိခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းပို့ကုန်တန်ဖိုး တိုးတက်မှုသည် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ဘတ်ငွေတန်ဖိုး မြင့်တက်မှုအပေါ် ထိခိုက်နိုင်မှုကို စိုးရိမ်နေကြခြင်းအား လျော့ပါးစေနိုင်မည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းမှုကြောင့် ထိုင်းပို့ကုန်များ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကျဆင်းသွားမည်ကို ပို့ကုန် လုပ်ငန်းရှင်များက စိုးရိမ် နေကြခြင်းဖြစ်ကြောင်း ပြောကြားသွားပါသည်။

ထိုင်းဗဟိုဘဏ်မှ စီးပွားရေးဆိုင်ရာ လေ့လာမှုနှင့် ငွေကြေးမူဝါဒဌာန အကြီးတန်း ညွှန်ကြားရေးမှူး Mr.Don Nakornthab က မေလအတွင်း ထိုင်းကုန်စည်တင်ပို့မှုသည် ၁၃ဒသမ ၂ရာခိုင်နှုန်း တိုးတက်လာ၍ ဗဟိုဘဏ်မှ မျှော်မှန်းထားသည့် နှုန်းထားထက် ပိုမိုခဲ့ကြောင်း ပြောကြားပါသည်။

ယခုနှစ်အတွက် ကုန်စည်တင်ပို့မှု ၂ဒသမ ၂ရာခိုင်နှုန်းနှင့် GDP ၃ဒသမ၄ ရာခိုင်နှုန်း တိုးတက်မည်ဟု ထိုင်းဗဟိုဘဏ်က ခန့်မှန်းထားသည်။ ကုန်စည်တင်ပို့မှု ၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန် ခန့်မှန်းချက်မှာ နည်းပါးသည်ဟု ထင်မြင်နိုင်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအား စောင့်ကြည့်ပြီး ခန့်မှန်းချက်အား ပြန်လည်ပြင်ဆင်သွားရန်ရှိကြောင်း Mr.Don က ဆက်လက် ပြောကြားပါသည်။

ထိုင်းအမျိုးသား သယ်ယူပို့ဆောင်ရေးကောင်စီ ဥက္ကဋ္ဌ Ms.Ganya Phad Tantipipatpong က ဇွန်လအတွင်း ပို့ကုန်ဆက်လက်တိုးမြှင့်ရန် အလားအလာရှိကြောင်း၊ ကဏ္ဍအသီးသီးမှ အမှာစာများ တိုးမြှင့်လက်ခံရရှိထားကြောင်း ပြောကြားပါသည်။

သို့သော်လည်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ပြောကြားချက်အရ ၂၀၁၆ ခုနှစ်၊ မေလက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ဒသမ၆ ဘီလီယံနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်းမှာ မျှော်မှန်းထားသည်ထက်မြင့်မားခဲ့သော်လည်း အကျိုးသက်ရောက်မှု နည်းပါးခဲ့ကြောင်း သိရှိရပါသည်။ ယခုနှစ် ပထမငါးလပတ်၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၉၃ဒသမ၂၆ ဘီလီယံရှိခဲ့ပြီး ၇ဒသမ၂ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ တစ်ပြိုင်တည်း၌ပင် သွင်းကုန်တန်ဖိုးမှာလည်း အမေရိကန် ဒေါ်လာ ၈၈ဒသမ၂၁ ဘီလီယံရှိခဲ့ပြီး ၁၅ဒသမ၂ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ သို့ဖြစ်၍ ပထမ ငါးလကာလအတွက် ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၅ ဘီလီယံသာရှိခဲ့၍ ဖြစ်ကြောင်း ရှင်းလင်း ပြောကြားပါသည်။

အဓိကပို့ကုန်ဈေးကွက်များဖြစ်သော ဂျပန်သို့ ၂၅ ဒသမ ၇ ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂနိုင်ငံများသို့ ၁၃ ဒသမ ၃ ရာခိုင်နှုန်း ၊ အမေရိကန်နိုင်ငံသို့ ၈ဒသမ၈ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ကြောင်း ထုတ်ပြန်ထားရှိပါသည်။

တရုတ်နိုင်ငံသို့တင်ပို့မှုမှာ ၂၈ဒသမ ၃ ရာခိုင်နှုန်း ၊ အာဆီယံ ငါးနိုင်ငံ (မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဘရူနိုင်း) သို့ တင်ပို့မှုမှာ ၁၄ဒသမ ၂ရာခိုင်နှုန်း၊ တောင်အာရှသို့ တင်ပို့မှုမှာ ၁၈ ရာခိုင်နှုန်း နှင့် CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်) နိုင်ငံများသို့ တင်ပို့မှုမှာ ၁၄ ဒသမ ၃ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ အရှေ့အလယ်ပိုင်းသို့ တင်ပို့မှုမှာလည်း ၁၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အဓိကအားဖြင့် ဆန်၊ အအေးခဲရေထွက်ပစ္စည်းများ၊ မိုဘိုင်းလက်ကိုင်ဖုန်းများ ဝယ်လိုအား တိုးတက်ခဲ့၍ဖြစ်ကြောင်းနှင့် မော်တော်ကားနှင့် လေအေးပေးစက် တင်ပို့မှုမှာ လျော့နည်းခဲ့ကြောင်း ဖော်ပြထားပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်၊ ပို့ကုန်တိုးတက်မှုနှုန်း လျာထားချက် ငါးရာခိုင်နှုန်းကို ထိန်းသိမ်းထားနိုင်မည် ဖြစ်ကြောင်း၊ ဘတ်ငွေတန်ဖိုး တိုးတက်သော်လည်း ကမ္ဘာ့စီးပွားရေး တိုးတက်လာမှုနှင့်အတူ ထိုင်းပို့ကုန်များအပေါ် ဝယ်လိုအား တိုးမြှင့်လာမည်ဟု ယုံကြည်ကြောင်း ဖော်ပြသွားပါသည်။

**သတင်းရင်းမြစ် -(၂၃-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ - Export growth races to four-year high " သတင်း**

# ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ပစ္စည်းတင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန် ၁၇ ရက်မှ ၂၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၉၉၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၂၁၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁၇ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်းတင်ပို့မှု အနည်းငယ်ပိုမိုခဲ့ပေမယ့် မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်းများ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုကဲ့သို့ လျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၄၂ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ရေဘဝဲ၊ ပုစွန်၊ ကင်းမွန်၊ ကဏန်းနဲ့ အခြားရေထွက်တို့ကို ၁၁၈၃ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅၅ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ သဲကဏန်း၊ ပြည်ကြီးငါးတို့ကို ၇၆၈ တန် တင်ပို့ခဲ့တယ်လို့ သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

# ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အပံ့ပေးရေးအတွက် နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်မှု မူဘောင် သဘောတူညီချက်အား သက်တမ်းတိုးမြှင့်

မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့အကြား သဘောတူဆောင်ရွက်ထားသည့် နိုင်ငံတော်အဆင့်ပူးပေါင်းဆောင်ရွက်မှု မူဘောင် Country Partnership Framework (CPF) အား မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုပပျောက်စေရေး ကူညီဆောင်ရွက်ပေးရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုရည်ရွယ်၍ နောက်ထပ် သက်တမ်းနှစ်နှစ်ထပ်မံ၍ တိုးမြှင့်လိုက်ကြောင်း တရားဝင်ပြောရေးဆိုခွင့်ရ သတင်းဌာနများ၏ ဖော်ပြချက်အရ သိရှိရပါသည်။

ထပ်မံတိုးမြှင့်လိုက်သည့် သက်တမ်းနှစ်နှစ်အတွင်း ကမ္ဘာ့ဘဏ်အုပ်စု၏ ငွေကြေးလုပ်ငန်းခွဲတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့ အစည်း(IDA) မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံအထိ ဘဏ္ဍာရေး ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များနှင့် အကြံပေးဝန်ဆောင်မှုများ ပံ့ပိုးပေးရန် လျာထားပါကြောင်း ကမ္ဘာ့ဘဏ်အုပ်စု၏ ထုတ်ဖော်ပြောကြားမှုအရ သိရှိရပါ သည်။

၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သည့် CPF သဘောတူညီချက်ကြောင့် မြန်မာ့လူဦးရေ ၅ ဒသမ ၄သန်းသည် ပိုမိုကောင်းမွန်သောစာသင်ကျောင်းများ၊ လမ်းများနှင့် အခြားသော အခြေခံအဆောက်အအုံများရရှိကာ အကျိုးခံစားခွင့်ရရှိ ခဲ့ကြပြီးဖြစ်ကာ ကျောင်းသားဦးရေ ၁၅၀၀၀၀ ကျော်ကိုလည်း ပညာသင်ကြားမှုအတွက် ထောက်ပံ့ကြေးများ ပေးအပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

CPF သဘောတူညီချက်အားသက်တမ်းတိုးမြှင့်လိုက်ခြင်းသည် မြန်မာ့စီးပွားရေးမူဝါဒနှင့်လည်း ကိုက်ညီပြီး မြန်မာနိုင်ငံ၏ တိုးတက်မှုများပိုမိုခိုင်မာလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးစားပေးကဏ္ဍများဖြစ်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ အစာအာဟာရ ပြည့်ဝစေရေး၊ ကောင်းမွန်သောအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်ရေးတို့မှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကျော်ဝင်း၏ ပြောကြားချက်အရ သိရှိရကြောင်း ဖော်ပြပါရှိပါသည်။

၂၀၁၇ ခုနှစ် ဧပြီလတွင် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်တည်ငြိမ်မှုကို ရေရှည်ဆက်လက်ထိန်းသိမ်းစေနိုင်ရေး အကူအညီပေးရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချစေရေးတို့ကို အကူအညီပေးရန်အတွက် မြန်မာနိုင်ငံအား အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေပေးရန် ကမ္ဘာ့ဘဏ်မှ အတည်ပြုပြီးဖြစ်သည်ဟု သိရှိရသည်။

**ဝင်းပပသူ(မူဆယ်)**





# အင်းတိုင်တပ်နယ်တွင် စားသုံးသူ အကာအကွယ် ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် ပူးပေါင်း၍ ဇွန် ၂၈ ရက်က လှည်းကူးမြို့နယ်၊ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်၊ ရန်ငြိမ်းအေးခန်းမတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် အင်းတိုင်တပ်နယ်အတွင်းရှိ အရာရှိ/အရာခံ၊ အကြပ်စစ်သည်၊ မှီခိုသူမိသားစုများကို စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ရာ စုစုပေါင်း ၅၃၀ ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် အင်းတိုင်တပ်နယ်၊ ခမရ(၂၁၉) မှ ဒုတိယဗိုလ်မှူးကြီးညီညီဦးက နှုတ်ခွန်းဆက်အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှမော်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံ၊ စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်နှင့်တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ နေ့စဉ်ဝယ်ယူသုံးစွဲနေရသော စားသောက်ကုန်နှင့် ပစ္စည်းများတွင် စားသုံးသူများ ကြုံတွေ့နေရသော ဘေးဥပဒ်အန္တရာယ်အကြောင်းတို့ကို ဆွေးနွေးခဲ့ပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခိုင်စုမြတ်က ဌာန၏နောက်ခံသမိုင်း၊ ဌာန၏ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ အမျိုးသားအစားအသောက်ဥပဒေ၏ ရည်ရွယ်ချက်၊ စားသုံးသူအကာအကွယ်ပေးရေးအတွက် ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီး စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ အစားအသောက်နှင့် ဆေးဝါးများဝယ်ယူရာတွင် သတိပြုရမည့်အချက်များ၊ မြန်မာနိုင်ငံဆေးဝါး မှတ်ပုံတင်အမှတ် ကြည့်ရှုနည်းများကို ရှင်း လင်းဆွေးနွေးပြောကြားသွားပြီးနောက် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် အမှတ်တံဆိပ်တွင်ပါရှိသည့်အညွှန်းအတိုင်း သုံးစွဲရမည်မှာ စားသုံးသူများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ စားသုံးသူတွေရဲ့ နေထိုင်စားသောက်မှုပုံစံပြောင်းရန် လိုအပ်ကြောင်း၊ စားသုံးသူတွေကို ဘေးဥပဒ်အန္တရာယ်ဖြစ်စေမယ့် ကုန်စည်၊ ဝန်ဆောင်မှုတွေကိုတွေ့ရှိပါက အချက်အလက်၊ အထောက်အထားများပြည့်စုံစွာဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းရုံးနှင့် ခရိုင်ဦးစီးမှူးရုံးများသို့ တယ်လီဖုန်း၊ စာ၊ လူကိုယ်တိုင်တို့ဖြင့် တိုင်ကြားနိုင်ပါကြောင်း ဆွေးနွေးပြောကြားသွားပါတယ်။

အလားတူ ဇွန်လစတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ အနောက်ပိုင်းခရိုင်တွင် လေးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၅ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၉ နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်မြဦး (စားသုံးသူ)ရန်ကုန်**

# မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ဦးစားပေးကဏ္ဍနယ်ပယ် ၁၀ ခုအား ထုတ်ဖော်ကြေညာ

မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပမှ စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံ မှုများ ဆောင်ရွက်ရာ၌ ဦးစားပေးဆောင်ရွက်မည့် ကဏ္ဍ ၁၀ ခုအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ထုတ်ဖော်ကြေညာခဲ့သည်။

ဦးစားပေးကဏ္ဍနယ်ပယ် ၁၀ ခုအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ၊ ပို့ကုန်မြှင့်တင်နိုင်ရေး ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားပေးကဏ္ဍဆိုင်ရာလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုလုပ်ငန်းများ၊ တန်ဖိုးနည်းအိမ်ရာတည်ဆောက်ခြင်း လုပ်ငန်းများနှင့် စက်မှုမြို့တော်တည်ဆောက်ခြင်း လုပ်ငန်းများတို့ ပါဝင်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်သည် ပြီးခဲ့သောနှစ် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးခဲ့ပြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုပေးခဲ့သည့်အတွက် ၂၀၁၇ ခုနှစ် မတ်လမှစ၍ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူစွာဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

အဆိုပါ ဥပဒေသည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း (IMF) ၏အကူအညီဖြင့် ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အကြံပြုချက်များအပေါ် အခြေခံ၍ ၂၀၁၂ ခုနှစ်တွင် ရေးဆွဲခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်း၊ ၂၀၁၃ ခုနှစ်တွင် မူကြမ်းရေးဆွဲခဲ့သည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့နှင့် ပေါင်းစပ်ကာ ၂၀၁၃ ခုနှစ်တွင် ဥပဒေ မူကြမ်း ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အစိုးရမှ အခွန်ဖြေလျှော့ခြင်းဆိုင်ရာများအား ဥပဒေသစ် ပြဋ္ဌာန်းအသက်ဝင်ပြီးသည့် အချိန်မှသာ ခံစားနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

မြန်မာနိုင်ငံ၌ ၁၉၉၈ နှောင်းပိုင်းကာလများတွင် မြန်မာပြည်သူများ၏ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ကျပ်ငွေ ၁၃ ဒသမ ၁၉၁ ထရီလီယံ(အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၉ ဘီလီယံ) ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် မတ်လထိ တရားဝင်ထုတ်ပြန်ထားသော စာရင်းအင်းများအရ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ၁၂၄၆ ခုရှိပြီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၀ဒသမ ၃၅ ဘီလီယံရှိလာကြောင်း ဖော်ပြပါရှိပါသည်။

၂၀၁၇ ဧပြီလတွင် အစပြုခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၆ ဘီလီယံ ရှိရန် မြန်မာနိုင်ငံမှ မျှော်မှန်းထားကြောင်း ဖော်ပြပါရှိသည်။

**ဝင်းပပသူ(မူဆယ်)**

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။






# တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

မင်းမဟာ(မူဆယ်)၊ အေးအေးဝင်း(ကုန်သွယ်ဦးစီး)

နိုင်ငံတော် အစိုးရအနေနဲ့ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် လုပ်ဆောင်လျက်ရှိရာမှာ ကုန်သည်လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေဖို့အတွက် ဖြေလျှော့မှုပေါင်း များစွာကိုလည်း ပြုလုပ်ပေးထားပြီးဖြစ်ပါတယ်။

နယ်စပ်ဒေသများမှ ကုန်စည်ကူးသန်းရောင်းဝယ်ရာမှာလည်း ကုန်သည်လုပ်ငန်းရှင်ငယ်လေးများအဆင်ပြေစေဖို့အတွက် ITC ကတ်နဲ့ ကုန်သွယ်မှုပြုစေနိုင်ဖို့ လုပ်ဆောင်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ ရှည်လျားလှတဲ့ နယ်စပ်ဒေသကို ပိုင်ဆိုင်ထားတာဖြစ်တဲ့အတွက် နယ်စပ်ဒေသများနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်ရာမှာ တရားဝင် ကုန်စည်ကူးသန်းရောင်းဝယ်မှုသာမက တရားမဝင် ကုန်စည်ကူးသန်းရောင်းဝယ်မှုတွေပါ ဒွန်တွဲပြီး ပါလာခဲ့ပါတယ်။

တရားမဝင်ကုန်စည်ကူးသန်းရောင်း ဝယ်မှုများကို ယခင်အစိုးရလက်ထက်က မိုဘိုင်းအဖွဲ့များဖြင့် တားဆီးစစ်ဆေးခဲ့သော်လည်း ယခုအစိုးရသစ်လက်ထက်မှာတော့ ရေပူစစ်ဆေးရေး စခန်းတစ်ခုသာ ဖွင့်လှစ်ပြီး တရားမဝင် ကုန်ပစ္စည်းများကို တားဆီးစစ်ဆေးလျက်ရှိပါတယ်။

ဒါကြောင့် နယ်စပ်စခန်းအသီးသီးမှာရှိတဲ့ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများရဲ့ စခန်းတာဝန်ခံများဟာ တရားမဝင်ကုန်သွယ်မှုပပျောက်ရေးနဲ့ တရားမဝင်ကုန်စည်စီးဆင်းမှုများမရှိစေရေးအတွက် မျက်ခြည်မပြတ် စစ်ဆေးတားဆီးလျက်ရှိပါတယ်။ အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးဇုန်များ အနက် မူဆယ်နယ်စပ် ကုန်သွယ်ရေးဇုန်နဲ့ မြဝတီ နယ်စပ်ကုန်သွယ်ရေးဇုန်တို့ကို ဝင်ရောက်ရာ လမ်းကြောင်းများဟာ ရှောင်ကွင်းလမ်းတွေ အများအပြားရှိတာကြောင့် တရားမဝင် ကုန်သွယ်မှု အများဆုံးရှိတဲ့ဒေသကြီး တစ်ခုလို ဖြစ်နေတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

ဝိသမသမားကုန်သည်များဟာ မိမိနိုင်ငံတွင်းက အဖိုးတန်သဘာဝ သယံဇာတများသာမက ပြည်ပမှ အန္တရာယ်ရှိတဲ့စားသောက်ကုန်တွေ၊ လူသုံးကုန်ပစ္စည်းတွေကိုလည်း တင်သွင်း/ တင်ပို့နေကြတာကို ဝမ်းနည်းစွာ တွေ့ရှိနေရပါတယ်။

နယ်မြေဒေသမငြိမ်းချမ်းမှုဟာ တရားမဝင်ကုန်သွယ်မှုကိုအများအပြား ဖြစ်ပေါ်လာအောင် လက်ယပ်ခေါ်နေသလိုဖြစ်တာကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အဓိကထားပြီး လုပ်ဆောင်နေတာဟာ တော်တော်ကို ခရီးပေါက်နေပြီဖြစ်ပါတယ်။

တရားမဝင် ကုန်သွယ်မှုကို တားဆီးရာမှာ နယ်စပ်စခန်းအသီးသီးမှ စခန်းတာဝန်ခံများသာမက ပြည်သူများလည်း ပူးပေါင်းပါဝင်ကြရမှာဖြစ်ပါတယ်။

ဒါပေမဲ့လည်း မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှာတော့ အမြဲလိုလို တရားမဝင် ကုန်ပစ္စည်းတွေ ဖမ်းဆီးရမိနေတာကို သိရှိနေရပါတယ်။ တရားမဝင်ကုန်ပစ္စည်းများဟု ဆိုရာမှာလည်း အထူးအားဖြင့် တမလန်းသစ်နဲ့ ကျောက်စိမ်းများကိုသာ တရားမဝင် သယ်ဆောင်နေကြတာ ဖြစ်ပါတယ်။ ရံဖန်ရံခါမှာတော့ ကျွဲနွားတွေ၊ ရှားပါးတိရစ္ဆာန်တွေကို တရားမဝင် သယ်ဆောင်ရောင်းဝယ်ကြတာရှိပေမယ့် အများဆုံးကတော့ ကျောက်စိမ်းနဲ့ တမလန်းသစ်များသာဖြစ်ပါတယ်။

တရားမဝင်ကုန်ပစ္စည်းတွေကို သယ်ဆောင်ကြရာမှာ ယခင်က ကိုယ်ပိုင်ယာဉ်ငယ်များနဲ့ သယ်ဆောင်ကြပေမယ့် တင်းကျပ်တဲ့ ဖမ်းဆီးစစ်ဆေးမှုတွေကြောင့် ခရီးသည်တင်ယာဉ်တွေကို အသုံးချပြီး တရားမဝင်ကုန်ပစ္စည်းတွေကို သယ်ဆောင်လျက်ရှိကြပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနီး တရားမဝင်ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာနေတယ်လို့ သတင်း ရရှိတဲ့အတွက် မူဆယ်(၁၀၅) မိုင်ကုန် သွယ်ရေးဇုန်မှစခန်းတာဝန်ခံ ဦးမြင့်သူရဦးစီးတဲ့ ပူးပေါင်းအဖွဲ့ဟာ ရှောင်တခင် တားဆီးစစ်ဆေးခြင်းများကို ဆောင်ရွက် ခဲ့ပါတယ်။

အဲဒီလို စစ်ဆေးဆောင်ရွက်ရာမှာ ဇွန်လ ၂၂ ရက်မှာ လားရှိုးမှ မူဆယ်သို့ ခရီးသည်များတင်ဆောင် မောင်းနှင်လာတဲ့ ရွှေပြည့်စုံခရီးသည်တင် မှန်လုံယာဉ်ကို OSS ပူးပေါင်းအဖွဲ့နဲ့ ညွှန်ကြားရေးမှူး ဦးမြင့်သူရ ဦးစီးသည့်အဖွဲ့တို့ ပူးပေါင်း၍ ရှာဖွေစစ်ဆေးခဲ့ပါတယ်။ ဒါ့အပြင် အဲဒီခရီးသည်တင်မှန်လုံယာဉ်ကို X-ray စက်နဲ့ ရှာဖွေဖွင့်ဖောက်စစ်ဆေးခဲ့ရာမှာ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးအလေးချိန် ၁၄၉၉ ကီလိုဂရမ်ကို သိုဝှက်သယ်ဆောင်လာတာကို ဖမ်းဆီးရမိခဲ့ပါတယ်။

ဒါ့အပြင် X-ray ဓာတ်ပုံမှတ်တမ်းအရ ယာဉ်နောက်ပိုင်းရှိကားနောက်ဖုံးမှာ မသင်္ကာစရာနေရာကို တွေ့ရှိခဲ့ရတဲ့အတွက် ထပ်မံဖွင့်ဖောက်စစ်ဆေးခဲ့ရာမှာ ကျောက်စိမ်းလို့ ယူဆရတဲ့ အလေးချိန် ကီလိုဂရမ် ၈၀၀ ရှိတဲ့ ကျောက်တုံး ၂၄ တုံးကိုပါ ထပ်မံတွေ့ရှိ ခဲ့ရပါတယ်။ အဲဒီဖမ်းဆီးရမိမှုမှာ စုစုပေါင်းအလေးချိန် ၂၂၉၉ ကီလိုဂရမ်ရှိကျောက်စိမ်းလို့ ယူဆရတဲ့ကျောက်တုံးပေါင်း ၇၈ တုံး (တန်ဖိုးအားဖြင့် ကျပ် ၁၁,၄၉၅,၀၀၀ခန့်)ကို ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိခဲ့တဲ့ ကျောက်စိမ်းလို့ ယူဆရတဲ့ကျောက်တုံးတွေကို OSS အကောက်ခွန်ဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ အပ်နှံခဲ့ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။

အဲဒီဖြစ်စဉ်ကို ကြည့်ရင် ယခင်က တရားမဝင် ကုန်သွယ်မှုတွေ ပြုလုပ်ရာမှာ ခရီးသည်တင်ယာဉ်ရဲ့ဝမ်းပိုက်အတွင်းမှာသာ သိုဝှက်ပြီး သယ်ဆောင်ကြပေမယ့် အခုအခါမှာတော့ မျက်စိနဲ့အပေါ်ယံမမြင်နိုင်တဲ့ နည်းလမ်းတွေနဲ့ သိုဝှက်သယ်ဆောင်လာတာကို တွေ့ရ မှာဖြစ်ပါတယ်။

ဒါ့အပြင် ဇွန်လ ၂၉ ရက်က မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ဝင်းထဲမှာ ဝင်ရောက်စစ်ဆေးခံတဲ့ ပို့ကုန်ပစ္စည်းအဖြစ် ဆန်များတင်ဆောင်လာတဲ့ ကုန်တင်ယာဉ်တစ်စီးကို X-ray စက်နဲ့ ဖြတ်သန်းစစ်ဆေးရာမှာ မသင်္ကာစရာပုံရိပ်ကို တွေ့ရှိခဲ့ရတဲ့အတွက် အကောက်ခွန်ရုံးသို့ မောင်းနှင်စေပြီး အသေးစိတ် ဖွင့်ဖောက်စစ်ဆေးခဲ့ပါတယ်။

အဲဒီလိုစစ်ဆေးရာမှာ အလေးချိန် ကီလိုဂရမ် ၄၁၀ ရှိ ကျောက်စိမ်း အတုံး/ အခြမ်းများကို ယာဉ်ရဲ့ ခေါင်းခန်းအတွင်းမှလည်းကောင်း၊ အလေးချိန် ၂၄၅ ကီလိုဂရမ်ရှိသည့် ကျောက်စိမ်းလက်ကောက်ကွင်းများကို ယာဉ်၏အောက်ဖက်ဖရိန်တန်းအတွင်းမှလည်းကောင်း ရှာဖွေတွေ့ရှိခဲ့ပါတယ်။

ယခုဖြစ်စဉ်ကိုကြည့်ပါက မသမာသူဝိသမသမားများဟာ တရားဝင် ပို့ကုန်ပစ္စည်းများအကြားတွင် တရားမဝင်ကုန်ပစ္စည်းများအား သိုဝှက်၍ သယ်ဆောင်နေတာကို တွေ့ရှိခဲ့ရပါ တယ်။

အလားတူ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းကလည်း မန္တလေးတိုင်းစစ်ဆေးရေးဂိတ်တစ်ခုမှာ ကဏန်းများ တင်ဆောင်လာတဲ့ ကားပေါ်မှာ ကျောက်စိမ်းများ တရားမဝင် တင်ဆောင်လာတာကို ဖမ်းဆီးရမိခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ပို့ကုန်ကုန်တင်ယာဉ်များအား အကောက်ခွန်ဦးစီးဌာနမှ Channel များခွဲ၍ စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပို့ကုန် ပစ္စည်းတစ်မယ်ချင်းအလိုက် ကုန်တင်ယာဉ်များ အား ယာဉ် ၁၀ စီးထက်ပိုပါက Green Channel ၆၀ ရာခိုင်နှုန်း၊ Yellow Channel ၃၀ရာခိုင်နှုန်း၊ Red Channel ၁၀ ရာခိုင်နှုန်းခွဲ၍ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။

Green Channel ကျသည့် ယာဉ်များအား ယာဉ်ကို မစစ်ဆေးဘဲ စာရွက်စာတမ်းများကိုသာ စစ်ဆေးပြီး စေလွှတ်ပေးလျက်ရှိသလို Yellow Channel ကျသည့်ယာဉ်များအားလည်း X-Ray စက် ဖြတ်သန်း၍ စစ်ဆေးပေးလျက်ရှိပြီး Red Channel ကျသည့်ယာဉ်များအား အသေးစိတ် ဖွင့်ဖောက်စစ်ဆေးတဲ့စနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။

အဲဒီစနစ်ကို ကျင့်သုံးလျက်ရှိရာမှာ အထက်မှာ ဖော်ပြခဲ့တဲ့ဖြစ်စဉ်ဖြစ်ပေါ်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီဖြစ်စဉ်အရ Yellow Channel ၃၀ ရာခိုင်နှုန်းဖြစ်သည့် ယာဉ်များမှာလည်း အခုလိုကန့်သတ်ကုန်ပစ္စည်းတွေ သိုဝှက်သယ်ဆောင်တာရှိရင် Green Channel ၆၀ ရာခိုင်နှုန်း ယာဉ်တွေမှာလည်း တရားမဝင်သယ်ဆောင်လာတဲ့ သစ်၊ အင်ကြင်းကျောက်၊ ကျောက်စိမ်း စတဲ့ ပစ္စည်းတွေ သိုဝှက်သယ်ဆောင်လာနိုင်တယ်ဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနေနဲ့ ဝင်လာသမျှသော ပို့ကုန်ကုန်တင်ယာဉ်များကို ဖွင့်ဖောက်စစ်ဆေးတဲ့စနစ်ကို ကျင့်သုံးခဲ့မယ်ဆိုပါက ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို ထိခိုက်လာနိုင်မှာဖြစ်ပါတယ်။ မသမာသူ ဝိသမသမား ကုန်သည်များကြောင့် မှန်မှန်ကန်ကန် ကုန်သွယ်မှုပြုနေကြတဲ့ ကုန်သည်များမှာ ကုန်စည်စီးဆင်းမှုနှေးကွေးခြင်းနဲ့ ရင်ဆိုင်ရတော့မှာဖြစ်ပါတယ်။


ဒါ့အပြင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ယာဉ်စစ်ကွင်းမှာ စစ်ဆေးနေတဲ့ X-ray စက်နှစ်လုံးအနက် တစ်လုံးမှာ တရုတ်နိုင်ငံမှ X-ray စက်ဖြစ်ပြီး တစ်လုံးမှာ ဂျာမနီနိုင်ငံမှ X-ray စက် ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှ X-ray စက်ဟာ ယာဉ်စစ်ဆေးရာမှာ အားနည်းမှုတွေရှိတဲ့အတွက် ပုံရိပ်များကို ဖမ်းယူရာမှာ မသေချာမှုတွေနဲ့ တွေ့ကြုံနေကြရတယ်လို့ သိရပါတယ်။

ဒါကြောင့် ယာဉ်စစ်ကွင်းတွေမှာရှိတဲ့ X-ray စက်များကို ခေတ်မီပြီး ပုံရိပ်ဖမ်းယူရာမှာ ပိုမိုတိကျသေချာတဲ့ ဂျာမနီနိုင်ငံထုတ် X-ray စက်များကိုသာ တပ်ဆင်ထားရမှာဖြစ်ပါတယ်။

"တရုတ်နိုင်ငံက ထုတ်တဲ့ X-ray စက်က ပုံရိပ်ကို ဖမ်းယူရာမှာ သိပ်ပြီး မတိကျဘူး။ ဂျာမနီက X-ray စက်ကတော့ ပုံရိပ်ဖမ်းယူရာမှာ တိကျပြီး ပြတ်သားတယ်။ ဒါကြောင့် မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှာ တရားမဝင် ကုန်သွယ်မှုတွေကို ထိရောက်စွာတားဆီးနိုင်ဖို့အတွက် ဂျာမနီနိုင်ငံက ထုတ်လုပ်တဲ့ X-ray စက်တွေ လဲလှယ်တပ်ဆင်ပေးမယ်ဆိုရင် ယခုထက် လုပ်ငန်းများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယာဉ်ကြောပိတ်ဆို့မှုလည်း နည်းသွားမှာဖြစ်ပါတယ်"လို့ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သည် အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

တရားမဝင် ကုန်သွယ်မှုပပျောက်ရေးအတွက်လည်း ကုန်သည်လုပ်ငန်းရှင်များနဲ့ ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ❑


B/I/O/T/O/N/E
(Natural Royal Jelly + Pollen Ex.) soln.
"ဘိုင်အိုတုန်း" ကိုအစဉ်သုံး
သက်ရှည်ကျန်းမာ နုပျိုမဆုံး
စိတ်ဖိစည်းမှုများကို သက်သာစေခြင်း။
ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်း။
အာရုံကြောစနစ်ကို ကောင်းမွန်စေခြင်း။
အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးပြီးအရွယ်တင် နုပျိုစေခြင်း။
Mental and Physical Energy
Fatigue Recovery
Body Immunity
Royal Jelly + Honey + Bee Pollen + Wheat Germ Oil = BIOTONE
Distributed by
MEDI MYANMAR GROUP LTD.
Manufactured by
CHO-A PHARM.CO.,LTD, KOREA.


since 1895
Firmenich
inspiring!
Fascinating Silicone
for the Beauty and Personal Care Industry
What's good about Rice Bran Oil
TSUNO
Due to" power of rice" : the staple food in Japan,
Japan is one of the longest life expectancies in the world!
1 Prevent Arteriosclerosis and Cerebral Infarction
2 Prevent Diabetes
3 Antiaging and Beautiful Skin
4 Safe and Secure
5 Good flavor and Anti-Heating
Proudly marketed by
AvantChem
Avantchem Myanmar Ltd
Sedona Business Suites 03#09
No.1 ; Kaba Aye Pagoda Road
Sedona Hotel
Yankin Township
Yangon, Myanmar
mobile : + 95 9 4480 48300


TOKYO PIPE
ISO 9001:2015
Certificate No.11249
HDPE Pipes, uPVC Pipes, PPR Pipes & Fittings
HDPE Pipes & Fittings
* HDPE Telecom Duct Pipe
* Fiber Optic Cable Pipe
* Water Supply Pipe
* Agriculture ( Drip & Filtering ) Pipe
* Electrical Cable Pipe
* Gas Line Pipe
* Drainage Pipe
* Sewage Pipe
uPVC Pipes & Fittings
PPR Pipes & Fittings
Excel Treasure Tower, No.520, Kaba Aye Pagoda Road, Shwe Gon Dine, Bahan Township, Yangon, Myanmar.
Tel : 95-1-559 744, 01-558 863, 09-500 1326, 09-505 2011 Fax: 95-1-558 869
Web: www.tokyopipe.com.mm E-mail: info@tokyopipe.com.mm

# သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းမှ ရော်ဘာပိုမိုတင်ပို့

ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းတစ်ပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃၈ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၆၇၇ တန် တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 ၄၉၈ တန်ကျော်၊ RSS 5 ၈၇၂ တန်၊ MSR 20 ၈၄ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 ၉၃ တန်၊ RSS5 ၁၀၅ တန်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၂၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၂၂၅၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၇၈ တန်လျော့နည်းခဲ့ပါတယ်။ ရော်ဘာတင်ပို့မှု လျော့ကျသလို ရော်ဘာဈေးလည်း အနည်းငယ်ကျကြောင်း မူဆယ်ကုန်စည်ဒိုင်၏ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။ RSS 3 တစ်တန်လျှင် ကျပ် ၁၉ ဒသမ ၂၉၇ သိန်းဖြစ်ပြီး၊ ယခင်တစ်ပတ်ထက် တစ်တန်ကို ၁၁၃၇၃ ကျပ် ဈေးကျပါတယ်။ RSS 5 တစ်တန်လျှင် ကျပ် ၁၈ ဒသမ ၃၉၇ သိန်းဖြစ်ပြီး တစ်တန်ကို ၅၃၇၃ ကျပ်ဈေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၃ သန်း တန်ဖိုးရှိ ရော်ဘာ ၈၄၅ တန်ကျော်တင်ပို့ခဲ့ရာ ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၄၉၈ တန်ကျော်၊ မလေးရှားနိုင်ငံသို့ RSS 3 အမျိုးအစား ၆၆ တန်၊ MSR 20 တန် ၁၀၀၊ Mixtures of natural Rubber တန်ချိန် ၁၀၀ နဲ့ တရုတ်နိုင်ငံသို့ TSR 20 အမျိုးအစား ၈၁ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ရော်ဘာ ၁၉၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၆၄၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာဈေးအတက်အကျ သိပ်မရှိကြောင်းနဲ့ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ပရဆေးကုန်ကြမ်း တင်ပို့မှုလျော့နည်း

ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၅၂ သန်း တန်ဖိုးရှိပရဆေးကုန်ကြမ်း အမယ် ၁၀ မျိုး၊ တန်ချိန်အားဖြင့် ၄၆၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ပရဆေး ၆၅၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၈၆ တန်လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ နနွင်းတက်၊ တောချင်း၊ ကွမ်းစားဂမုန်း၊ ဆီးဆန်၊ မာလာဥ၊ မာလာဥခေါင်း၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ မိကျောင်းကွမ်းဖတ်စေ့နဲ့ ဒရင်ကောက်မြစ်တို့ ဖြစ်ပါတယ်။ ယခုတစ်ပတ် မာလာဥတင်ပို့မှု ပိုမိုခဲ့ပေမယ့် ဒရင်ကောက်မြစ်နဲ့ မာလာဥခေါင်း တင်ပို့မှု လျော့နည်းတာကြောင့် ပရဆေးကုန်ကြမ်း တင်ပို့မှု တန်ဖိုးရော၊ တန်ချိန်ပါလျော့နည်းရတာဖြစ်တယ်လို့ သိရပါတယ်။

မြန်မာ- အိန္ဒိယ နယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၃၈၈၈ တန်ဖိုးရှိ တောင်လုံးကျော် နှစ်တန်ကို မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ ကြောင်း၊ တောင်လုံးကျော် တစ်တန်ကို မိမိဘက်ပေါက်ဈေးမှာ ကျပ်သိန်း ၂၃၀ ရှိကြောင်း တမူးကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# တရုတ်နဲ့ ထိုင်းသို့သာမက အိန္ဒိယနိုင်ငံသို့ပါ သီဟိုဠ်စေ့တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရဲ့ အဓိကကုန်သွယ်ဖက်ဖြစ်တဲ့ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၇ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၆ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှု မရှိခဲ့ဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့လာတာတွေ့ရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ယခုတစ်ပတ်မှာ သီဟိုဠ်စေ့တင်ပို့မှုမရှိပေမယ့် ယခင်တစ်ပတ်က တန် ၂၀ ကျော် တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာ တရုတ်နဲ့ ထိုင်းနယ်စပ်ရှိကုန်သွယ်ရေးဇုန်များမှ သာမက အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၁ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၄ တန်ကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ပြောင်း

# ယခုဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းမှ ပြောင်းတန်ချိန် နှစ်သောင်းခုနစ်ထောင်ကျော်တင်ပို့

ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၇၇၄၁၈ တန်ဖိုးရှိ ပြောင်း ၄၁၄ တန်ကို ဗီယက်နမ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၂၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၀၇ တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၂၄ ရက်အထိ ပြောင်းတင်ပို့မှုမှာ တန်ချိန် ၂၇၃၇၀ ဖြစ်ပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၅၁ ဖြစ်ပါတယ်။ မေလထဲတွင် ပြောင်းအများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် ပြောင်းတစ်တန်ရဲ့ FOB ဈေးမှာ အမေရိကန်ဒေါ်လာ ၂၁၀ မှ ၂၄၀ ထိ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးနှုန်း မပြောင်းလဲကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# တရုတ်နိုင်ငံသို့ ပြောင်းကြိတ်ဖတ်မှုန့် တင်ပို့

တရုတ်နိုင်ငံမှာ ပြောင်းကြိတ်ဖတ်မှုန့်ကို တိရစ္ဆာန်စာအတွက် အသုံးပြုကြတာဖြစ်လို့ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၀၈ တန်ဖိုးရှိ ပြောင်းကြိတ်ဖတ်မှုန့် တန် ၃၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မူဆယ်မှာ ပြောင်းကြိတ်ဖတ် တစ်တန်ရဲ့ လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၇၀ ကျော်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းသုံးခုမှ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၃ ဒသမ ၄၃၄ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၇၈၂၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၂၁၅၀ တန်ကျော်၊ လွယ်ဂျယ်မှ ၄၆၅၆ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၀၁၈ တန်ကျော် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တရုတ်နယ်စပ်ရှိ စခန်းလေးခုပေါင်းမှ ပြောင်း ၁၇၆၀၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်နှစ်ရာကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှာ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်မှာ ပြောင်း တစ်တန်ကို ၂၅၉၃၃၂ ကျပ်ရှိရာမှ ဇွန် ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်မှာတော့ ၂၅၇၈၁၃ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်းတစ်ပိဿာ သယ်ယူခမှာ ၅၇-၆၀ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၆၃၅ စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၁၄၄၀ ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

အစေ့ထုတ်ပြောင်းစိုက်တဲ့အခါ သမားရိုးကျနည်းလမ်းတွေနဲ့ မစိုက်ဘဲ မျိုးကောင်းမျိုးသန့်များကို နည်းစနစ်ကျကျ စိုက်ပျိုးသင့်ကြောင်း၊ အစေ့ထုတ်ပြောင်းတွေကို တရုတ်နိုင်ငံသို့ နှစ်စဉ် တန်ချိန်ပေါင်းများစွာ တင်ပို့ရောင်းချရကြောင်း၊ ပြောင်းစေ့များသည် ပြည်တွင်းရှိ တိရစ္ဆာန် အစာအဖြစ်လည်းကောင်း၊ အခြားကုန်ချောထုတ်လုပ်ရာတွင် ကုန်ကြမ်းအနေဖြင့်လည်းကောင်း ထုတ်လုပ်လျက်ရှိကြောင်း တောင်ကြီးမြို့နယ်မှ ပြောင်းစိုက်တောင်သူတွေက ပြောပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ လက်ဖက်ခြောက်ပိုမိုတင်ပို့

ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၅၉၄၁ တန်ဖိုးရှိလက်ဖက်ခြောက် ၅၁ တန် ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ် ပတ်က တင်ပို့ခဲ့တဲ့ ၂၂ တန်နဲ့ နှိုင်းယှဉ်ပါက ၂၉ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

လက်ရှိတွင် လက်ဖက်ကိုရှမ်းပြည် နယ်အတွင်းရှိ ကျေးရွာတွေမှာ စိုက်ပျိုးပြီး လက်ဖက်အဓိကစိုက်ပျိုးတဲ့ ကျေးရွာများတွင် လက်ဖက်ခြောက်စက်ရုံများ တည်ထောင်သွားမည်ဖြစ်ကြောင်း၊ Green Tea လက်ဖက်ခြောက် စက်ရုံမှ တစ်လလျှင် လက်ဖက်ခြောက် ပိဿာ ၃၀၀ ခန့်ထုတ်လုပ်ကြောင်း လက်ဖက်လုပ်ငန်းတစ်ခု၏ ပြောကြားချက်အရ သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝါဂွမ်းရော ပိုးအိမ်ပါတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ အမေရိကန်ဒေါ်လာ ၆၆၀၀၀ တန်ဖိုးရှိ ငွေချည် ၆ ဝါ တန်၃၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ဝါ ၁၅ တန် ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဝါဂွမ်းအပြင် အမေရိကန်ဒေါ်လာ ၁၄၀၀၀ တန်ဖိုးရှိ ပိုးအိမ် ၄ တန်ကိုလည်း တင်ပို့ခဲ့ပါတယ်။

တရုတ်နိုင်ငံက ယခုလိုပုံမှန်ဝယ် ယူမှုကြောင့် ဝါစိုက်တောင်သူတွေ အတွက် အခြေအနေကောင်းလာကြောင်း၊ ဝါကို ကန်ရေသွင်းပြီး စိုက်ပျိုး ရကြောင်း၊ ဝါဈေးမှာလည်း အတက်အကျရှိကြောင်း တံတားဦးမြို့နယ်မှ ဝါစိုက်တောင်သူတစ်ဦးက ပြောကြားခဲ့ပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံသို့ ပျားရည် တန် ၅၀ နီးပါး တင်ပို့

ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၁၅၀၀ တန်ဖိုးရှိ ပျားရည် ၄၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၁၅ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန် ၃၀ ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ပျားရည်ကို ပြည်တွင်းမှာ ဆေးဝါးအဖြစ်သာ အသုံးပြုကြပြီး ပြည်ပနိုင်ငံများတွင် သကြားအစား ပျားရည်စားသုံးခြင်းနှင့် အအေးပိုင်းနိုင်ငံများမှာ ပျားရည်ကို အဓိကထား၍ အများအပြား သုံးစွဲနေတာကြောင့် ယခုလို ပြည်ပဈေးကွက်သို့ တင်ပို့နေကြောင်း၊ မူဆယ်မှာ ပျားရည်တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၇၀၀ ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

# လိမ်လည်လှည့်ဖြားကြော်ငြာများ စားသုံးသူတို့ သတိထား




♦ နိုင်ဦး၊ မြင့်မြင့်ချို

ယနေ့ခေတ်သည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှလူတို့၏စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ လူသုံးကုန်ပစ္စည်းများသည်လည်း နေ့စဉ်နှင့်အမျှ အသစ်အဆန်းအမျိုးမျိုး ပေါ်ပေါက်လာနေသည်။ ပေါ်ပေါက်လာသမျှကိုလည်း စားသုံးသူများက အလုအယက်အပြိုင်အဆိုင် သုံးစွဲနေကြသည်။ ထိုအခါ ကုန်စည်၊ ဝန်ဆောင်မှုပြုသူများကလည်း မိမိ ထုတ်ကုန်၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဈေးကွက်ဝေစုရရှိရေး၊ အမြန်ဆုံးရောင်းထွက်၍ အမြတ်ကျန်ရှိရေးအတွက် မီဒီယာနည်းလမ်းပေါင်းစုံကို အသုံးပြု၍ အပြိုင်အဆိုင် ကြော်ငြာနေကြသည်။

အချို့သော ကြော်ငြာများသည် မိမိထုတ်လုပ်သောကုန်စည်၊ ဝန်ဆောင်မှုများသည် မိမိ အာမခံပေးနိုင်သည့် နယ်ပယ်အတွင်း၌သာ ကြော်ငြာသကဲ့သို့ အချို့သော ကြော်ငြာများသည် မဖြစ်နိုင်သော၊ အာမခံမပေးနိုင်သော ချဲ့ကားသော၊ လှည့်ဖြားသောကြော်ငြာများဖြင့် လူတန်းစား ပေါင်းစုံအား မက်လုံးပေးဆွဲဆောင်ကာ အမြတ်ထုတ်နေကြသည်ကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ထုတ်လွှင့်လျက်ရှိသော ရုပ်သံလွှင့်မီဒီယာအချို့တွင် လက်ရှိတွင် အောက်ပါ ကြော်ငြာ အချို့အား ထုတ်လွှင့်နေသည်ကို စိတ်မချမ်းသာဖွယ် တွေ့ရှိနေရသည်။

သွားတိုက်ဆေးကြော်ငြာတစ်ခုတွင် သွားများမီးလင်းလာသလို ဖြူစင်သန့်စင်သွားကြောင်း ကြော်ငြာသည် သုံးစွဲသူ တစ်နည်းအားဖြင့် စားသုံးသူက ကြော်ငြာထားသည့်အတိုင်း မီးလင်းလာသကဲ့သို့ သွားများမသန့်ပါက ကြော်ငြာလုပ်ငန်းရှင်၊ ကုန်စည်ထုတ်လုပ်သောလုပ်ငန်းရှင်၊ အရောင်းကိုယ်စားလှယ်များက မည်ကဲ့သို့ ရှင်းပေးမည်နည်း။

အချိုရည် ကြော်ငြာတစ်ခုတွင်လည်း အချိုရည်သောက်ပြီး သုံးထပ်တိုက်ပေါ်မှ ခုန်ဆင်းကာ ဒုက္ခရောက်နေသော အမျိုးသမီးငယ်အား ကယ်တင်ပြီး အချိုရည် သောက်၍ အားအင်ပြည့်ဖြိုးကာ ဖျတ်လတ်သန်စွမ်းလာကြောင်း ကြော်ငြာသည်။ အကယ်၍ လူငယ်များ အတုယူမှားကာ အဆိုပါ အချိုရည်သောက်ပြီး တိုက်ပေါ်မှခုန်ချ၍ကျိုးကန်းသေကျေလျှင် မည်ကဲ့သို့ တာဝန်ယူဖြေရှင်းပေးမည်နည်း။

နွားနို့နှင့်ပတ်သက်သော ကြော်ငြာတစ်ခုတွင်လည်း ကားတိုက်လုဆဲဆဲ မိန်းကလေးငယ်တစ်ဦးအား နွားနို့သောက်ထားသော ကျောင်းသားလေးက အပြေးအလွှား သွားကယ်ရာ နွားနို့တန်ခိုးကြောင့် ကျောင်းသားငယ်၏ ဝတ်စုံသည်အခြားဝတ်စုံအဖြစ် ပြောင်းလဲသွားသည်။ မိန်းကလေးငယ်ကို ပွေ့ချီကယ်တင်ပြီးနောက် ကျောင်းဝတ်စုံသို့ပြန်ပြောင်းသွားသည်။ ထိုနွားနို့ကြောင့် လျင်မြန်ဖျတ်လတ်ရုံသာမက ဝတ်ထားသော အဝတ်အစားပါ ပြောင်းလဲသွားခြင်းသည် မယုံနိုင်စရာပင်ဖြစ်သည်။ အသိမကြွယ်သော ကလေးသူငယ်များအတုယူအားကျကာ မိဘများထံ အတင်းပူဆာဝယ်ခိုင်းပြီး သောက်သုံးကာ ကွယ်ရာတွင် အဆိုပါကြော်ငြာပါ ကျောင်းသားကလေးငယ်ကဲ့သို့ ကားပေါ်မှ ပြေးလွှားကာ အရှိန်ဖြင့်လာသော ကားရှေ့တွင်သွား၍ တိုက်မိပါကမည်သူတွေက တာဝန်ယူဖြေရှင်းပေးမည်နည်း။

အလှကုန်ပစ္စည်းကြော်ငြာအချို့တွင်လည်း ထိုပစ္စည်းသုံးပြီး သုံးရက်အတွင်း တစ်ပတ်အတွင်း နတ်သမီးလေးကဲ့သို့ ဖြူဖွေးလှပသွားသည်။ ထိုအလှကုန်ပစ္စည်းများကြောင့် ပန်းနုရောင် အသားအရည်ကို တစ်ခဏအတွင်း ပိုင်ဆိုင်သွားသည်။ ချစ်သူနှင့်အဆင်ပြေသွားသည်။ ထိုကြော်ငြာကြောင့် ဖြူဖွေးလှပခြင်း၊ ပန်းနုရောင် အသားအရည်ပိုင်ဆိုင်ခြင်း မရရှိသောသူများ၊ ချစ်သူစွန့်ပစ်ခံရသူများအတွက် မည်ကဲ့သို့ ဖြေရှင်းပေးမည်နည်း။

ဆပ်ပြာကြော်ငြာအချို့တွင်လည်းထိုပစ္စည်းကိုသုံးပါက ရှစ်နာရီ၊ (၁၂)နာရီ၊ (၂၄) နာရီစသည်ဖြင့် မွှေးရနံ့မပျောက်၍ ချစ်သူကချစ်သွားပုံဖြင့် ကြော်ငြာသည်။ လက်တွေ့တွင် မွှေးရနံ့ပျောက်သွားပါက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နည်း။

ပိုးသတ်ဆေး ကြော်ငြာများတွင်လည်း မင်းသားမင်းသမီးမှာ ပိုးသတ်ဆေးဖျန်းလျှင် ဝတ်ရမည့်ဝတ်စုံအပြည့်အဝမဝတ်ဘဲ ဆေးဖျန်းပိုက်ကို ထောင်မြှောက်ပြီး ပျော်ပျော်ပါးပါးဖျန်းနေသည့် ကြော်ငြာမှာလည်း ဗဟုသုတနည်းသူ တောင်သူများမှာ ထိုကြော်ငြာကိုကြည့်ပြီး ပိုးသတ်ဆေးကို အသက်အန္တရာယ်မရှိဟု မှတ်ယူသွားပြီး ပေ့ါပေ့ါပါးပါး ဆေးဖျန်းမှုများ ပြုလုပ်ပါက အသက်အန္တရာယ်များစွာနှင့် ရင်ဆိုင်ကြမည်ဖြစ်ပေသည်။ ကြော်ငြာပါဆေးကို ကြောငြာပါသရုပ်ဆောင်များအတိုင်းဖျန်းမိ၍ နစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြရပါက မည်သူကတာဝန်ယူမည်နည်း။

အထက်ပါ ကြော်ငြာများအပြင် အချို့သော အလွန်အကျွံကြော်ငြာနေသည့် ကြော်ငြာပေါင်းစုံကို ရုပ်သံလွှင့်မီဒီယာများအပြင် အခြားမီဒီယာနည်းလမ်းများဖြစ်သည့် သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်များတွင်လည်း အများအပြားတွေ့ရှိလာရပါသည်။ အချိန်မီ မထိန်းချုပ်၊ မတားဆီးနိုင်ပါက အန္တရာယ်များစွာကို ကြုံတွေ့လာနိုင်သဖြင့် ဥပဒေတစ်ရပ်ကို မဖြစ်မနေအချိန်မီ ပြဋ္ဌာန်းရန် လိုအပ်လာပါသည်။

ထို့ကြောင့်ပင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)ကို ပြဋ္ဌာန်းခဲ့ပြီး ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ချဲ့ကားကြော်ငြာခြင်း၊ လှည့်ဖြား ကြော်ငြာခြင်း၊ တာဝန်ယူဖြေရှင်းမပေးနိုင်သော ကြော်ငြာများ၊ စားသုံးသူအား ထင်ယောင်ထင်မှားဖြစ်စေသော ကြော်ငြာများကြောင့် စားသုံးသူ ပြည်သူများ နစ်နာဆုံးရှုံးမှုမဖြစ်စေရေးအတွက် အကာအကွယ်ပေးထားပါသည်။

ထို့အတူပင် ကုန်စည်၊ ဝန်ဆောင်မှုပြုသူလုပ်ငန်းရှင်များကိုလည်း ကြော်ငြာတွင်ဖော်ပြထားသည့်အတိုင်း အမှန်တကယ်ကောင်းမွန်ပြီး အာမခံအပြည့်အဝပေးစေရေးအတွက် မိမိထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို တာဝန်ယူကြရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် ပညာပေးဆွေးနွေးခြင်း၊ စစ်ဆေးပညာပေးခြင်းများကို ပြည်သူ ဗဟိုပြုလျက် ဆောင်ရွက်ပေးနေပါသည်။

လူသားတို့၏ သဘောသဘာဝမှာ ကုန်စည်/ဝန်ဆောင်မှုများကို ဝယ်ယူစားသောက်သုံးစွဲရာတွင် အရသာနှင့်အရည်အသွေးကို မထိမတွေ့မီ အမြင်အာရုံ၊ အကြားအာရုံဖြင့် ခံစားကြည့်ရှုကာ ဝယ်ယူစားသုံးလေ့ရှိကြပါသည်။ ဤ အချက်ကိုပင် အချို့သော လုပ်ငန်းရှင်များက ကောင်းစွာ အသုံးချ၍ အမြင်အာရုံ၊ အကြားအာရုံဖြင့် ဖမ်းစားနိုင်သော ကြော်ငြာများဖြင့် ဆွဲဆောင်ကြော်ငြာကြသည်။

ထို့နောက် တိုး၍ တိုး၍ အပြိုင်အဆိုင် ကြော်ငြာရာမှ အသိပညာ၊ ဗဟုသုတ၊ ဝေဖန်ပိုင်းခြားမှု အတွေ့အကြုံနည်းပါးသူ စားသုံးသူများအား

စာမျက်နှာ (၂၂) သို့ ➤

## စာမျက်နှာ (၁၂) မှ ➤ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ...... မှ အဆက်

သို့ဖြစ်ပါ၍ ကော်မရှင်ရဲ့ လူ့အခွင့်အရေးအသိပညာ ပြန့်ပွားရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းများကို တရားမျှတစွာ၊ ဘက်လိုက်မှု ကင်းစွာ အဂတိတရားကင်းစွာနဲ့ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ ဖြန့်ချိရာတွင် စာနယ်ဇင်း သတင်းစာ၊ ဂျာနယ်များ၊ ရေဒီယို ရုပ်မြင်သံကြားနှင့် Online မီဒီယာများမှတစ်ဆင့် ယခုထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားမည်ဆိုပါက ပြည်သူလူထုကြား စိမ့်ဝင်ထိုးဖောက် ရောက်ရှိလာမှာ မလွဲဧကန် ဖြစ်ပါတယ်။ ဒါမှသာ လူ့အခွင့်အရေး ကော်မရှင်ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် လူ့အခွင့်အရေးကို လူတိုင်းရရှိခံစားနိုင်စေရန်နဲ့ ကော်မရှင်ရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးမြှင့်တင်ခြင်းနဲ့ ကာကွယ်ခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ ကျင့်သုံးတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရန်ဆိုတဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်များ အောင်မြင်မှာ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ ကော်မရှင်၏ ခြောက်နှစ်တာကာလအတွင်းဆောင်ရွက်ချက်များ ကိုလည်း အသိအမှတ်ပြုအလေးထားရမှာ ဖြစ်ပါတယ်။ ကော်မရှင်ရဲ့ဆောင်ရွက်ချက်များကို ကြည့်ပါက လက်ခံရရှိတိုင်ကြားစာ ၅၅ မှု၊ သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းမေးမြန်း အကြောင်းကြားစာ ၃၇ မှု၊ တိုင်ကြားသူထံအကြံပြုပြန်ကြားစာ ၁၃ မှု၊ သတ်မှတ်ချက်နှင့် မကိုက်ညီသဖြင့် မှတ်တမ်းတင်ထားခြင်း၊ အထောက်အထားမပြည့်စုံ၍ တိုင်ကြားသူထံမေးမြန်းခြင်းနှစ်မှု၊ အမှုပိတ်ခြင်း (ကာယကံရှင်မှပိတ်) နှစ်မှု၊ တိုင်စာနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခြင်း တစ်မှု၊ အကျဉ်းထောင် အကျဉ်းစခန်းများ စစ်ဆေးခြင်း (၁၂) ကြိမ်၊ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့ရုံးများမှ ပြန်ကြားစာရရှိမှုကိုးမှုများကို ဆောင်ရွက်နိုင်ခဲ့တာ တွေ့ရပါတယ်။

ဖော်ပြပါ ဆောင်ရွက်ချက်များကို ကြည့်ပါက ကော်မရှင်သက်တမ်းနှင့် နှိုင်းယှဉ်ပါက နည်းပါးနေသေးကြောင်း တွေ့ရမှာဖြစ်ပါတယ်။ မည်သူမဆို မိမိနဲ့မိမိပတ်ဝန်းကျင်ရှိ လူတစ်ဦးချင်းရဲ့ လူ့အခွင့်အရေးနစ်နာမှု၊ ဆုံးရှုံးမှု၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ လွတ်လပ်မှု၊ တရားမျှတမှု၊ ဂုဏ်သိက္ခာနဲ့တန်းတူညီတူရရှိခွင့်များအတွက် တိုင်ကြားလိုပါက အောက်ပါ အချက်လက်များပြည့်စုံစွာဖြင့် ဖော်ပြတိုင်ကြားနိုင်ပါကြောင်းလည်း သိခွင့်ရရှိခဲ့ပါတယ်။

တိုင်တန်းသူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်၊ ဖက်စ်/ အီးမေးလ်လိပ်စာတို့ကို ဖော်ပြရပါမယ်။

တိုင်တန်းသူ (အခြားသူအတွက် တိုင်တန်းပေးပါက ) ထိုသူက မည်ကဲ့သို့လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြလျက် လိုအပ်ပါက မှတ်တမ်းဓာတ်ပုံ၊ အသံဖိုင်ဗီဒီယိုဖိုင် အထောက်အထားမိတ္တူများ ပူးတွဲပေးပို့ရပါမယ်။

တိုင်တန်းဖော်ပြချက်ပေါ်တွင် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရပါမယ်။ တိုင်ကြားရာတွင် သတိပြုမည့်အချက်အနေနဲ့ ကော်မရှင်မှစုံစမ်းစစ်ဆေးခြင်း မပြုလုပ်မယ့် တိုင်တန်းချက်များရှိကြောင်းလည်း သတိပြုရမှာဖြစ်ပါတယ်။ အဲဒီအချက်တွေကတော့ တရားရုံးတစ်ရပ်ရပ်တွင် အမှုဖွင့်တိုင်တန်းထားတဲ့ အမှုကိစ္စ၊ တရားရုံးတစ်ရပ်ရပ်တွင် စစ်ဆေးဆဲအမှုကိစ္စ၊ တရားရုံး၏စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်ခွင့် လျှောက်ထားဆဲ အမှုကိစ္စနဲ့ တရားရုံးတစ်ရပ်ရပ်က အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ပြီးသော အမှုကိစ္စတို့ဖြစ်ကြောင်း သိမှတ်ခဲ့ရပါတယ်။

ဒါကြောင့် မိမိတို့ နိုင်ငံသားများအနေနဲ့လူတစ်ဦးချင်းစီရဲ့ အခွင့်အရေး၊ ဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့် တန်းတူညီမျှခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းတို့အတွက် ရပိုင်ခွင့်များ တောင်းဆိုရန်၊ သိရှိနိုင်ရန် မိမိပတ်ဝန်းကျင်အတွက် အကူအညီပေးနိုင်ရန်၊ ထပ်မံ အသိပညာပေးများ ပြန့်ပွားစေရန် ရည်ရွယ်လျက် တက်ရောက်ခဲ့ရသော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဆွေးနွေးပွဲမှ ရရှိသော အသိပညာများအားပြန်လည်မျှဝေလိုက်ရပါတယ်။

❑

# ပြည်ပသို့ ဗီယက်နမ်ငရုတ်ကောင်း တင်ပို့မှု ပမာဏ ယခင်ထက်မြင့်တက်သော်လည်း ရောင်းလိုအား များပြားနေခြင်းကြောင့် ပို့ကုန်ဝင်ငွေရရှိမှု ကျဆင်းလျက်ရှိ

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ် ပထမ ခြောက်လအတွင်း ပြည်ပသို့ ငရုတ်ကောင်းတန်ချိန် တစ်သိန်းကျော်ခန့် တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါ ပမာဏသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၁၃ ရာခိုင် နှုန်းမြင့်တက်သော်လည်း တန်ဖိုးအားဖြင့်မူ ၁၃ ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း ဗီယက်နမ်ငရုတ်ကောင်းအသင်း (Vietnam Pepper Association, VPA) ဥက္ကဋ္ဌ Do Ha Nam က ပြောကြားခဲ့ပါသည်။

ငရုတ်ကောင်း ရောင်းလိုအားက ဝယ်လိုအားထက် များပြားနေသည့် အချိန်တွင် သွင်းကုန် လုပ်ငန်းရှင်များက ငရုတ်ကောင်းဈေးနှုန်းကျဆင်းရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အဆိုပါ အခြေအနေကြောင့် ကမ္ဘာ့စုစုပေါင်းငရုတ်ကောင်းထွက်ရှိမှု၏ ၆၀ ရာခိုင်နှုန်းခန့်အား ဖြည့်ဆည်းပေးသည့် ဗီယက်နမ်နိုင်ငံအား ကြီးမားစွာ ထိခိုက်စေမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ငရုတ်ကောင်း ခူးဆွတ်ချိန်ရာသီတွင် တောင်သူများအနေဖြင့် ကုန်ကျစရိတ်ပြန်လည်ရရှိရန်အတွက် ငရုတ်ကောင်း ပမာဏအများအပြားကို ရောင်းချကြကြောင်း၊ ထိုကဲ့သို့ ရောင်းချမှုကြောင့် ဈေးနှုန်းကျဆင်းစေခဲ့ ကြောင်း၊ ပြည်တွင်း ငရုတ်ကောင်းစိုက်တောင်သူများအနေဖြင့် ငရုတ်ကောင်းများများ ရောင်းရလေ ငရုတ်ကောင်းဈေးနှုန်း ကျဆင်းလေဖြစ်နေသဖြင့် အကျပ်ရိုက်နေကြကြောင်း၊ ပြည်တွင်းငရုတ်ကောင်းဈေးနှုန်းမှာလည်း မေလနှင့် ဇွန်လတစ်လျှောက်လုံး ဈေးကျဆင်းလျက်ရှိသဖြင့် တောင်သူများအနေဖြင့် ငရုတ်ကောင်းများကို လက်ဝယ်ထားရှိရန်နှင့် ဈေးပြန်တက်ချိန်ကိုစောင့်ကြရန် VPAက တောင်သူများကို တိုက်တွန်းလျက်ရှိကြောင်း သိရှိရပါသည်။ တောင်သူများအနေဖြင့် ငရုတ်ကောင်းအား နောက်တစ်လ၊ နှစ်လကြာမျှ ထုတ်မရောင်းဘဲ သိမ်းထားနိုင်ပါက ဈေးပြန်လည်မြင့်တက်လာမည်ဖြစ်ကြောင်း VPA ဥက္ကဋ္ဌက ပြောကြားခဲ့ပါသည်။

ယခုနှစ်တွင်ငရုတ်ကောင်း အထွက်နှုန်းမှာ ၁၅ ရာခိုင်နှုန်းမြင့်တက်ခြင်းနှင့် အတူ ပြန်လည်ပြုပြင်ပြီး ပြည်ပသို့ တင်ပို့ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံမှ ငရုတ်ကောင်းတန်ချိန်နှစ်သောင်း တင်သွင်းမှုတို့ကြောင့် ယခုကဲ့သို့ ငရုတ်ကောင်းဈေးနှုန်းကျဆင်းခြင်းဖြစ်သည်ဟု VPA က ယူဆထားသည်။

အဆိုပါကဏ္ဍတွင် အကြီးမားဆုံး ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာမှာ တောင်သူများမှ ငရုတ်ကောင်းအား တိုးချဲ့စိုက်ပျိုးလာခြင်းကြောင့်ဖြစ်ကြောင်း၊ ယခုနှုန်းအတိုင်း ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားပါက နောင်တွင် ငရုတ်ကောင်းဝယ်လိုအားထက် ရောင်းလိုအားပိုမိုပြီး ငရုတ်ကောင်းဈေးနှုန်းကျဆင်းလာမည်ဖြစ်ကြောင်း၊ အဆိုပါ ပြဿနာအား လျော့ကျသွားရန် အတွက် VPA က တောင်သူများအား ငရုတ်ကောင်းစိုက်ပျိုးရန် မသင့်တော်သည့်မြေများတွင် စိုက်ပျိုးခြင်းမပြုရန်နှင့် အပိုဝင်ငွေရရှိရန်အတွက် အခြားကောက်ပဲသီးနှံများအား ပြောင်းလဲစိုက်ပျိုးရန် အကြံပြုထားကြောင်း သိရှိရသည်။

သို့ရာတွင် တောင်သူများမှာ ငရုတ်ကောင်းကိုသာ ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိနေကြသည်။ အကြောင်းရင်းမှာ တောင်သူများအနေဖြင့် ကော်ဖီတစ်ဟက်တာ စိုက်ပျိုးပါက ဗီယက်နမ် ဒေါင်ငွေ သန်း ၁၀၀ မှ သန်း ၁၅၀ သာရရှိနိုင်မည်ဖြစ်ပြီး၊ ငရုတ်ကောင်း တစ်ဟက်တာ စိုက်ပျိုးပါက အနည်းဆုံး ဗီယက်နမ်ဒေါင်ငွေသန်း ၂၄၀ (အမေရိကန်ဒေါ်လာ တစ်သောင်းခြောက်ရာ) ရရှိခြင်းကြောင့်ဖြစ်သည်။

ထို့အပြင် ဗီယက်နမ်ငရုတ်ကောင်း လုပ်ငန်းမှာလည်း ပြည်ပဈေးကွက်များတွင် အစားအစာသန့်ရှင်း လတ်ဆတ်မှုနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ရင်ဆိုင်နေရကြောင်း သိရှိရသည်။ ဥပမာအားဖြင့် အီးယူနိုင်ငံများသို့ ငရုတ်ကောင်းတင်ပို့ရန်အတွက် ဗီယက်နမ် လုပ်ငန်းရှင်များသည် ကမ္ဘောဒီးယား၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ငရုတ်ကောင်းသန့်များကိုလည်း တင်သွင်းရပြီး ၎င်းတို့အား ပြန်လည်ပြုပြင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရကြောင်း၊ ဂျပန်နိုင်ငံသို့ ငရုတ်ကောင်းတင်ပို့ရန်အတွက်လည်း ငရုတ်ကောင်းကုန်ကြမ်းများကို ပြည်ပမှ တင်သွင်းရပြီး ပြန်လည်ပြုပြင်ပြီးမှ ဂျပန်နိုင်ငံသို့ တင်ပို့ရကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ယခင်က ဗီယက်နမ် ငရုတ်ကောင်းများတွင် ဓာတုအကြွင်းအကျန်များ အများအပြားရှိနေကြောင်း တွေ့ရှိရခြင်းကြောင့် ဖြစ်ကြောင်း၊ ဤကိစ္စရပ်အား ဖြေရှင်းရန်အတွက် ငရုတ်ကောင်းစိုက်ခင်းများ သန့်ရှင်းရန်အတွက် ဗီယက်နမ်ကုမ္ပဏီနှင့် ပြည်ပကုမ္ပဏီများက တောင်သူများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

**Source: vietnambreakingnews**

**စန္ဒာထွန်း (TTI)**

## ရန်ကုန်ကားဈေးကွက် ရန်ကုန်လိုင်စင်ကားလေးများသာ အဝယ်ရှိ

ဇွန်လနောက်ဆုံးပတ်အတွင်း ရန်ကုန်ကားဈေးကွက်၏ အခြေအနေမှာ လဆန်းပိုင်းကာလများကဲ့သို့ပင် အရောင်းအဝယ်နည်းပါးလာကာ စလစ်ကပ်ကားများ အရောင်းအဝယ်မကောင်းသော်လည်း စလစ်ဈေးတန်းများ ဆယ်ဂဏန်းခန့်မြင့်တက်နေဆဲဖြစ်ကြောင်း သိရသည်။

လတ်တလောရန်ကုန်ကားဈေးကွက်အတွင်း အကြားသတင်းများပျံ့နှံ့နေပြီး ထိုသတင်းများကို အခြေခံ၍ကားဈေးကွက်အရောင်းအဝယ်ပုံမှန်အဆင့်သို့ မရောက်နိုင်တော့ဘဲ အေးသည်ထက်အေးလာသည်ကိုသာ တွေ့မြင်လာရကြောင်း ဝါရင့်ဝယ်ရောင်းကိုမြင့်ကျော်က ပြောသည်။

စလစ်ကပ်ကားဈေးကွက်တွင် အရောင်းအဝယ်ထင်သလောက် မဖြစ်သော်လည်း စလစ်များရှားပါးလာမှုကြောင့်လည်းကောင်း၊ ဘတ်စ်ကားစလစ်များလည်း မှန်းဆသလောက် ဈေးကွက်အတွင်း ဝင်မလာသေးသောကြောင့် လည်းကောင်း၊ ယခင်ဈေးတန်း သိန်း ၉၀ မှ သိန်း ၁၀၀ သို့ ရောက်ရှိလာခြင်း၊ ယခင်က အငှားယာဉ်တက္ကစီစလစ်မှာ နှစ် ၂၀ ယာဉ် ဟောင်းအပ်နှံစလစ်အောက်သာရှိသော်လည်း ထပ်မံထုတ်ပြန်လိုက်သည့် အငှားယာဉ်ဟောင်းအပ်နှံမှု စည်းကမ်းချက်အသစ်ကြောင့် အပ်ကားရှားပါးသွားကာ သိန်း ၁၀၀ အထိ ပင် ရောက်ရှိလာကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်အတွင်း ယခုအခါတွင် မခိုင်လုံသော သတင်းများပျံ့နှံ့နေပြီး ယင်းသတင်းများကို အခြေခံကာ ကားအရောင်းအဝယ်များလည်း ပိုမိုအေးစက် သွားကြောင်း၊ စလစ်ကပ်ကားများနှင့်ပတ်သက်ပြီး ထုတ်လုပ် သည့်ခုနှစ်၊ မော်ဒယ်၊ လိုင်စင်သက်တမ်းအလိုက် ရန်ကုန် နယ်နိမိတ်မှ ရွှေ့ပြောင်းပေးရမည့် သတင်းများ၊ ဘယ်မောင်း ကားများသာ ဆက်လက်တင်သွင်းခွင့်ရှိမည့် မူဝါဒများကြောင့် စလစ်ကပ်ကားများ၊ အသစ်သွင်းကားများ အရောင်းအဝယ် မဖြစ်သလောက်နည်းသွားကာ စိတ်ချရသော ရန်ကုန်လိုင်စင် ၂၀၀၈/၂၀၀၉ ထုတ်ကားလေးများ၊ အကွာရာအနိမ့်၊ အမြင့်၊ ကားရုပ်ခံအပေါ်မူတည်ကာ ဈေးဖြတ် ရောင်းချဝယ်ယူမှုများသာရှိကြောင်း၊ မဖြစ်မနေသုံးစွဲမည့် သူများသာ ဝယ်ယူလာကြကြောင်း၊ နှစ်ဦးပိုင်းမှစတင်၍ တဖြည်းဖြည်းမြင့်တက်လာသော ဖရီးပါမစ်ကားဈေးတန်းသည် မတ်လကုန် သင်္ကြန်ကာလအပြီးတွင် တန့်သလိုဖြစ်သွားသော်လည်း နောက်ပိုင်းပြန်လည်မြင့်တက်ကာ ယခင်ဈေးတန်းများထက် သိန်း ၃၀၊ ၄၀ အကွာဖြင့် သတ်မှတ်လိုက်သလိုဖြစ်နေကာ ဈေးတန်းမြင့်နေသော်လည်း နယ်လိုင်စင်ကားများအား ဝယ်ယူမည့်သူ ရှားပါးကာ ဈေးချင်းတူလျှင် ရန်ကုန် လိုင်စင်သာ ဝယ်ယူတတ်ကြကြောင်း ဝါရင့်ဝယ်ရောင်းများက ပြောသည်။ **SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နီဆန်း/နတ် (၂၀၁၄) | ယာယီ | ၁၈၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | အာအေဗီ(၄) (၂၀၀၆) | လိုင်စင်/J | ၃၅၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | နီဆန်း/ဂျူကီ (၂၀၁၁) | ယာယီ | ၃၅၀ သိန်း | 1 .5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ဟွန်ဒါ/အင်ဆိုဒ် (၂၀၁၁) | ယာယီ | ၂၂၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၁၅၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဝှရှ် (၂၀၀၉) | ယာယီ | ၃၆၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ပါဆို (၂၀၁၂) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | မတ်(ခ်)တူး (၂၀၀၃) | J | ၂၇၀ သိန်း | 2.0 ဓါတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (အငှားယာဉ်) | | ၁၀၂ သိန်း | |

စာမျက်နှာ (၂၁) မှ ➢ လိမ်လည်လှည့်ဖြား ကြော်ငြာများ …… မှ အဆက်

အတွေးအခေါ် အယူအဆများ ဆိုးရွားစွာ ထိခိုက်နစ်နာခြင်း၊ အခွင့်အရေးများ ဆုံးရှုံးခြင်း၊ နစ်နာပျက်စီးမှုများ ဖြစ်ပေါ်လာခြင်း၊ အတုယူမှားခြင်းများ ဖြစ်ပေါ်စေနိုင်သည့် ကုန်စည်၊ ဝန်ဆောင် မှုလုပ်ငန်းများ၏ အပြစ်အနာအဆာ၊ ချို့ယွင်းအားနည်းချက်များကို ဖုံးကွယ်၍ ချဲ့ကား၊ လိမ်ညာ၊ လှည့်ဖြားကြော်ငြာခြင်းများ အထိ ဆောင်ရွက်လာကြသည်။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄)အရ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်၊ နစ်နာဆုံးရှုံးမှုများမဖြစ်စေရန် ကာကွယ်ပေးနိုင်ရေးအတွက် အောက်ပါကြော်ငြာ အမျိုးအစားများကို ကြော်ငြာခြင်းမပြုရန် ဖော်ပြအပ်ပါသည်-

- ကုန်စည်၊ ဝန်ဆောင်မှု၏ အရည်အသွေး၊ အရေအတွက်၊ အသုံးပြုပုံ၊ ဈေးနှုန်း၊ ပေးအပ်နိုင်သည့် အချိန်တို့နှင့်စပ်လျဉ်း၍ လိမ်လည်ထားခြင်း။
- ကုန်စည်၊ ဝန်ဆောင်မှု၏အာမခံပေး ထားပေးမှုအပေါ် လိမ်လည်ထားခြင်း။
- ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းအချက်အလက်များ ပါဝင်ခြင်း။
- ကုန်စည်၊ ဝန်ဆောင်မှုကို အသုံးပြုခြင်းဖြင့် အန္တရာယ်ရှိမှုအား အသိမပေးခြင်း။
- သက်ဆိုင်သူ၏ ခွင့်ပြုချက်မရှိဘဲ တစ်စုံတစ်ဦး(သို့မဟုတ်) အဖြစ်အပျက်အပေါ် အသုံးပြုထားခြင်း။
- ဥပဒေပြဋ္ဌာန်းချက်များ၊ လူမှုကျင့်ဝတ်များကို ဖောက်ဖျက်ခြင်း။

အထက်ပါ ဖော်ပြထားသော ကြော်ငြာများနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင် (သို့မဟုတ်) ကြော်ငြာလုပ်ငန်းဆောင်ရွက်သူတို့သည် ထိုကြော်ငြာ၏ အကျိုးဆက်များကို တာဝန်ယူရပါမည်။ အဆိုပါမမှန်မကန် လှည့်ဖြား၍ ချဲ့ကားကြော်ငြာသော ကုန်စည်၊ ဝန်ဆောင်မှုများကို စားသုံးသူပြည်သူများကလည်း အသိသတိနှင့် ယှဉ်ပြီး ဝယ်ယူသုံးစွဲကြရမည်ဖြစ်ပေသည်။ ဥပဒေကို သတိမမူဘဲ ဆောင်ရွက်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပါက ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လုပ်ငန်းရှင်များဘက်ကလည်း မိမိကြော်ငြာကို မိမိပြန်ဆန်းစစ်ဖို့လိုနေပြီ ဖြစ်ပါသည်။ စားသုံးသူများကို မမှန်ကန်သောကြော်ငြာများဖြင့် အရောင်းမြှင့်တင်ခြင်း မဆောင်ရွက်ကြပါနှင့်။ ချဲ့ကားလှည့်ဖြားကြော်ငြာများဖြင့် စားသုံးသူကို မဆွဲဆောင်ကြရန် မှန်ကန်သောကြော်ငြာများ ဖြင့်မိမိတို့၏လုပ်ငန်းများ အောင်မြင်စေရေးအတွက် ကြော်ငြာကြဖို့လိုအပ်လှပေသည်။ စားသုံးသူများအနေဖြင့် လိမ်လည်လှည့်ဖြားထားသော ကြော်ငြာများအား သတိမူ၍ ရွေးချယ်ဝယ်ယူ စားသုံးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

❑

# Hosted buyers programme at Innoprom fair Index "(Industrial Expo) ပြပွဲကျင်းပမည်

ရုရှားနိုင်ငံ၊ Yekaterinburg မြို့တွင် " Hosted buyers programme at Innoprom fair Index (Industrial Expo) ပြပွဲကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း RUSSIAN TRADE AND ECONOMIC DEVELOPMENT COUNCIL (RTEDC) မှ စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဖိတ်ကြားလာပါသည်။ INNOPROM ကုန်စည်ပြပွဲသည် ရုရှားနိုင်ငံရှိ အကြီးမားဆုံးသော စက်မှုကုန်စည်ပြပွဲများအနက် တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ရုရှားနိုင်ငံဒေသအတွင်းမှ ပြည်နယ်ပေါင်း ၅၉ ပြည်နယ်နှင့် နိုင်ငံပေါင်း ၉၅ နိုင်ငံမှ ဧည့်သည်ပေါင်း ၅၀၀၀၀ ခန့်လာရောက်ကြည့်ရှု လေ့လာခဲ့သော ပွဲဖြစ်ပါသည်။

အဆိုပါစက်မှုကုန်စည်ပြပွဲတွင် စီးပွားရေးဆိုင်ရာ အစည်းအဝေးပွဲများ၊ ဆွေးနွေးညှိနှိုင်းပွဲများ၊ ကုန်စည်ပြပွဲများနှင့် အခြားပြပွဲများပါဝင်ပြီး သွားရောက်ပြသလိုသူများအား လေယာဉ်လက်မှတ်၊ တည်းခိုရန်ဟိုတယ်ခများအား ပြပွဲကျင်းပသူမှကျခံပေးသွားမည်ဖြစ်ပြီး ဗီဇာကြေးနှင့် အာမခံကြေးများအတွက် သွားရောက်မည့်ပုဂ္ဂိုလ်ဘက်မှ ပေးဆောင်ရမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသူများအနေဖြင့် www.innoprom.com တွင် ပုံစံအားဝင်ရောက်ဖြည့်စွက်၍ Ms.Antonina Bondareva, ဖုန်း + 7 925 286 1015၊ Email: bondareva@formika.ru, info@innoprom.com သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိပါသည်။

(MTC) **ရန်ကုန်**

# 2017 KAOHSIUNG FOOD SHOW သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များပါဝင်ပြသနိုင်

တရုတ် (တိုင်ပေ) တွင် အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိကျင်းပမည့် 2017 KAOHSIUNG FOOD SHOW သို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် Taiwan Trade Center Inc. ရန်ကုန်ရုံးခွဲမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ အကြောင်းကြားလာပါသည်။

အဆိုပါကုန်စည်ပြပွဲကို ထိုင်ဝမ်ပြည်ပကုန်သွယ်မှုဖွံ့ဖြိုးရေးကောင်စီ (TAITRA)က ပွဲစီစဉ်သူအဖြစ် ဆောင်ရွက်ပြီး၊ Marine Bureau of Kaohsiung City Government က ပူးတွဲပွဲစီစဉ်သူအဖြစ် ဆောင်ရွက်ပါသည်။ Bureau of Foreign Trade, MOEAက Sponsorအဖြစ်ဆောင်ရွက်ခြင်းဖြစ်သည်။ ပြပွဲကို Kaohsiung City ရှိ KaohsiungExhibition Center တွင် ကျင်းပမည်ဖြစ်ပါသည်။

Kaohsiung Exhibition Centerသည် စုစုပေါင်းပြခန်းခန်းမ ဧရိယာ ၁၇၉၀၀စတုရန်းမီတာရှိကာ မြောက်ဖက်ပြခန်းမ (North Hall) နှင့် တောင်ဖက်ပြခန်းမ(South Hall) ဟူ၍ အဓိကပြခန်းမကြီး နှစ်ခုရှိကြောင်းသိရပါသည်။

ယမန်နှစ်က အဆိုပါကုန်စည်ပြပွဲ သို့မြန်မာနိုင်ငံမှ Exhibitor/visitor အဖြစ်သွားရောက်သူ ၁၁ဦး ရှိခဲ့ပါသည်။

ကုန်စည်ပြပွဲတွင် လတ်ဆတ်သောအသီးအနှံများနှင့် စိုက်ပျိုးရေးထုတ်ကုန်များ၊ အသားငါး၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အေးခဲပြီးအသင့်စားသုံးနိုင်သော စားသောက်ကုန်များ၊ ခြောက်သွေ့အောင်ပြုလုပ်ထားသော စားသောက်ကုန်များ၊ ကော်ဖီ၊ လက်ဖက်ခြောက်၊ ဝိုင်နှင့်အရက်၊ အခြားအဖျော်ယမကာများ၊ မုန့်နှင့်ကွတ်ကီးများ၊ ကျန်းမာရေး အထောက်အကူပြု အစားအစာများ၊ အစားအသောက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ စသည့်ထုတ်ကုန်ပစ္စည်းများကိုပြသကြောင်းသိရပါသည်။

2017 KAOHSIUNG FOOD SHOW သို့ သွားရောက်ပြသရန် စိတ်ပါဝင်စားသော မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်သတင်းအချက်အလက်များကို ပြပွဲ၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သော https://www.foodkh.com.tw/en_US/index.html သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး၊ မြန်မာကုန်သွယ်မှုဗဟိုဌာနအမှတ် ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ ဖုန်း -၀၁ ၂၅၄၀၂၄၊ ၀၁ ၂၅၄၀၂၃၊Email: itpic.moc@ gmail.com သို့လည်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနှင့်ဖြစ် စေဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရှိရပါသည်။**ကောင်းထွဋ်အောင်** (MTC)

# ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၇-၂၀၁၈ မိုးစပါးရာသီ တောင်သူများကို ချေးငွေကျပ် ဘီလီယံလေးရာခန့် ထုတ်ချေးရန် လျာထား

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၇-၂၀၁၈ မိုးစပါးရာသီ၌ တိုင်းအတွင်း မိုးစပါးစိုက်ပျိုးလျက်ရှိသော တောင်သူများကို စိုက်ပျိုးချိန်တွင် လိုအပ်သော စိုက်ပျိုးစရိတ်၊ သွင်းအားစုများအတွက် ငွေကျပ် ၃၇၆ ဘီလီယံထုတ်ချေးရန် လျာထားကြောင်း၊ မိုးစပါးစိုက်ဧက ၃၄ သိန်းကျော်၊ တောင်သူဦးရေ ၃ သိန်း ၆ သောင်းကျော်ကို ထုတ်ချေးပေးသွားမှာဖြစ်ပြီး မိုးစပါးချေးငွေများကို မေ ၂၃ ရက်မှစတင်၍ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေး သွားမှာဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဇွန် ၂၁ရက်အထိ တိုင်းအတွင်းရှိ ကျေးရွာ အုပ်စု ၅၀၃ စု၊ အစုအဖွဲ့ ၂၀၇၈၈၊ တောင်သူဦးရေ ၅၉၈၂၂ ဦးတို့၏ စိုက်ဧရိယာ ၃၈၉၀၉၆ ဧကအတွက် ကျပ်သိန်းပေါင်း ၅၈ ဘီလီယံကျော် ထုတ်ချေးပေးပြီး ကျန်ချေးငွေများကိုလည်း ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှသိရပါသည်။

ချေးငွေထုတ်ယူမည့် တောင်သူများအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၏ စည်းကမ်းချက် ၁၄ ချက်ကို ဘဏ်တွင် ဗွီနိုင်းဖြင့်ချိတ်ဆွဲထားပြီး မိမိတို့ မြို့နယ်ရှိလယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ငွေစုစာအုပ်၊ မှတ်ပုံတင်မူရင်း၊ လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုပုံစံ(၇)မူရင်း၊ အိမ်ထောင်စုစာရင်း မူရင်းတို့နှင့် ကိုယ်တိုင်လာရောက်ရမှာဖြစ်ပြီး ယခင်နှစ် ကြွေးဟောင်းကြေသူများကိုသာ ထုတ်ချေးပေးမှာဖြစ်ကြောင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများထုတ်ချေးပေးရာတွင် ကျေးရွာတွင် အမြဲတမ်းနေထိုင်ပြီး လယ်ယာလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်သူ အိမ်ထောင်စုတစ်စုလျှင် အိုးခွဲစားအိမ်ထောင်စုတစ်စုကိုသာ ထုတ်ပေးမှာဖြစ်ပြီး ခင်ပွန်းမရှိလျှင် အိမ်ထောင်ဦးစီး အမျိုးသမီး၊ အိမ်ထောင်မရှိသူ အိမ် ထောင်ဦးစီးလူပျို/အပျိုကြီး အိမ်ထောင်စုတစ်စုကိုသာ ထုတ်ချေးပေးသွားမှာ ဖြစ်ကြောင်း၊ အချို့တောင်သူများမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုပုံစံ ၇ ရှိလျှင် ချေးငွေရရှိနိုင်သည်ဟု အသိလွဲ၍ ချေးငွေရရှိစေရန် လာရောက်လျှောက်ထားသူများလည်း ရှိပြီး လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ငွေထုတ်ချေးမည့် စည်းကမ်းမူဘောင်များကို နားလည်မှုလွဲမှားသည့်အပေါ် ဘဏ်တာဝန်ရှိသူများက အချိန်ယူ၍ပြန်လည်ဖြေရှင်းပေးနေရကြောင်း လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဧရာဝတီတိုင်းဒေသကြီးဘဏ်ခွဲမှ တိုင်းဒေသကြီးအတွင်းရှိ မိုးစပါး၊ ဆောင်းစပါးစိုက် တောင်သူများကို ဘဏ်ချေးငွေ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် မိုး/ဆောင်း စပါးချေးငွေများမှစ၍ ၂၀၁၆ ခုနှစ် မိုး၊ ဆောင်း စပါးအထိ အချိန်စေ့လွန်ကြွေးကျန်ပေါင်း ပြန်လည်ပေးဆပ်ရမည့်ငွေမှာ ကျပ် ၂၂၃ ဘီလီယံကျော်အထိ ကျန်ရှိနေကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းမန်နေဂျာ ဦးသန်းဌေးအောင်က ပြောပါသည်။ **မင်းမင်းဦး (ပုသိမ်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၃-၇-၂၀၁၇ မှ ၉-၇-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မိမိ၏ကြိုးစားအားထုတ်မှုကြောင့် အကျိုးတူစီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရရှိလိမ့်မည်။ ငွေကြေးကိစ္စများနှင့် စကားပြောဆိုရမှုများရှိနေတတ်သည်။ ဓာတ်သတ္တုပစ္စည်းများ၊ ရွှေလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။ ရာသီဥတုကြောင့် ဖောက်ပြန်တတ်သော ခန္ဓာကိုယ်တွင်းရောဂါ အနည်းငယ်ဖြစ်တတ်သည်။ သာမန်ကုသခြင်းဖြင့် ပျောက်ကင်းတတ်ပါသည်။ **ယတြာ။ ။ကြက်သွေးရောင်ကို အသုံးပြုပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ အောင်မြင်ကြီးပွားဖို့ဆိုလျှင် အချိန်နှင့်အမျှ ကြံစည်လုပ်ကိုင်မှ အောင်မြင်တိုးတက်လိမ့်မည်။ စက်ရုံ၊ အလုပ်ရုံ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများ အကျိုးပေးပါသည်။ ဘဝင်မကျမှု၊ စိတ်တိုင်းမကျမှုနှင့် အချစ်ရေးသံသရာ လည်တတ်ပါသည်။ ကျန်းမာရေး ဂရုစိုက်ရပါမည်။ ဦးနှောက်နှင့် ပတ်သက်သော အာရုံကြောရောဂါများ၊ နှလုံးနှင့်ပတ်သက်သော ရောဂါများ ဖြစ်တတ်ပါသည်။ **ယတြာ။ ။ငွေရောင်ပစ္စည်းများ အသုံးပြုပါ။**




**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်ရှာဖွေနေသူများအတွက် ကံကောင်းမည့်အချိန်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရသော ငွေကြေးကို ကြည့်၍သင့်တော်မည့်စီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ ကိုယ်ခန္ဓာနွမ်းနယ်မှုရှိတတ်သည်။ ကျန်းမာရေးကို ဂရုစိုက်ရန်မေ့လျော့နေတတ်သည်။ လေဖြန်းခြင်း၊ လေဖြတ်ခြင်းကို သတိထားပါ။ မိတ်ဟောင်း၊ ဆွေဟောင်းများ၏ ကူညီမှုကြောင့် အချစ်ရေး ကောင်းလာတတ်ပါသည်။

**ယတြာ။ ။ ပန်းဆီရောင်သုံးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးနယ်ပယ်တွင် အောင်မြင်ကျော်စောမှုရှိမည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အကျိုးပေးပိုမိုကောင်းမွန်နေမည်။ စီးပွားရေးလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းကပို၍ ကံကောင်းနေတတ်ပါသည်။ ကျန်းမာရေးတွင် ကိုယ်ခံအားကောင်းသော်လည်း၊ အစာအိမ်ရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှော ဝေဒနာတို့ကို သတိထားသင့်ပါသည်။ အချစ်ရေးကံကောင်းပြီး အိမ်ထောင်ဖက်နှင့်အဆင်ပြေမည်။

**ယတြာ။ ။အစိမ်းရောင်၊ အေးမြသောအရောင်သုံးပါ။**



**ကြာသပတေးသားသမီးများအတွက်** မရင်းနှီးမကျွမ်းဝင်သော ပတ်ဝန်းကျင်တွင် ငွေကြေးရင်းနှီးမြှုပ်နှံမှု မပြုလုပ်သင့်သေးပါ။ ရာထူးမြင့်မားသောနေရာနှင့် အစိုးရအဖွဲ့အစည်းတွင် လှုပ်လှုပ်ရှားရှားလုပ်ကိုင်ရတတ်သည်။ အောင်မြင်မှု သိုသိုသိပ်သိပ်နှင့်ရရှိလာတတ်ပါသည်။ ကျန်းမာရေး ကောင်းနေတတ်သော်လည်း ကိုယ်လက်ကိုက်ခဲသောရောဂါ၊ သွေးနှင့်ပတ်သက်သောရောဂါတို့ ဖြစ်တတ်ပါသည်။ အချစ်ရေးကံကောင်းသောနှစ်ဖြစ်သည်။ **ယတြာ။ ။ရွှေဝါရောင်သုံးပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် လက်တွေ့နှင့်စိတ်ကူး တစ်ထပ်တည်းမကျ ဖြစ်နေတတ်သည်။ ငွေကြေးလုပ်ငန်းတွင် အရှုံးပေါ်တတ်သည်။ အသိုင်းအဝိုင်းနှင့်ဆွေမျိုးများအပေါ် မည်သည့်အခါမျှ အောက်ကျို့ခံ၍ မနေတတ်ပါ။ အပျော်အပါး မက်မောမှုရှိတတ်သည်။ ခရီးသွားဝါသနာ ပါနေတတ်မည်။ စိတ်ပိုင်းဆိုင်ရာ အားနည်းချက်ရှိသဖြင့် စိတ်ဖိစီးမှုကြောင့် ရောဂါရရှိတတ်ပါသည်။ **ယတြာ။ ။ အဖြူရောင်၊ နို့နှစ်ရောင်အသုံးပြုပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် မရင်းနှီးမကျွမ်းဝင်သော လုပ်ငန်းများကို တွဲဖက်လုပ်ကိုင် ရှယ်ယာဝင်ခြင်းဖြင့် အောင်မြင်မှုများရရှိတတ်ပါသည်။ ဝင်ငွေများအားကောင်းမည့်ကာလဖြစ်သည်။ ကျန်းမာရေးတွင် အအေးမိသောဝေဒနာ အဆုတ်အားနည်းခြင်း၊ အဆုတ်ထဲရေဝင်ခြင်းတို့ဖြစ်တတ်ပါသည်။ ပညာရေးတွင် ဝီရိယစိုက်ထုတ်ရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံသင့်တင့်နေမည်။ **ယတြာ။ ။ ခရမ်းရောင်ပစ္စည်းများအသုံးပြုပါ။**

# ပုလဲမြို့တွင် တို့ဟူးခြောက်လုပ်ငန်း တွင်ကျယ်လာ

ပုလဲမြို့တွင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းမျိုးစုံရှိသည့်အနက် တို့ဟူးခြောက်ပြုလုပ်သည့် လုပ်ငန်းသည် တွင်ကျယ်လျက်ရှိနေကြောင်း အဆိုပါလုပ်ငန်းသို့ သွားရောက်လေ့လာခဲ့မှုများအရ သိရသည်။

တို့ဟူးခြောက် လုပ်ငန်းအတွက် အဓိကကုန်ကြမ်းပစ္စည်းမှာ ပဲမှုန့်ဖြစ်ရာ အဆိုပါ ပဲမှုန့်ကုန်ကြမ်းကို မုံရွာမြို့မှ ဒေါ်ထွေးပဲမှုန့်ကို အသုံးပြုကြောင်း သိရသည်။ တို့ဟူးခြောက်ပြုလုပ်ရာတွင် ပဲမှုန့်နှင့် သာကူမှုန့်ကို ရောကျို၍ နေပူလှန်း၍အခြောက်ခံကြရသည်။ရရှိလာသော တို့ဟူးခြောက်များကို စန်းသော်တာ အမှတ်တံဆိပ်ဖြင့် အထုပ်ငယ်များ ထုပ်ပိုးကာ အနီးအနားရှိ မြို့များအပါအဝင် မုံရွာ၊ မန္တလေး၊ မိတ္ထီလာ မြို့များသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။

အဓိက တင်ပို့လျက်ရှိသည့် ဈေးကွက်မှာ ရန်ကုန်ဈေးကွက်ဖြစ်ပြီး တောင်ဒဂုံစက်မှုဇုန်ရှိ တို့ဟူးခြောက် ဖြန့်ချိရေးလုပ်ငန်းသို့ နေ့စဉ်တင်ပို့လျက်ရှိသည်။ စန်းသော်တာ တို့ဟူးခြောက်လုပ်ငန်းတွင် အလုပ်သမား ၁၃ ဦး ၁၄ ဦးခန့်ရှိပြီး အလုပ်သမားစရိတ်အဖြစ် တစ်နေ့လျှင် အလုပ်သမားတစ်ဦးအတွက် ကျပ် ၇၀၀၀ ပေးချေရကြောင်း သိရသည်။

တို့ဟူးခြောက်လုပ်ငန်းသည် နေကိုအမှီပြု၍ လုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်ရာ မိုးရာသီကာလအတွင်းတွင် လုပ်ငန်းများ ရပ်နားထားရလေ့ရှိကြောင်း၊ ခေတ်မီအခြောက်ခံစက်များဖြင့် အခြောက်ခံနိုင်ပါက လုပ်ငန်းပိုမိုတွင်ကျယ်လာမှာဖြစ်ကြောင်း စန်းသော်တာ တို့ဟူးခြောက်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **(မိုးမိုးမြင့်)ယင်းမာပင်**

# မွန်ပြည်နယ်အတွင်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိ/မရှိ စစ်ဆေး၍ စားသုံးရန်မသင့်သောကုန်စည်များအားဖျက်ဆီး

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များအား ဆောင်ရွက်လျက်ရှိပါသည်။

ဇွန် ၂၀ ရက်တွင် မုဒုံမြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေး စီမံခန့်ခွဲမှု ကော်မတီဝင်များဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘုရားသုံးဆူမြို့မှတစ်ဆင့် မုဒုံမြို့သို့ဝင်ရောက်လာသော ကြက်အရှင်ကောင်ရေ ၆၀၀ ခန့်၊ ခန့်မှန်းတန်ဖိုး ၂၄ သိန်း ကျော်ခန့်အား ဖမ်းဆီးခဲ့ပါသည်။

အဆိုပါ ကြက်အရှင်များမှာ ထိုင်းနိုင်ငံမှ ဝင်ရောက်လာပြီး စားသုံးရန် မသင့်သောကြောင့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၏ ရှေ့မှောက်တွင် မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်အတွင်းရှိ သုသာန်မြေတွင် မြေမြှုပ်ဖျက်ဆီးခဲ့ကြပါသည်။

ဇွန် ၂၇ ရက်တွင် မွန်ပြည်နယ်မော်လမြိုင်မြို့ရှိ အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေး၊ ပုံကျဈေး၊ ဒေါ်လန်းဈေး၊ မြိုင်ရတနာလေးထပ်ဈေးနှင့် Ocean Super Center တို့တွင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပါဝင်သောအဖွဲ့သည် ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ Mobile Lab ယာဉ်ဖြင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိ/မရှိ နမူနာကောက်ယူ ဓာတ်ခွဲစစ်ဆေးခဲ့ပါသည်။

ဈေးကွက်အတွင်းမှ နမူနာကောက်ယူ ဓါတ်ခွဲ စစ်ဆေးရန်အတွက် အစားအသောက် အမျိုးအမည်ပေါင်း ၁၀၁မျိုး၊ ဆေးဝါး ၄မျိုး၊ အလှကုန် ၆ မျိုးတို့အား စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နေဇင် (မွန်)**

# တရုတ်နယ်စပ်မှ သကြားပိုမိုတင်ပို့ပြီး ထိုင်းနယ်စပ်မှ သကြားလျော့နည်းတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းစုံမှ ဇွန် ၁၇ ရက်မှ ၂၃ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂၄၉ သန်း တန်ဖိုးရှိ Re - Export သကြားတန်ချိန် ၂၆၆၀၃ တန် ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါ တယ်။

စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၂၁၃၁၇ တန် ကျော်၊ ချင်း ရွှေဟော်မှ ၅၁၁၆ တန်နဲ့ ကန်ပိုက်တီမှ ၁၆၉ တန်ခွဲဖြစ်ပါတယ်။ ယခင်တစ်ပတ် က မူဆယ်မှ ၁၈၅၆၄ တန်နဲ့ ချင်းရွှေဟော်မှ ၂၉၁၂ တန်ကျော် စုစုပေါင်း ၂၁၄၇၆ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ သကြားတန်ချိန် ငါးထောင်ကျော် ပိုမို တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ကို ၇၇၂၂၄၀ ကျပ်ရှိပြီး တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၃၉၄၀ ရှိကြောင်း၊ တစ်ဖက်နိုင်ငံမှ ဖမ်းဆီးမှုများရှိလာသဖြင့် သကြား ဈေးကွက် ကျဆင်းလာကြောင်း၊ လက်ရှိပြည်တွင်းတွင် သကြားတစ် ပိဿာကျပ် ၁၁၀၀ ဝန်းကျင် ရှိကြောင်း သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၁၁ သန်းတန်ဖိုးရှိ Re -Export သကြား ၂၃၈၃ တန်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ ၆၄၅၃ တန် နဲ့ နှိုင်းယှဉ်ပါက တန် ၄၀၇၀ လျော့နည်းတင်သွင်းခဲ့ပါတယ်။ **မော်မော်အောင်**

# ပန်းတနော်နှင့် ညောင်တုန်းမြို့နယ်များတွင် အခြေခံမော်တော်ဆိုင်ကယ်ပြင် သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ပန်းတနော်၊ ညောင်တုန်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍အဆိုပါ မြို့နယ်ရုံးများတွင် ဒေသခံများအား တစ်မြို့နယ်လျှင် ၂၅ဦး၊ စုစုပေါင်း ၅၀ ဦးအား အခြေခံ မော်တော် ဆိုင်ကယ်ပြင်သင်တန်းကို ဇူလိုင် ၁ ရက်မှစ၍ ၃၁ ရက်ထိ တစ်လကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း တိုင်းအသေးစား၊ စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောပါသည်။

သင်တန်းတွင် မော်တော်ဆိုင်ကယ် တစ်စီးလုံးနှင့် ပတ်သက်၍ ကာဗာပိုင်း၊ အင်ဂျင်ပိုင်း၊ ဝါယာရိန်းစနစ်၊ အင်ဂျင်ချိတ်ဆက် အလုပ်လုပ်ပုံ၊ဆိုင်ကယ်ဖွဲ့စည်းပုံတွင် အရေးပါသော အစိတ်အပိုင်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးသာမက ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် ကိုယ်ပိုင်ဆိုင်ကယ်ပြင်ဆိုင် ဖွင့်လှစ်၍ မိသားစုဝင်ငွေရရှိပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုအနေဖြင့် ရပ်တည်နိုင်ရန် ရည်ရွယ်၍ မြို့နယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မိမိတို့ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# Vietjet နှင့် Mitsubishi UFJ Financial Group တို့ မဟာဗျူဟာမြောက် လေကြောင်း ငွေကြေးထောက်ပံ့မှု သဘောတူညီချက် လက်မှတ်ရေးထိုး




Vietjet လေကြောင်းလိုင်းသည် ဂျပန်နိုင်ငံဘဏ္ဍာရေးနှင့် ငွေကြေးလုပ်ငန်းအုပ်စု Mitsubishi UFJ Financial Group (MUFG) အဖွဲ့ဝင်ဖြစ်သည့် Mitsubishi UFJ Lease & Finance Company Limited (MUL) နှင့် မဟာဗျူဟာမြောက် လေကြောင်းငွေကြေးထောက်ပံ့မှု သဘောတူညီချက်ကို ဇွန်လပထမပတ်အတွင်းက တိုကျိုမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ သဘောတူညီချက်အရ MUL မှ Vietjet လေယာဉ်ထုတ်လုပ်သူများ၏ ဈေးကွက်နှုန်းထားအရ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၄၈သန်းတန်ဖိုးရှိ A321 လေယာဉ်အသစ်သုံးစီး ဝယ်ယူသွားမည်ဖြစ်သည်။

အဆိုပါ လေယာဉ်သုံးစင်းသည် Vietjet နှင့် ဥရောပ လေယာဉ်ထုတ်လုပ်သူ Airbus တို့အကြား ယခုနှစ်အစောပိုင်းက လက်မှတ်ရေးထိုးခဲ့သည့် A320 အမျိုးအစားများအတွက် ချုပ်ဆိုခဲ့သည့်စာချုပ်တွင် ပါဝင်သည့် လေယာဉ်အမျိုးအစားများဖြစ်သည်။

Vietjet ၏ ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်း ခရီးစဉ်သစ်များအား တိုးချဲ့သွားမည့် အစီအစဉ်အရ ၎င်းလေယာဉ်များကို ၂၀၁၇ ခုနှစ်အတွင်း လက်ခံရရှိမည်ဖြစ်သည်။ Vietjet လေကြောင်းလိုင်းအနေဖြင့် A321နှင့်A320 အမျိုးအစား လေယာဉ်အသစ်အစင်းရေ ၂၀ အား လက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ သဘောတူညီချက်များအရ Vietjet နှင့် MULအနေဖြင့် လေကြောင်းလိုင်း အုပ်ချုပ်မှုနှင့် စီမံခန့်-ခွဲ မှုလုပ်ငန်းများတွင် အတူအတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကာ အလေ့အကျင့်ကောင်းများအား မျှဝေသွားမည်ဖြစ်သည်။

ထို့အပြင် လွန်ခဲ့သော တစ်ပတ်ခန့်က Vietjet သည် လေယာဉ်အင်ဂျင်များနှင့် အခြားသော ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ စက်ပစ္စည်းများနှင့် နည်းပညာ ဝန်ဆောင်မှုများ၊ Auxiliary Power Unit (APU) စက်ပစ္စည်းနှင့် ၎င်း၏နည်းပညာ ထိန်းသိမ်းစရိတ်များ အပါအဝင်၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ် ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းတန်ဖိုးရှိ သဘောတူညီချက်အား အမေရိကန်ပြည်ထောင်စုတွင် လက်မှတ်ရေးထိုးခဲ့သည်။ **မယ်သီတာ**

# သီလဝါ အထူးစီးပွားရေးဇုန်နှင့် ကူဘိုတာ ကော်ပိုရေးရှင်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံမှ အင်ဂျင်နီယာများကို လေ့ကျင့်သင်တန်းပေးမည်

မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (MJTD)၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) နှင့် ကူဘိုတာကော်ပိုရေးရှင်းတို့က မြန်မာအင်ဂျင်နီယာ များကိုရေသန့်စင်စက်ရုံများနှင့် ရေဆိုးသန့်စင်စနစ်များကဲ့သို့သော အဓိကအခြေခံအဆောက်အဦများကို စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့နှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားပေးမည့် အရည်အသွေးမြှင့်တင်ခြင်းအစီအစဉ် သင်တန်းတစ်ခုကို မေ ၂၅ ရက်ကစတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါသင်တန်းသည် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အထူးအရေးပါသော အဓိကအခြေခံအဆောက်အဦစနစ်များကို ပံ့ပိုးရန်လိုအပ်သည့် ကျွမ်းကျင်အင်ဂျင်နီယာ မလုံလောက်မှုကိုဖြေရှင်းနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

MJTD ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာတကရှီရန်နိုင်က "အခုဖွင့်လှစ်ခဲ့တဲ့ ရေနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်ဂျင်နီယာအတတ်ပညာနှင့် စီမံခန့်ခွဲမှုသင်တန်းဟာ မြန်မာနိုင်ငံအတွက် လာမယ့်အနာဂတ်ဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့၊ ရေနဲ့ ရေဆိုးစွန့်ပစ်ခြင်းဆိုင်ရာ အခြေခံအဆောက်အဦတွေကို ကောင်းမွန်စွာကြာရှည်ထိန်းသိမ်းထားနိုင်ဖို့နဲ့သေချာလည်ပတ်နိုင်ဖို့အတွက် အများကြီး အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသည် ရေပေးဝေမှုနှင့် ရေသန့်စင်စနစ်များနှင့် ပတ်သက်သည့် နည်းပညာမျိုးစုံကို အင်ဂျင်နီယာများအား သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အင်ဂျင်နီယာ ၁၀၀ ကျော် တက်ရောက်ကြမည်ဖြစ်ပြီး အစိုးရရုံးများမှ အရာရှိလေးဦး အပါအဝင် နည်းပညာတက္ကသိုလ်နှစ်ခုနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း မှ ကုမ္ပဏီပေါင်း ၃၈ ခုတို့မှ အင်ဂျင်နီယာများတက်ရောက်ကြမည်ဖြစ်သည်။ သင်တန်းအတွက် သင်တန်းကြေးကို MJTD နှင့် ကူဘိုတာ ကော်ပိုရေးရှင်းတို့မှ ပံ့ပိုးပေးထားခြင်းဖြစ်ပြီး သင်တန်းသားများအနေဖြင့် အခမဲ့တက်ရောက်ခွင့်ရကြမည်ဖြစ်သည်။

သင်တန်းကို မေ ၂၅ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**




# အူရီဒူးသုံးစွဲသူများအနေဖြင့် iflix မှ ရုပ်ရှင်များကို အကန့်အသတ်မဲ့ဖြင့် ကြည့်ရှုခွင့်အပြင် အင်တာနက် အခမဲ့အသုံးပြုခွင့်ဖြင့် ကြည့်ရှုနိုင်

အူရီဒူးမြန်မာက အူရီဒူးသုံးစွဲသူများအနေဖြင့် iflix မှ ရုပ်ရှင်များကို အကန့်အသတ်မဲ့ဖြင့် ကြည့်ရှုခွင့်အပြင် အင်တာနက်အခမဲ့အသုံးပြုခွင့်ဖြင့် ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း ဇွန် ၂၃ ရက်တွင် ကြေညာခဲ့သည်။ အူရီဒူးသုံးစွဲသူများအနေဖြင့် iflix ၏ ကမ္ဘာ့အဆင့်မီဝန်ဆောင်မှုကို ရယူနိုင်ရန်အတွက် လစဉ်ကြေးသက်သာခွင့်အပြင် တစ်လလျှင် တစ်ဂီဂါဗိုက် အင်တာနက်အခမဲ့သုံးစွဲခွင့်ကို ခြောက်လအထိရရှိမည်ဖြစ်ပြီး iflix မှရုပ်ရှင်များ၊ ဗီဒီယိုများကို တိုက်ရိုက်သော်လည်းကောင်း၊ ဒေါင်းလုပ်ပြုလုပ်၍သော်လည်းကောင်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

အူရီဒူးအနေဖြင့် iflix ကို သီးသန့်အသုံးပြုရန်အတွက် အထူးသီးသန့် ဒေတာအစီအစဉ်များကိုလည်း ထပ်မံ၍ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။ အဆိုပါအစီအစဉ်မှာ တစ်ဂီဂါဗိုက်လျှင် ၉၉၉ ကျပ်၊ လေးဂီဂါဗိုက်လျှင် ၂၉၉၉ ကျပ်၊ ၁၀ ဂီဂါဗိုက်လျှင် ၅၉၉၉ ကျပ်သာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

My Ooredoo App မှ တစ်ဆင့် (၂၉၉၉ ကျပ်နှင့် အထက်တန်ဖိုးရှိ) ပေါင်းကူးအင်တာနက်အစီအစဉ်ကို ဝယ်ယူသည့်သုံးစွဲသူများအားလုံး iflix အသုံးပြုနိုင်ရန် အင်တာနက်အပိုလက်ဆောင်အဖြစ် ၁၀ ရာခိုင်နှုန်းရရှိမည်ဖြစ်သည်။

အူရီဒူးသုံးစွဲသူများအနေဖြင့် iflix ကို အသုံးပြုခြင်းဖြင့် iflix တွင်ဦးစွာကြည့်ရှုနိုင်မည့် အစီအစဉ်များမှာ အကောင်းဆုံးဆုရရှိထားသော တီဗွီအစီအစဉ်များနှင့် ရုပ်ရှင်များ၊ နာမည်ကျော် ထိပ်တန်းဟောလိဝုဒ်ရုပ်ရှင်များ၊ ဒေသတွင်းနှင့်ပြည်တွင်းရုပ်ရှင်များ၊ ကလေးငယ်များအတွက် အစီအစဉ်များအစရှိသည်တို့ကို ရွေးချယ်စရာအစုံအလင်ဖြင့် အကန့်အသတ်မရှိ ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# Michelin က ပြည်တွင်းကုမ္ပဏီနှစ်ခုကို အကောင်းဆုံး မိတ်ဖက်အဖွဲ့အစည်း ဆုများချီးမြှင့်




ကမ္ဘာကျော် တာယာကုမ္ပဏီတစ်ခုဖြစ်သော Michelin က မြန်မာနိုင်ငံအတွင်းရှိ ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြသော ESTY Distribution Co., Ltd. နှင့် Htoo Maw Co., Ltd. တို့အား Michelin ၏ သယ်ယူပို့ဆောင်ရေး ဆက်စပ်ပစ္စည်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် တက်ကြွစွာပါဝင်ပံ့ပိုးခဲ့ခြင်းကို အသိအမှတ်ပြုသည့်အနေဖြင့် အကောင်းဆုံး မိတ်ဖက်အဖွဲ့အစည်းဆုကို ချီးမြှင့်ပေးခဲ့သည်။

အလျင်အမြန် တိုးတက်နေသော ပြည်တွင်းဈေးကွက်ကို ပိုမိုရင်းနှီးနားလည်လာစေရန် Michelin က မြန်မာနိုင်ငံတွင်ရုံးခွဲတစ်ခုကို ဖွင့်လှစ်ခဲ့သည်။

Michelin ကုမ္ပဏီအနေဖြင့် ပြည်တွင်းစားသုံးသူများ၏လိုအပ်ချက်ကို နားလည်စေရန်၊ ပြည်တွင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၏ တိုးတက်မှုကို ပိုမိုချောမွေ့ မြန်ဆန်စေရန်အတွက် Michelin ထုတ်ကုန်တင်သွင်းသူများအား လေ့ကျင့်သင်ကြားပေးခြင်း၊ ခေတ်မီထုတ်ကုန်များ၊ ဖြန့်ချိရေးဆိုင်ရာ နည်းလမ်းများကို ပံ့ပိုးပေးခြင်းများ ပြုလုပ်ခဲ့သည်။ ဆုချီးမြှင့်ခြင်းခံရသော ESTY Distribution Co., Ltd. နှင့် Htoo Maw Co., Ltd. ကုမ္ပဏီတို့သည် Michelin အမှတ်တံဆိပ်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး လှုံ့ဆော်မှုအတွက် လှုပ်ရှားမှုများ ပြုလုပ်ပေးခဲ့ခြင်း၊ တစ်နေရာတည်းတွင် အလုံးစုံဝန်ဆောင်မှုများ ပေးအပ်နိုင်သော ဆိုင်ခေါင်းစဉ်အောက်တွင် နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများ ပေးအပ်နိုင်ခြင်းအစရှိသော အချက်များဖြင့် ပံ့ပိုးမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။

Michelin ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ရောင်းချမှုဆိုင်ရာ ဒါရိုက်တာဖြစ်သူ Steven Vette က "ဒီဆုတွေဟာ ကျွန်တော်တို့ရဲ့ မိတ်ဖက်တွေကို ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာကို ဖော်ညွှန်းနေတဲ့ သက်သေတွေပဲဖြစ်ပါတယ်၊ ဒီအဖွဲ့အစည်းတွေသာ မပါဝင်ခဲ့ရင် မြန်မာနိုင်ငံအတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍစဉ်ဆက်မပြတ် တိုးတက်ရေးလှုပ်ရှားမှုအတွက် ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်တွေဟာ အကောင်အထည်ပေါ်လာမှာ မဟုတ်ပါဘူး"ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ **မယ်သီတာ**

**ယခင်တစ်ပတ်မှအဆက်**

စင်ကာပူအနေနဲ့ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးအတွက် စတင်ဆောင်ရွက်စဉ် ကာလများမှာ လိုအပ်တဲ့မတည်ငွေရင်း စိုက်ထုတ် ရင်းနှီးခြင်း၊ အခက်အခဲပြဿနာများကို မျှဝေခံစားခြင်းအပြင် ရင်းနှီးမြှုပ်နှံမည့်သူများကို ဆွဲဆောင်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ CSSD တွင် ပါဝင်ရမည့် အစုရှယ်ယာ (Equity Share) ကိုထည့်ဝင်ရုံသာမက စင်ကာပူအစိုးရ၏ ကျောထောက် နောက်ခံပြုကုမ္ပဏီများကလည်း SIP တွင် ပါဝင်နိုင်ရန် အစုစပ်ကုမ္ပဏီတွေမှာ အစုထည့်ဝင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ၁၉၉၇ ခုနှစ်ကုန်ပိုင်းမှာ စင်ကာပူကုမ္ပဏီများရဲ့ SIP တွင် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းဟာ အမေရိကန် ဒေါ်လာ သန်း ၁၂၀ ရှိသွားခဲ့ပါတယ်။ ဒါတင်မကပါဘူး။ အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းကြီးများကို ဘယ်လိုမက်လုံး ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံလာအောင် ဆွဲဆောင်နိုင်မယ့် သူတို့ရဲ့ အတွေ့အကြုံတွေကိုလည်း စင်ကာပူအစိုးရရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (Singapore Economic Development Board - EDB) က SIP ရှိ တာဝန်ရှိသူတွေကို မျှဝေပေးခဲ့ပါတယ်။ တရုတ်ရဲ့ စီးပွားရေးမူဝါဒနဲ့ အခြေအနေအပေါ် မူလကတည်းက သံသယရှိကြတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေနဲ့ တရုတ်မှာ ရင်းနှီးမြှုပ်နှံဖို့ စဉ်းစားရာမှာ စင်ကာပူနဲ့ပေါင်းပြီး မြှုပ်နှံရမယ်ဆိုတော့ မူလသံသယတွေဖျောက်ပြီး ယုံကြည်မှု ရှိလာကြတာတော့ မဆန်းပါဘူး။

**အတွေ့အကြုံမျှဝေခြင်း**

SIP အတွက် နှစ်ဦးနှစ်ဖက် စီးပွားဖက်အဖြစ် ပေါင်းစပ်ဆောင်ရွက်ရာမှာ အရေးပါဆုံးရလဒ်ကတော့ အတွေ့အကြုံဗဟုသုတ မျှဝေပေးခြင်းပဲ ဖြစ်ပါတယ်။ တကယ်ပြောရရင်တော့ အတွေ့အကြုံ ဗဟုသုတသာမက ဖွဲ့စည်း ဆောင်ရွက်မှုပုံသဏ္ဌာန်တွေကိုပါ နည်းနာယူပြောင်းလဲဖို့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်မှာ ထည့်သွင်းထားခဲ့ကြပါတယ်။ တရုတ်ဘက်က စင်ကာပူအတွေ့အကြုံများ အသုံးချရေးရုံး (Adapting Singapore Experience Office) ကို SIPAC အောက်မှာ ဖွဲ့စည်းခဲ့သလို စင်ကာပူဘက်က စင်ပြိုင် Software Project Office (SPO) ကို ဖွဲ့စည်းခဲ့ပါတယ်။ နှစ်ဖက်တာဝန်ရှိသူတွေ လေးလတစ်ကြိမ်တွေ့ဆုံပြီး ကွန်ပျူတာ ပရိုဂရမ်တွေ လွှဲပြောင်းအသုံးချနိုင်မှုအပေါ် ပုံမှန်သုံးသပ်ကြပါတယ်။ စီမံကိန်းရဲ့ အစောဆုံးကာလတွေမှာ SIP က သူ့ရဲ့အခြေခံအဆောက်အအုံတွေကို ပြောင်းလဲပြင်ဆင်ပါတယ်။ ဒါ့အပြင် ကွန်ပျူတာပရိုဂရမ်တွေကို မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နဲ့ ပြည်သူ့လုပ်ငန်းများ စီမံခန့်ခွဲမှုကိစ္စရပ်တွေမှာ ထိရောက်စွာအသုံးပြုနိုင်ဖို့ ဦးတည်ဆောင်ရွက်ခဲ့ကြပါတယ်။ မကြာခင်နှစ်များမှာ SIP အနေနဲ့ တန်ဖိုးမြင့်ထုတ်လုပ်မှု လုပ်ငန်းတွေ (Value Added Industries) လည်ပတ်ဆောင်ရွက်တော့မှာဖြစ်လို့ အဆင့်မြင့်နည်းပညာသုံး ကုန်ထုတ်လုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနဲ့ ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများ ပြောင်းလဲတိုးတက်မှုနဲ့ လိုက်လျောညီအောင် ကွန်ပျူတာပရိုဂရမ် လွှဲပြောင်းခြင်းကို ဇောက်ချ လုပ်ကိုင်ခဲ့ပါတယ်။ ဒီအစီအစဉ်မှာ လွှမ်းခြုံပါဝင်တဲ့ နယ်ပယ်တွေကို ပြောမယ်ဆိုရင်တော့ စက်မှုဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း၊ အရည်အသွေးပြည့် စီမံခန့်ခွဲမှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းခွဲများ တည်ထောင်အပ်နှံလုပ်ကိုင်ခြင်းတို့ ဖြစ်ပါတယ်။

SIP အစပိုင်းကာလမှာ စင်ကာပူ SPO က ဖွင့်လှစ်ပို့ချတဲ့ သင်တန်းများသို့ တရုတ်အရာရှိ ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ အတွေ့အကြုံဗဟုသုတ လွှဲပြောင်းပေးခြင်းအစီအစဉ် ထိရောက်မှုရှိဖို့ တရုတ်က ကြီးကြပ် ဆောင်ရွက်ပါတယ်။ သင်တန်းဆင်းအရာရှိတွေဟာ သင်တန်းကနေ သင်ကြားတတ်မြောက်ခဲ့တာတွေကို ပြန်ပြီး အစီရင်ခံစာ တင်သွင်းရပါတယ်။ ဒါ့အပြင် တရုတ်ရဲ့ ရှိရင်းစွဲဥပဒေတွေ၊ စည်းမျဉ်းဥပဒေတွေကို မိမိတို့ဒေသနဲ့ လိုက်လျောညီထွေဖြစ်အောင် စင်ကာပူမှာကျင့်သုံးတဲ့ အလေ့အထတွေနဲ့ ပြန်လည်တိုက်ဆိုင်ပြီး မူကြမ်းတွေရေးဆွဲ တင်ပြရပါတယ်။ ဒါ့ကြောင့် စည်းမျဉ်းဥပဒေပေါင်း ၁၀၀ ကျော်ကို စင်ကာပူရဲ့အလေ့အထများနဲ့ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ အတွေ့အကြုံဗဟုသုတ လွှဲပြောင်းကြရာမှာ မိမိတို့ရဲ့ဝန်ထမ်းတွေကို နှစ်နိုင်ငံစလုံးက အပြန်အလှန် လဲလှယ် စေလွှတ်ပြီး သက်ဆိုင်ရာလုပ်ငန်းခွင်တွေမှာ ကာလတိုဝင်ရောက်လုပ်ကိုင်စေခဲ့ပါတယ်။ အလှည့်ကျစေလွှတ်တဲ့စနစ်ဖြစ်ပြီး သက်တမ်းကို သုံးလ သတ်မှတ်လုပ်ကိုင်စေပါတယ်။ ဒီလိုအလှည့်ကျစေလွှတ်ခြင်းဖြင့် SIPAC နဲ့ Suzhou မြူနီစီပယ်တို့အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားလာစေခဲ့ပြီး SIP အနေနဲ့ နေ့စဉ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံသူများနဲ့ ဒေသခံပြည်သူများ ဗဟိုပြုဝန်ဆောင်မှုလုပ်ငန်းတွေကို ပွင့်လင်းမြင်သာသော အုပ်ချုပ်မှုများနဲ့ အချိန်ပြည့် အကောင်းဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်အောင် စီစဉ်လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။



‖ မောင်ရင်မောင် ‖

SIP ရဲ့ လုပ်ငန်းစဉ်တွေမှာ တရုတ်ဘက်က Learning by doing ဆိုတဲ့ လုပ်ရင်းကိုင်ရင်းနဲ့ သင်ယူဆည်းပူး လေ့လာမှုနည်းလမ်းကို ကျင့်သုံးခဲ့ပါတယ်။ ထင်သာမြင်သာအဖြစ်ဆုံး လေ့လာသင်ယူနိုင်ခဲ့တာကတော့ မြို့ပြဖွံ့ဖြိုးမှု အစီအစဉ် ရေးဆွဲခြင်းလုပ်ငန်း ဖြစ်ပါတယ်။

**လက်တွေ့လုပ်ငန်းများ**

SIP ကိုမတည်ဆောက်မီ စင်ကာပူဘက်က အားတက်သရော စိတ်ဝင်စားမှုနဲ့အတူ စင်ကာပူနဲ့ တရုတ်ကျွမ်းကျင်သူများဟာ မြို့ပြဆိုင်ရာ အစီအစဉ်တစ်ရပ်ကို ပြည့်စုံဆန်းပြားခေတ်မီစွာနဲ့ မူကြမ်းရေးဆွဲခဲ့ကြပါတယ်။ တရုတ်တာဝန်ရှိသူတွေကတော့ သိပ်အလှမ်းကျယ်တယ်လို့ မှတ်ချက်ပြုကြပါတယ်။ ဒီအစီအစဉ်မူကြမ်းမှာ ယေဘုယျမူဘောင်သာမက ပင်မ အစီအစဉ်ကြီးတစ်ရပ်လုံးကို ရေးဆွဲခဲ့တာဖြစ်ပြီး မြေပြင်ပေါ်မှာ အကောင်အထည်ဖော်မည့် စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ လူနေအိမ်ယာအစီအမံများနဲ့ အခြားမြို့ပြလုပ်ငန်းဆိုင်ရာများကိုပါ ထည့်သွင်းရေးဆွဲထားပါတယ်။ ဒါ့အပြင် ပညာရပ်ပိုင်းဆိုင်ရာ အစီအစဉ်ပေါင်း ၃၀၀ လည်း ပါရှိပါတယ်။ ဒီအစီအစဉ်ကနေ တရုတ်တာဝန်ရှိသူများအတွက် တည်ဆောက်ရေးလုပ်ငန်းမတိုင်မီ အစီအစဉ်ရေးဆွဲခြင်းနဲ့ မြေအောက်လုပ်ငန်းရပ်များကို မြေပေါ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများမစမီ စနစ်တကျဆောင်ရွက်ခြင်းကို အခြေခံတဲ့ တွေးခေါ်မြော်မြင်မှုတစ်ရပ်ကို သင်ကြားပေးပါတယ်။ ဒီအတောအတွင်းမှာပဲ နှစ်ဖက်အကျိုးတူ ပေါင်းစပ် ဆောင်ရွက်ခြင်းမှတစ်ဆင့် စီမံခန့်ခွဲအုပ်ချုပ်မှုကို တရားဥပဒေစိုးမိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ဖြင့် အားဖြည့်ပေးနိုင်ခဲ့ပါတယ်။

SIP မှာ အထက်က ဖော်ပြခဲ့တဲ့အစီအစဉ်ကို မူကြမ်းစတင်ရေးဆွဲစဉ်ကစပြီး ၁၅ နှစ်လုံးလုံး တိကျစွာလိုက်နာ ကျင့်သုံး အကောင်အထည်ဖော်ခဲ့ပါတယ်။ တွေးခေါ်မြော်မြင်မှုကိုလည်း တရုတ်ပြည်တစ်ဝန်းလုံးမှာရှိတဲ့ စက်မှုလုပ်ငန်းဇုန်ဧရိယာများအတွင်း ပျံ့နှံ့လက်ခံကျင့်သုံးရန် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တရုတ်စက်မှုလုပ်ငန်း ဇုန်ဧရိယာအများစုက စင်ကာပူကုမ္ပဏီများကို သူတို့ရဲ့မြေတွေမှာ လာရောက်ဒီဇိုင်းရေးဆွဲပေးဖို့ ဖိတ်ခေါ်ခဲ့ကြပါတယ်။ SIP ဟာ တရုတ်နိုင်ငံရဲ့ အခြားဒေသများမှာ ဆန်းသစ်ပြုပြင် ပြောင်းလဲနိုင်ရေးအတွက် စံနမူနာ ဖြစ်လာခဲ့ပါတယ်။ ခန့်မှန်းခြေအားဖြင့် တရုတ်ပြည်တစ်ဝန်းလုံးက တာဝန်ရှိသူပေါင်း ၂၀၀၀၀ ကျော်ခန့်ဟာ နှစ်စဉ် SIP ကို လာရောက်လေ့လာသင်ကြားခဲ့ကြပါတယ်။ တရုတ်မြို့ကြီးများစွာနဲ့ အုပ်ချုပ်ရေးဒေသများက စင်ကာပူကို အတွေ့အကြုံများ မျှဝေပေးဖို့ ဖိတ်ခေါ်ခဲ့ကြပြီး SIP ရဲ့ အောင်မြင်မှုတွေအပေါ် များစွာအားကျအာရုံစိုက်ခဲ့ကြပါတယ်။ ဒါကြောင့် CSSD ဟာ မိမိရဲ့ ကျွမ်းကျင်မှုများကို တရုတ်ပြည်အတွင်း ဖြန့်ဝေချဲ့ထုတ်ဖို့ဖြစ်လာပြီး စက်မှုလုပ်ငန်းစီမံကိန်းများကိုလည်း ချဲ့ထွင်ဆောင်ရွက်ခဲ့ပါတယ်။

**အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများအတွင်းမှ စိန်ခေါ်မှုများ**

အကျိုးတူပူးပေါင်းဆောင်ရွက်မှုက အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းခဲ့သော်လည်း အစိုးရကိုယ်တိုင် ဆောင်ရွက်သည့် စီမံကိန်းမှာပင် မရှိသင့်သော အခက်အခဲများ၊ စိန်ခေါ်မှုများ တွေ့ကြုံခဲ့ကြရပါတယ်။ ရင်းနှီးမြှုပ်နှံမှုအချိုးများစွာ ထည့်သွင်းထားတဲ့ စင်ကာပူကွန်ဆိုတီယံအနေနဲ့ မိမိပြဿနာကို မိမိဖန်တီးခဲ့သလို ဖြစ်ခဲ့တာလည်း ရှိပါတယ်။ အထူးသဖြင့် မိမိနဲ့ လက်တွဲဖော် တရုတ်တွေနဲ့ ပေးထားတဲ့မက်လုံးအပေါ် သဘောထားမတူတဲ့ အချက်ပဲဖြစ်ပါတယ်။ စင်ကာပူဘက်က SIP ကို ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံတွေ ဖြန့်ဖြူးပေးရာပလက်ဖောင်းလို သဘောထားပါတယ်။ ဒါကြောင့်လည်း အတွေ့အကြုံဗဟုသုတနဲ့ ပညာရပ်များကို လွှဲပြောင်းပေးနိုင်ရေးနဲ့ မြို့ပြစီမံကိန်းရေးဆွဲခြင်းအပေါ် အထူးအာရုံစိုက်ခဲ့ပါတယ်။ SIP ထဲမှာရှိတဲ့ အခြေခံအဆောက်အအုံတွေကို နိုင်ငံတကာစံနှုန်းများနဲ့အညီ တည်ဆောက်ဖို့ ရည်မှန်းခဲ့တာဖြစ်လို့ ကုန်ကျစရိတ်ကြီးမြင့်ပါတယ်။ ဒါကြောင့် ၂၀၀၀ ပြည့်နှစ်အကုန်မှာ SIP မှာ ကိုးစတုရန်းကီလိုမီတာအတွင်း တည်ဆောက်ခဲ့တဲ့ အခြေခံအဆောက်အအုံများရဲ့ တန်ဖိုးဟာ တရုတ်ယွမ်ငွေ ၇ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံ) ကုန်ကျခဲ့ပြီး Suzhou အတွင်း နိုင်ငံတော်အဆင့် ဖွံ့ဖြိုးတိုးတက်မှုဇုန်လေးဇုန်ကို စတုရန်းကီလိုမီတာ ၅၀ အတွင်း တည်ဆောက်ရာမှာ ယွမ်ငွေ ၆ ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ ဘီလီယံ)သာ ကုန်ကျခဲ့ပါတယ်။ ဒါကြောင့် SIP အတွင်း အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာမှာ အခြားဇုန်များထက် အလွန်ကုန်ကျစရိတ် မြင့်မားခဲ့ပါတယ်။ ဒါကြောင့် လည်း ဖွံ့ဖြိုးတိုးတက်မှု ကုန်ကျစရိတ်များကို ကာမိဖို့အတွက် မြေရောင်းချခြင်း၊ ငှားရမ်းခြင်းတွေမှာ ဈေးနှုန်းမြင့်တင်ဆောင်ရွက်ဖို့ မျှော်မှန်းခဲ့ကြပါတယ်။

ဒေသဆိုင်ရာ အစိုးရအနေနဲ့ စီမံကိန်းနဲ့ ပတ်သက်ပြီး မက်လုံးပေးထားတာကတော့ စင်ကာပူက ရင်းနှီးမြှုပ်နှံသူတွေနဲ့တော့ မတူပါဘူး။ ရှယ်ယာပါဝင်မှုကလည်း နည်းတဲ့အလျောက် စီးပွားရေးအကျိုးအမြတ်ထက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်း၊ ထုတ်လုပ်မှုတိုးတက်မှုနဲ့အတူ ဂျီဒီပီတိုးတက်လာဖို့ မှန်းမျှော်ထားပြီး အလေးထားဆုံးကတော့ အခွန်အခ များများရဖို့ ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ ဒေသဆိုင်ရာ အစိုးရအနေနဲ့ အများပြည်သူအတွက် လိုအပ်တဲ့ ဝန်ဆောင်မှု အပြည့်အဝပေးဖို့ တာဝန်ရှိတာဖြစ်လို့ အဓိကဝင်ငွေက ထုတ်လုပ်မှုလုပ်ငန်းတွေကနေ တန်ဖိုးမြင့်အခွန်ဖြစ်နေလို့ပါ။ ဒါကြောင့်လည်း ဒေသဆိုင်ရာ အစိုးရများအတွက် မက်လုံးကတော့ ထုတ်လုပ်မှုလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမည့်သူများကို တတ်နိုင်သမျှ အမြန်ဆုံးနဲ့အများဆုံး ဆွဲဆောင်ဖို့ ဖြစ်ပါတယ်။ တစ်ဖက်ကပြန်ကြည့်ရင် မြေငှားရမ်းခတန်ဖိုးတွေဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် သိပ်မြင့်မားနေပြန်တော့ တော်ရုံနဲ့ မရင်းနှီးနိုင်သလို အခွန်အခကောက်ခံရရှိမှု လျော့ကျပြီး အလုပ်အကိုင် အခွင့်အရေးတွေလည်း ထင်သလောက် မဖန်တီးပေးနိုင်ပါဘူး။ ဒီနေရာမှာ ရင်းနှီးမြှုပ်နှံမှု အများအပြားလုပ်ထားတဲ့ စင်ကာပူကလူများစုနဲ့ လုပ်ဖော်ကိုင်ဖက် တရုတ်ဒေသအာဏာပိုင်တွေကြားမှာ သဘောထားမတိုက်ဆိုင်မှုတွေ ရှိလာခဲ့ပါတယ်။ ဒီလို သဘောထား မတိုက်ဆိုင်မှုကို မီးလောင်ရာလေပင့် ဖြစ်စေတာကတော့ တရုတ်ဗဟိုအစိုးရရဲ့ ရှေးဦးသဘောတူညီမှု ပြုထားတဲ့ အထူးစီးပွားရေးဇုန်ထဲကရတဲ့ ဝင်ငွေမှန်သမျှကို SIP က ထိန်းသိမ်းကွပ်ကဲပိုင်ခွင့် ရှိတယ်ဆိုတဲ့ ကတိပါပဲ။ ဒါကြောင့် ဒေသအာဏာပိုင်အစိုးရအနေနဲ့ SIP ကို ဆက်သွယ်မယ့် အခြေခံအဆောက်အအုံတွေအပေါ် ရင်းနှီးမြှုပ်နှံဖို့ စိတ်အားထက်သန်မှု မရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ (၃၁)သို့ ➤



## မြို့ကြီးများ၏ ၃-၇-၂၀၁၇ မှ ၇-၇-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၃-၇-၂၀၁၇) | အင်္ဂါ(၄-၇-၂၀၁၇) | ဗုဒ္ဓဟူး(၅-၇-၂၀၁၇) | ကြာသပတေး(၆-၇-၂၀၁၇) | သောကြာ(၇-၇-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၉၀% ၃၂˚C/၈၂˚F | ၈၀% ၃၁˚C/၈၂˚F | ၆၀% ၃၁˚C/၈၈˚F | ၆၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F |
| ရန်ကုန်မြို့ | ၉၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၈˚C/၈၃˚F | ၆၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၄˚F |
| မန္တလေးမြို့ | ၆၀% ၃၁˚C/၈၈˚F | ၆၀% ၃၁˚C/၈၇˚F | ၄၀% ၃၂˚C/၈၉˚F | ၅၀% ၃၂˚C/၉၀˚F | ၅၀% ၃၃˚C/၉၁˚F |
| မြစ်ကြီးနား | ၉၀% ၂၆˚C/၇၉˚F | ၈၀% ၂၆˚C/၇၉˚F | ၇၀% ၂၇˚C/၈၀˚F | ၆၀% ၂၇˚C/၈၀˚F | ၆၀% ၂၇˚C/၈၁˚F |
| လားရှိုး | ၈၀% ၂၅˚C/၇၇˚F | ၈၀% ၂၅˚C/၇၇˚F | ၇၀% ၂၆˚C/၇၈˚F | ၆၀% ၂၆˚C/၇၉˚F | ၆၀% ၂၆˚C/၇၉˚F |
| ကျိုင်းတုံ | ၇၀% ၂၇˚C/၈၀˚F | ၇၀% ၂၇˚C/၈၀˚F | ၈၀% ၂၉˚C/၈၄˚F | ၅၀% ၂၈˚C/၈၂˚F | ၆၀% ၂၈˚C/၈၃˚F |
| လွိုင်ကော် | ၈၀% ၂၆˚C/၇၈˚F | ၆၀% ၂၆˚C/၇၈˚F | ၅၀% ၂၇˚C/၈၀˚F | ၆၀% ၂၇˚C/၈၁˚F | ၆၀% ၂၇˚C/၈၁˚F |
| တောင်ကြီး | ၈၀% ၂၁˚C/၇၀˚F | ၈၀% ၂၁˚C/၇၀˚F | ၇၀% ၂၂˚C/၇၁˚F | ၆၀% ၂၂˚C/၇၂˚F | ၆၀% ၂၃˚C/၇၃˚F |
| မော်လမြိုင် | ၉၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F |
| ဘားအံ | ၉၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၅˚F | ၆၀% ၂၉˚C/၈၄˚F |
| ထားဝယ် | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၆၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F |
| မုံရွာ | ၄၀% ၃၃˚C/၉၂˚F | ၃၀% ၃၃˚C/၉၁˚F | ၃၀% ၃၃˚C/၉၂˚F | ၆၀% ၃၃˚C/၉၂˚F | ၅၀% ၃၃˚C/၉၂˚F |
| ပုသိမ် | ၉၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F |
| မြိတ် | ၅၀% ၂၉˚C/၈၅˚F | ၆၀% ၂၉˚C/၈၄˚F | ၅၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F |
| စစ်တွေ | ၉၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၇၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F |
| မကွေး | ၈၀% ၃၁˚C/၈၇˚F | ၆၀% ၃၀˚C/၈၆˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၀˚C/၈၆˚F |
| ဖလမ်း | ၆၀% ၂၂˚C/၇၂˚F | ၇၀% ၂၃˚C/၇၃˚F | ၇၀% ၂၃˚C/၇၃˚F | ၆၀% ၂၄˚C/၇၅˚F | ၆၀% ၂၄˚C/၇၅˚F |



## တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ဒုတိယအကြိမ် မြေပြိုကျမှုဖြစ်ပွား

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် ဇွန် ၂၇ ရက်က ရက်သတ္တတစ်ပတ်အတွင်း ဒုတိယ အကြိမ်အဖြစ် မြေပြိုကျမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၀၀နီးပါးပိတ်မိလျက်ရှိကြောင်း အေဘီစီသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံပိုင် အသံလွှင့်ဌာန၏ ကြေညာချက်အရမြေပြိုကျသည့်နေရာသည် စီချွမ်ပြည်နယ်ရှိ ရှီမိုရွာဖြစ်သည်ဟုဆိုသည်။

စီချွမ်ပြည်နယ်အစိုးရက မြေပြိုကျသည့် ရှီမိုရွာသို့ သွားရောက်၍ ဆက်လက်ပြိုကျနိုင်မည့် နေရာများအား အမှတ်အသားများပြုလုပ်၍ အသိပေးကြေညာခြင်းများကို ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် အဆိုပါပြိုကျနိုင်သည့်နေရာများကိုလည်း အမှတ်အသားများ ပြုလုပ်ထားခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယခုလက်ရှိအချိန်အထိ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုကိုအတိအကျ ထုတ်ဖော်ပြောကြားနိုင်ခြင်း မရှိသေးသော်လည်း မြေပြိုကျသည့်အထဲတွင် အနည်းဆုံး ၉၃ ဦးခန့်ပိတ်မိနေကြောင်း ရှီမိုရွာမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

စီချွမ်ပြည်နယ်သည် တောင်ထူထပ်သည့် ဒေသဖြစ်သည့်အပြင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ငလျင်မကြာခဏ လှုပ်ခတ်မှုများကြောင့် ယခုကဲ့သို့ မြေပြိုကျမှုများ မကြာခဏ ဖြစ်ပွားနေရခြင်းဖြစ်ကြောင်း စီချွမ်ပြည်နယ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါမြေပြိုကျသည့်နေရာသို့ စီချွမ်ပြည်နယ်မှ ကယ်ဆယ်ရေးသမား ၂၅၀၀ ခန့်ရောက်ရှိနေပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ဒေသဆိုင်ရာအာဏာပိုင်များ၏ ထုတ်ဖော်ပြောကြားချက်အရ ယခုအချိန်တွင် သေဆုံးသူ ၁၀ ဦးကို တွေ့ရှိခဲ့ရပြီး ကျန်သူများကိုတွေ့ရှိနိုင်ရေးအတွက် အနံ့ခံခွေးများကို အသုံးပြုပြီး ရှာဖွေစေလျက်ရှိကြောင်း သိရသည်။

စီချွမ်ပြည်နယ်သည် ၂၀၀၈ ခုနှစ်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် သဘာဝအနေအထားများ ပျက်ယွင်းနေသည့်ဒေသတစ်ခုဖြစ်ရာ မိုးအနည်းငယ်ရွာသွန်းသည်နှင့်ပင် တောင်ပြိုကျခြင်းများဖြစ်ပေါ်တတ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# အီကွေဒေါနိုင်ငံ ကမ်းခြေတွင် အင်အားပြင်းငလျင်လှုပ်ခတ်

အီကွေဒေါနိုင်ငံတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ သုညရှိ အင်အားပြင်းထန်သည့် ငလျင်တစ်ခု ဇွန် ၃၀ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၂၉ မိနစ်က လှုပ်ခတ်သွားခဲ့ကြောင်း Global News တွင် ဖော်ပြထားသည်။

အဆိုပါအင်အားပြင်းငလျင်သည် အီကွေဒေါကမ်းခြေဒေသတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ ဘူမိဗေဒတိုင်းတာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ မြို့တော် Bahia de Caraquez ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၃၀ အကွာ၊ မြေအောက်အနက် ခုနစ်ကီလိုမီတာကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကို အီကွေဒေါနိုင်ငံ မြို့တော် ကွီတိုရှိ Quayaquil ဆိပ်ကမ်းမြို့၏ ကီလိုမီတာ ၂၀၀ ပတ်လည်အထိ သိရှိခံစားခဲ့ကြရသည်ဟု ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်မှု တစ်စုံတစ်ရာမရှိသေးဟု ဆိုသော်လည်း ပျက်စီးမှုများရှိနိုင်ကြောင်း၊ သို့သော် ဆိုးဆိုးရွားရွား ပျက်စီးဆုံးရှုံးမှုရှိနိုင်မည်ဟု မထင်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့်ပျက်စီးဆုံးရှုံးမှု အသေးစိတ်ကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း အီကွေဒေါနိုင်ငံမှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံ အရေးပေါ် ကူညီကယ်ဆယ်ရေးဌာနမှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဗင်းဆင့်တေဆန်းချေ့စ်က "အင်အားပြင်းငလျင်လှုပ်ခတ်တာကို အီကွေဒေါကမ်းခြေဒေသမှာ နေထိုင်တဲ့ ပြည်သူတွေရော၊ အနီးတစ်ဝိုက်မြို့တွေက ပြည်သူတွေရော သိရှိခံစားခဲ့ကြရပါတယ်။ ဒါပေမယ့် အခုအချိန်အထိတော့ ကယ်ဆယ်ရေးနဲ့ပတ်သက်ပြီး အကူအညီတောင်းတာမျိုး မရှိသေးပါဘူး"ဟု The Hindu သို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက အီကွေဒေါနိုင်ငံ ကမ်းခြေဒေသတွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၈ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သည်။

အဆိုပါ အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် လူပေါင်း ၇၀၀ ကျော် သေဆုံးခဲ့ရပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယင်းငလျင်လှုပ်ခတ်မှုကြောင့် အီကွေဒေါနိုင်ငံတစ်ဝန်းတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# ငပုတောမြို့နယ်အမှတ်(၅) အ ၊ လ ၊ က(ခွဲ) ကျောင်းတွင် ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့ဝင် ဆရာဆရာမများအား ကျောင်းမုန့်ဈေးတန်းစားသုံးသူရေးရာသင်တန်း ပို့ချ



ပုသိမ်ခရိုင်၊ ငပုတောမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ် တာဝန်ခံနှင့် ဝန်ထမ်းများသည် ဇွန်လ ၁၉ရက်က ငပုတော မြို့နယ်ရွှေမြကွင်း ရပ်ကွက် အမှတ်(၅) အ. လ. က(ခွဲ) ကျောင်း တွင် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာ အဖွဲ့ ဆရာ၊ ဆရာမများ ၅၀ ဦးအား ကျောင်းမုန့်ဈေးတန်းစားသုံးသူရေး ရာသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ငပုတော မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံက ကျောင်းသူ ကျောင်းသားများစားသုံးနေ သော အစားအစာများတွင် အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ခွင့်ပြုချက်၊ နေရပ်လိပ်စာများ အား ဂရုစိုက်၍ ကျောင်း မုန့်ဈေးတန်းစားသုံးသူရေးရာအဖွဲ့ ဆရာ၊ ဆရာမများက အထူးဂရု ပြု၍စစ်ဆေးပေးပါရန်၊ တားမြစ်ထားသောပစ္စည်းများရောင်းချ၍ ကျောင်းသူ ကျောင်းသားများ အန္တရာယ်ပေါ်ပေါက်ခဲ့ပါက ဧရာဝတီ တိုင်းဒေသကြီးနှင့် ပုသိမ်ခရိုင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြား မှုလက်ခံဆောင်ရွက်ရေးစင်တာ၊ တိုင်းဒေသကြီးနှင့် ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များသို့ တိုင်ကြားနိုင်ကြောင်း ရှင်းလင်းပို့ချခဲ့ပါသည်။

ထို့နောက် မိတ်ဖက်အဖွဲ့အစည်း အသီးသီးက စားသုံးသူ ရေးရာနှင့် ပတ်သက်သည့် အရေးကိစ္စများအား ဆွေးနွေးပို့ချခဲ့ပြီး ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့ လက်ကိုင်ထားရ မည့် အိတ်ဆောင်စာအုပ်များအား ဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် အဆိုပါ ကျောင်းရှိ ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။

**ဒေါ်န(ငပုတော)**

# မအူပင်မြို့နယ် ထန်းပင်ကွေ့အရှေ့ အ၊ထ၊က (ခွဲ)ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး သင်တန်းပို့ချ



မအူပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ မြို့နယ်တာဝန်ခံ ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ ဦးဆောင်၍ မအူပင်မြို့ နယ် ပညာရေးမှူးရုံး၊ ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်သည့် ကျောင်းမုန့်ဈေးတန်းစားသုံးသူရေးရာ အဖွဲ့ဝင်များနှင့် ဆရာ၊ ဆရာမများ ပါဝင်သည့် သင်တန်းသား ၂၀ ဦးကိုနှစ်ရက် ကြာ သင်တန်းပို့ချပေးခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မအူပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီး ဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက စား သုံးသူရေးရာဦးစီးဌာနဖြစ်ပေါ်လာပုံ နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းကိုလည်းကောင်း၊ မြို့ နယ်တာဝန်ခံ ဦးအောင်ဇော်ဦးကလည်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေ အခန်း(၁)၏ အမည်နှင့်အဓိပ္ပာယ်ဖော် ပြချက်များကိုလည်းကောင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုနှင့် ပတ်သက်သော သိကောင်းစရာများ၊ စားသုံးရန်မသင့်၍ အန္တရာယ်ရှိသော အသင့်စား အစား အစာများနှင့် ဆိုးဆေးအန္တရာယ်များ အကြောင်းတို့ကိုလည်းကောင်း၊ ကျန်းမာ ရေး ဦးစီးဌာန ကျေးလက်ကျန်းမာရေး ဦးစီးဌာနမှလည်း တစ်ကိုယ်ရေ သန့်ရှင်း ရေးအကြောင်းနှင့်အစာအဆိပ်ဖြစ်မှု များကိုလည်းကောင်း ဆွေးနွေးပို့ချပေး ခဲ့ကြောင်း သတင်းရရှိပါသည်။

**CONSUMER (MT)**

# ရေဦးမြို့နယ်တွင် အခြေခံပညာကျောင်းများ၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြော၊ ကျောင်းမုန့်ဈေးတန်း စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးအောင်ညွှန့်နှင့် အငယ်တန်းစာရေး ဒေါ်ပြည့်ဖြိုးဝေတို့သည် ဇွန် ၁၉ ရက် တွင် ရေဦးမြို့၊ အောင်ချမ်းသာရပ်ကွက် အခြေခံ ပညာမူလ တန်းကျောင်း၌ ဆရာ၊ ဆရာမ ၊ ဈေးသည်နှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၃ ဦးအား လည်းကောင်း၊ ဇွန် ၂၀ ရက် တွင် အောင်ဆန်းရပ်ကွက် အခြေခံ ပညာမူလတန်း ကျောင်း၌ ဆရာ/ဆရာမ နှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၂၅ ဦးအားလည်းကောင်း၊ ဇွန် ၂၂ ရက်တွင် ရေဦး မြို့နယ်၊ မကျီးတောကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဆရာ၊ ဆရာမ၊ ဈေးသည်၊ မိဘပြည်သူနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၈ ဦး အားလည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပညာ ပေးခဲ့ကြောင်း သိရှိရသည်။

ဟောပြောရာတွင် မြို့နယ် တာဝန်ခံ ဦးအောင်ညွှန့်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ အန္တရာယ် ရှိ ဓာတုဆိုးဆေးများအကြောင်းနှင့် ဒေါ်ပြည့်ဖြိုးဝေက အန္တရာယ်ရှိ မုန့်မျိုးစုံအကြောင်းများကို အသီးသီး ဟောပြော ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဆက်လက်၍ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် အတူ ကျောင်း မုန့်ဈေးတန်းများအား စစ်ဆေးရာ အားကစား နှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန်များ ရောင်းချခြင်းမရှိ သည်ကို တွေ့ရှိရပြီး မကျီးတောကျေးရွာ မူလွန်ကျောင်း ဈေးသည်တစ်ဦးသာလျှင် FDA ထောက်ခံချက် မပါရှိသော ရောင်စုံအချိုရည်ဗူးများ ရောင်းချနေသည်ကို တွေ့ရှိရသဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ခဲ့ပြီး နောင်တွင် FDA ထောက်ခံ ချက်ပါရှိသော မြန်မာစာတန်းပါ မုန့်များနှင့် မြန်မာ့ရိုးရာ မုန့်များကိုသာရောင်း ချကြရန် ဈေးသည်များအား ပညာပေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိ ပါသည်။

**အောင်ညွှန့် (ရေဦး)**

# စစ်ကိုင်းမြို့နယ်၊ ဆင်မြေကျေးရွာနှင့် မအူပင်ကျေးရွာတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

စစ်ကိုင်းခရိုင်ရုံးမှ ဦးစီးမှူးနှင့် စစ်ကိုင်းမြို့နယ် တာဝန်ခံတို့သည် မိတ် ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ ဇွန် ၁ ရက်က စစ်ကိုင်းမြို့နယ် ဆင်မြေကျေး ရွာနှင့် ဇွန်လ ၁၂ရက်တွင် မအူပင်ကျေး ရွာများသို့ သွားရောက်ကာ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲ တွင် စစ်ကိုင်းခရိုင်ရုံးမှဦးစီးမှူးဒေါ်ခင် မြတ်မူက အန္တရာယ်ရှိသော မုန့်မျိုးစုံ အကြောင်း၊ အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာတို့ကို စားသောက်ခြင်းကြောင့် ဖြစ် ပေါ်လာနိုင်သော ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ စစ်ကိုင်း မြို့နယ်တာဝန်ခံ ဦးခင်မောင်ဝင်းက စားသုံးသူရေးရာ ဦးစီး ဌာန၏ သမိုင်း ကြောင်း၊ အကင်မျိုးစုံ အကြောင်း၊ ဟင်းချက်ဆီအကြောင်း၊ စစ်ကိုင်းမြို့ တွင် စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင် တာ (Consumer Information and Complaint Center-CICC)ကို မကြာမီ ဖွင့်လှစ်မည်ဖြစ်ပြီး စားသုံးသူပြည်သူ များ၏ နစ်နာဆုံးရှုံးမှုမရှိစေရန် စစ်ကိုင်း ခရိုင်တွင် ဆောင်ရွက်ပေးတော့မည့် အကြောင်းကိုလည်းကောင်း၊ စစ်ကိုင်း ခရိုင်ရုံးမှ အငယ်တန်းစာရေး ဒေါ်နှင်း နွယ်နီခိုင်က ဟင်းချိုမှုန့်စားသုံးခြင်း ကြောင့်ဖြစ်ပေါ်လာနိုင်သော ဘေး ဥပဒ်အန္တရာယ်များ အကြောင်းကိုလည်း ကောင်း အကျယ်တဝင့် ဟောပြောဆွေး နွေးကြပြီး လက်ကမ်းစာစောင်များ ပေးဝေခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ရွာသူ၊ ရွာသား စားသုံးသူပြည်သူများ စုစုပေါင်း ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်းသတင်း ရရှိပါသည်။ **နှင်းနွယ်နီခိုင်(စစ်ကိုင်း)**

# စဥ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာရှိ GOLDEN DRAGON LIBO အချိုရည် စက်ရုံ၌ ကွင်းဆင်းစစ်ဆေးပြီး စားသုံးသူ အသိပညာပေးဟောပြော

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်း များသည် မိတ်ဖက်အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဇွန်၁၆ ရက်က စဥ့်ကိုင် မြို့နယ်၊ ဆီဆုံကျေးရွာရှိ GOLDEN DRAGON LIBO အချိုရည်စက်ရုံသို့ သွားရောက်ပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထို့နောက် စက်ရုံရှိ ဝန်ထမ်းများအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ပါသည်။ဆက်လက်၍ပူးပေါင်းအဖွဲ့ဖြင့် ထုတ်ကုန် များ လုံခြုံစိတ်ချရမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးရာတွင် အချိုရည်စက်ရုံအဖြစ် ဆောက်လုပ်ထားသော အဆောက်အဦမှာ လုံလောက်သော အကျယ်အဝန်း ရှိခြင်း၊ ပတ်ဝန်းကျင်နှင့်ဆက်စပ်မှုမရှိဘဲ သီးခြားတည်ရှိခြင်း၊ စက်ယူနစ်များ ပြည့်စုံ သန့်ရှင်းမှုရှိခြင်း၊ သုံးစွဲသော ရေအရင်းအမြစ်မှာ ကောင်းမွန်မှုရှိခြင်းတို့အား အဖွဲ့မှ စစ်ဆေးတွေ့ရှိရပါသည်။ ပူးပေါင်းအဖွဲ့သည် စက်ရုံမှထုတ်လုပ်သော အချိုရည်ဖာများနှင့်ဗူးများပေါ်တွင် ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန် ရက်စွဲ၊ ပါဝင်ပစ္စည်းများအား မြန်မာဘာသာဖြင့် ရိုက်နှိပ်ဖော်ပြရန်၊ ဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးစေရန်တို့အား မှာကြားခဲ့ပြီး အသိပညာပေး ဆွေးနွေးခဲ့ ကြောင်း သတင်းရရှိပါသည်။ **နှင်းလဲ့လဲ့ (ကျောက်ဆည်)**

# တောင်ကြီးမြို့တွင် ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ အစည်းအဝေး ( ၂/ ၂၀၁၇) ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဇွန်လ ၂၂ ရက်က ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်း ကော်မတီ နှစ်ရပ် အစည်းအဝေး (၂/ ၂၀၁၇) ကို ကျင်းပခဲ့ပါတယ်။



အဆိုပါ အစည်းအဝေးတွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြသန်းက ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ဈေးကွက်အတွင်း ရောက်ရှိနေသောကုန်စည်များကို ကွင်းဆင်း စစ်ဆေးရမည့် လုပ်ငန်းစဉ်အရ ဈေးကွက် ထောက်လှမ်းခြင်း၊ သတင်းရယူခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန်၊ သုံးစွဲရန် မသင့်၍ထုတ်ပြန် ကြေညာထားသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဈေးကွက်အတွင်း ရောင်းချနေတာများလည်း တွေ့နေရပါကြောင်း၊ သက်တမ်းလွန် ကုန်စည်များ ရောင်းချနေကြတာကိုလည်း မကြာခဏ စစ်ဆေးတွေ့ရှိရပါကြောင်း၊ ဈေးကွက်များတွင်လည်း ဝန်ထမ်းများကို တာဝန်ကိုယ်စီပေးပြီး ထောက်လှမ်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများသည် နိုင်ငံတော်အဆင့်၊ အမျိုးသားရေးအဆင့် ဆောင်ရွက်ကြရသည့် လုပ်ငန်းများဖြစ်သည့်အတွက် အာဆီယံနိုင်ငံများတွင် ၁၉၈၅ ခုနှစ်က စတင်၍လည်းကောင်း၊ မြန်မာနိုင်ငံမှာ ၂၀၁၅/ ၂၀၁၆ ခုနှစ်က စတင် ဆောင်ရွက်ခဲ့ပါကြောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ပါတယ်။

ထို့နောက် ပြည်နယ် လုပ်ငန်းကော်မတီ နှစ်ရပ်၏ အတွင်းရေးမှူး ဦးမင်းအောင်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပထမအပိုင်းမှာ အသိပညာ ပေးဆွေးနွေး ဟောပြောခြင်းဖြစ်ပြီး၊ ယခုနှစ်တွင် တောင်ကြီးခရိုင်အပြင် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ဟောပြောမှုများ သွားရောက်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကုန်စည်အပြင် ဝန်ဆောင်မှုလုပ်ငန်းကိုလည်း အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါတယ်။

ထို့ပြင် ပြည်နယ် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီဝင် ဦးအေးကို၊ ပြည်နယ် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီဝင် ဦးမျိုးနိုင်၊ ပြည်နယ် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီအဖွဲ့ဝင် ဒေါ်မြတ်မွန်ဦး၊ ပြည်နယ်ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီဝင် ဒေါ်တင်တင်သောင်း၊ ပြည်နယ် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဝင် ဒေါက်တာ Mဇော်မိုင်နှင့် ပြည်နယ်ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီဝင် ဦးထွန်းလင်းဦးတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

# ရောဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်း ရေးအဖွဲ့ (၁၆) ကြိမ်မြောက် အစည်းအဝေးကို ဇွန်လ ၂၇ ရက်က ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန၊ အစည်းအဝေးခန်းမ တွင် ကျင်းပခဲ့ရာ တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ သက်ဆိုင်ရာ တိုင်းအဆင့်ဌာနဆိုင်ရာများမှ အဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်၊ ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူ ကိုယ်စားလှယ်များ၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က စားသုံးသူ ပြည်သူများ မိမိတို့၏ အခွင့်အရေးကို သိရှိနားလည်စေရန်နှင့် စားသုံးသူ ယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာစေဖို့ လိုအပ်သလို ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စပ်လျဉ်း၍ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေး စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရန်သာမက ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပမှတင်သွင်းလာသော ကုန်ပစ္စည်းများတွင် Product Labelling ကိုမြန်မာဘာသာနှင့် အခြားနားလည်နိုင်သည့် ဘာသာတစ်ခုခုဖြင့် တွဲလျက် ရေးသားဖော်ပြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ခရိုင် ငါးခရိုင်တွင် CICC ရုံးများ ဖွင့်လှစ်ပြီး အငြင်းပွားမှုများကိုလည်း စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ စေ့စပ်ညှိနှိုင်း ပေးပြီး စားသုံး သူပြည်သူများ ယုံကြည်အားကိုးမှုရှိစေရေးအတွက် လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ကျောင်းဖွင့်ရာသီရောက်ရှိပြီဖြစ်ရာ စာသင်ကျောင်းများတွင် ကျောင်းမုန့်ဈေးတန်းနှင့် ပတ်သက်ပြီး စစ်ဆေးရန်အချက် ငါးချက်ချမှတ်ပေးခဲ့ပြီး တိုင်းအတွင်းရှိ စာသင်ကျောင်း ၈၀၀၀ ခန့်၏ ၈၀ ရာခိုင်နှုန်းတွင် ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းပေးထားပြီး ဖြစ်သည့် အတွက် စားသုံးသူရေး ရာအသိပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးဖို့ ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး (ပုသိမ်)**

## မုံရွာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်း အဝေး(၁/၂၀၁၇) ကျင်းပ

မုံရွာခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/ ၂၀၁၇) ကို ဇွန် ၂၇ ရက်က မုံရွာခရိုင် စီမံခန့်ခွဲမှု ကော်မတီရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ အပါအဝင် စုစုပေါင်း ၁၄ ဦးတက်ရောက်ခဲ့ပါတယ်။

မုံရွာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး လုပ်ငန်းများကို ထိထိရောက်ရောက် လုပ်စေလိုကြောင်း၊ စာသင်ကျောင်းများသို့ ကွင်းဆင်းဟောပြောရာတွင် စားသုံးရန်မသင့်သော မုန့်နမူနာများကို ယူဆောင်သွားပြီး လက်တွေ့ပြသခြင်း၊ ကျောင်းမုန့်ဈေးတန်းများတွင် ကလေးများ စားသည့်မုန့်များ တံဆိပ်ပါ/မပါ၊ လတ်ဆတ်မှု ရှိ/မရှိ၊ စားသုံးရန် သင့်/မသင့်တို့ကို စစ်ဆေးရမည် ဖြစ်ကြောင်း၊ မုံရွာခရိုင်အတွင်း မြို့နယ်များရှိ ဈေးများကို ရှောင်တခင် စစ်ဆေးသင့်ကြောင်း၊ စားသောက်ဆိုင်များ သန့်ရှင်းသပ်ရပ်မှု ရှိ/မရှိ စစ်ဆေးသင့်ကြောင်း ပြောကြားခဲ့ပါသည်။

စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင် ဦးစီးမှူးက စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုရှိပါက မည်ကဲ့သို့ တိုင်တန်းရမည်ကို မသိရှိခြင်းတို့ကြောင့် ယခုအချိန်အထိ မုံရွာခရိုင်၌ တိုင်ကြားမှု မရှိသေးပါကြောင်း၊ ကျေးရွာ/ ရပ်ကွက်များသို့ အသိပညာပေး ဆွေးနွေးပွဲ ကွင်းဆင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မိတ်ဖက်ဌာနများပါ အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင်(မုံရွာ)**

# မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအောင်မြင်စွာ ကျင်းပ

မအူပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန်လ ၂၃ ရက်က ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင် ၁၀ ဦး၊ မိတ်ဖက်ဌာနမှ ဖိတ်ကြား၍ တက်ရောက်သူ ၃ ဦးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ၃ ဦး စုစုပေါင်း ၁၆ ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

မအူပင်ခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်းက မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

မအူပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက ဈေးကွက်လေ့လာစောင့်ကြည့်မှု၊ လုပ်ငန်းရှင်များအား အသိပညာပေး ဆောင်ရွက်မှု၊ ကျောင်းများတွင် အသိပညာပေး ဆောင်ရွက်မှုများနှင့် ကျောင်းမုန့်ဈေးတန်း များတွင် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ စစ်ဆေးပညာပေးဆောင်ရွက်မှုများ၏ အောင်မြင်မှုရရှိမှု အခြေအနေများကို ဆွေးနွေး ပြောကြားညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များ၏ ပြန်လည်ဆွေးနွေးတင်ပြချက်များကို ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အဖြစ်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်တစ်ညီ တစ်ညွတ်တည်း ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီး မှူးဦးဇော်မင်းနှင့် တာဝန် ရှိသူများသည် မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍ ဇွန်လ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျောင်းမုန့် ဈေးတန်း စားသုံးသူအဖွဲ့ဝင်များနှင့် ဆရာ၊ ဆရာမများအား ထန်းပင်ကွေ့ အရှေ့(အ. ထ. က ခွဲ)တွင် စားသုံးသူ အကာအကွယ်ပေးရေးသင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Consumer-MT**

# ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပိုမို ယုံကြည်စိတ်ချရမှု ရှိစေမည်ဟု ထိုင်းအစိုးရ ကတိပြု

ထိုင်းအစိုးရအနေဖြင့် ထိုင်းနိုင်ငံတွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားသားများ၊ ပြည် တွင်းမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အစိုးရအပေါ် ပိုမိုယုံကြည်စိတ်ချရမှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ထိုင်းအစိုးရအနေဖြင့် ရွေးကောက်ပွဲကျင်းပရန် အချိန်ကိုထုတ်ဖော်ကြေညာခြင်း မပြုရသေးသော်လည်း နိုင်ငံအတွက် အဓိကကျသည့် အခြေခံအဆောက်အအုံများကို စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဘတ် ၂ ဒသမ ၄ ထရီလီယံ တန်ဖိုးရှိသည့် မော်တော်ကားလမ်းများ၊ လူအများအပြား သွားလာနိုင်သည့် လမ်းများ၊ နှစ်လမ်းသွား ရထားလမ်းများ ဖောက်လုပ်ခြင်း စသည့်စီမံကိန်းများသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွက် လျာထားသည့် စီမံကိန်းများဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများကို ထိုင်းအစိုးရအဖွဲ့အနေဖြင့် ယခုနှစ်အတွင်း ဆောင်ရွက်ရန် သဘောတူညီထားပြီးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Somkid Jatusripitak က ဗန်ကောက်ပို့စ်သတင်းစာအား ပြောကြားခဲ့သည်။

"အစိုးရအနေနဲ့ လွန်ခဲ့သည့် သုံးနှစ်ကတည်းက နိုင်ငံတော်ရဲ့စီးပွားရေးတိုးတက်ဖို့အတွက် မူဝါဒ အမျိုးမျိုး ချမှတ်ပြီး စတင်လုပ်ဆောင်ခဲ့ပါတယ်။ ပို့ကုန်ဦးဆောင်တဲ့ နိုင်ငံတော်စီးပွားရေး မဟာဗျူဟာအတွက် အရေးကြီးတဲ့ အချက်တွေကို ချမှတ်ခဲ့ပြီး စီးပွားရေး ချိန်ခွင်လျှာညီမျှဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အထူးအားဖြင့် အစိုးရအနေနဲ့ နှစ်နှစ်ဆယ်အတွင်း ကုန်စည်သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက စီမံချက်တွေ ချမှတ်ပြီး လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီစီမံချက်တွေကတော့ လမ်းတွေ၊ အမြန်လမ်းမတွေ၊ မော်တော်ကားလမ်းတွေ၊ ပြည်သူလူထုအများစု အသုံးပြုတဲ့လမ်းတွေ၊ နှစ်လမ်းသွားရထားလမ်းတွေ၊ မြန်နှုန်းမြင့်ရထားတွေနဲ့ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွေ၊ လေဆိပ်သစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး၊ ပင်လယ်ဆိပ်ကမ်း နဲ့ ကုန်စည်ကူးသန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းရဲ့အဓိကအချက်အခြာကျတဲ့ လုပ်ငန်းတွေကို လာမယ့်ငါးနှစ်အတွင်း လုပ်ဆောင်ဖို့ ဘတ် ၂ ဒသမ ၄ ထရီလီယံ ရင်းနှီးမြှုပ်နှံထားပါတယ်"ဟု မစ္စတာ ဆုန်ကစ်က ပြောကြားခဲ့သည်။

ထို့ပြင် နှစ်လမ်းသွားရထားလမ်းနှင့် နှစ်လမ်းသွားကားလမ်းတို့ကို ဖောက်လုပ်ရန်အတွက် ပူးပေါင်း လုပ်ဆောင်မည့် ရင်းနှီးမြှုပ်နှံ သူများကို ရွေးချယ်ထားပြီးဖြစ်ရာ လာမည့်နှစ်လအတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ အဆိုပါကားလမ်းနှင့် ရထားလမ်းဖောက်လုပ်မည့် စီမံကိန်းကို ယခုနှစ်အတွင်း စတင်လုပ်ဆောင်မည်ဖြစ်ပြီး တရုတ်-ထိုင်း ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကိုမူ လာမည့် စက်တင်ဘာလအတွင်း စတင်လုပ်ဆောင်ရန် မျှော်လင့်ရသည်ဟု ဆိုသည်။

ဗန်ကောက်မှ ရနောင်းနှင့် ဗန်ကောက်မှ ဟွာဟင်းအထိ မြန်နှုန်းမြင့် ရထားလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖူးခက်တွင် ပြည်သူ သယ်ယူပို့ဆောင်ရေးစီမံကိန်းအား Public-Private-Partership အဖြစ် လာမည့် နှစ်လအတွင်း ပထမဦးဆုံးအကြိမ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် တရုတ်-ထိုင်းမီးရထားလမ်းတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း၊ အဆိုပါစီမံကိန်းသည် တရုတ်နိုင်ငံ၏ One Belt One Road စီမံကိန်း၏တစ်စိတ်တစ်ဒေသဖြစ်ပြီး အာရှ၊ ယူရေးရှ၊ ဥရောပနှင့် အာဖရိကတို့ကို ဆက်သွယ်ပေးမည့်လမ်းကြောင်းပေါ်တွင် တည်ရှိနေခြင်းကြောင့် ဖြစ်ကြောင်း၊ တရုတ်-ထိုင်းမီးရထားလမ်း စီမံကိန်းကို လျစ်လျူရှုလိုက်ပါက ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်ခဲ့မည်ဖြစ်ကြောင်း မစ္စတာဆုန်ကစ်၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**အောင်ဝင်းခိုင်(ထီးခီး)**

# ထိုင်းရွှေကုန်သည်များက နှုန်းထားပြောင်းလဲမှုအသစ်ကို စောင့်မျှော်လျက်ရှိ

ရွှေဖြန့်ချိသူများ၏ သုံးသပ်ချက်အရ အနာဂတ်ကာလတွင် ရှားပါးသတ္တုများ ထုတ်လုပ်မှု လျော့ကျသွားနိုင်ပြီး ရွှေဈေးနှုန်းမှာ ဒုတိယခြောက်လပတ်တွင် ဆက်လက် မြင့်တက်နေဦးမည်ဟု သိရှိရပါသည်။

အမေရိကန်နိုင်ငံ၏ ဘဏ်တိုးနှုန်း မြှင့်တင်မှုသည် ရွှေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများအတွက် သက်သာမှုရရှိစေခဲ့ ကြောင်း၊ ၎င်းတို့အနေဖြင့် လက်ရှိ ရွှေဈေးနှုန်းကို သတ်မှတ်ထားပြီးဖြစ်၍ ထိခိုက်မှု နည်းပါးစေနိုင်ကြောင်း Ausiris ကုမ္ပဏီ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Boonlert Siripanich က ပြောကြားပါသည်။ လက်ရှိအချိန်တွင်အမေရိကန်လွှတ်လပ်သောဈေးကွက်ဖွင့်လှစ်ရေးကော်မတီ အစည်းအဝေး မပြီးဆုံးသေးကြောင်း၊ သို့သော်လည်း ဈေးကွက် အတွင်း၌ ယခုနှစ်အတွင်း အမေရိကန်ဘဏ်တိုးနှုန်းကို ဒုတိယအကြိမ်အဖြစ် သုည ဒသမ ၂၅ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်သွားမည်ဟု ခန့်မှန်းကြကြောင်း၊ တတိယအကြိမ် ထပ်မံတိုးမြှင့်မှုကို ဒီဇင်ဘာလအထိ ဆောင်ရွက်နိုင်မည်မဟုတ်သေးကြောင်း ခန့်မှန်းကြပါသည်။ ရွှေဈေးနှုန်းသည် ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၆၀ ဝန်းကျင်ရှိသင့်ကြောင်း၊ ဈေးနှုန်းကျဆင်းမှုကြောင့် ဖြစ်ရသည့် ထိခိုက်နိုင်မှုမှ ကြိုတင်ထိန်းချုပ်ထားရန် လိုအပ်ကြောင်း၊ အနာဂတ်တွင် အခြေအနေ အဆိုးရွားဆုံး ဖြစ်ပေါ်လာသည့်တိုင် အနိမ့်ဆုံးဈေး အမေရိကန် ဒေါ်လာ ၁၂၀၀ ထိသာ ကျဆင်းနိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားပါသည်။

၂၀၁၇ ခုနှစ်၊ ဧပြီလလယ်တွင် ရွှေဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၃၀၀ နီးပါးအထိ ရောက်ရှိပြီး ရွှေဈေးနှုန်း ခိုင်မာလာခဲ့ကြောင်း၊ ဈေးနှုန်း အပြောင်းအလဲ ၁၀ ရာခိုင်နှုန်းကျော်ရှိ ကြောင်း၊ ၂၀၁၆ နှစ်ကုန်ပိုင်းက ဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၁၄၆ သာရှိခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ၏ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒကြောင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုံခြုံမှုရှိစေရန် ရွှေဝယ်ယူမှုများပြားခဲ့ကြောင်း ပြောကြားပါသည်။

အမေရိကန် ဗဟိုဘဏ်၏ ဘဏ်တိုးနှုန်းအား ဒီဇင်ဘာလတွင် တတိယအကြိမ် တိုးမြှင့်ဖွယ်ရှိ သည်ဟု ရွှေဈေးကွက်အတွင်း မျှော်လင့်နေကြကြောင်း၊ ရွှေဝယ်ယူရာမှ အတိုးမရရှိသည့်အတွက် ဘဏ်တိုးနှုန်း မြင့်တက်မှုကြောင့် သတ္တုပစ္စည်းများအပေါ် ယုံကြည်မှု လျော့နည်းစေနိုင်ကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။ အမေရိကန်၏ မူဝါဒ မသေချာမှုအပေါ် စိုးရိမ်မှုများကိုလည်း ဖြေလျော့သွားနိုင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာငွေ ဈေးနှုန်း ကျဆင်းနေမှုနှင့် ရွှေဈေးနှုန်း ခိုင်မာနေမှုကို ပြေလည်စေမည်ဖြစ်ကြောင်း ပြောကြားပါသည်။ သို့သော် ရွှေ၏ အနာဂတ်မှာ သတ္တုထုတ်လုပ်မှုများအပေါ် ကြိုတင် တွက်ဆခန့်မှန်းရန် ခက်ခဲမှုကြောင့် အားကောင်းနေဦးမည် ဖြစ်ကြောင်း Mr. Boonlert က ဆက်လက် ပြောကြားပါသည်

ရင်းနှီးမြှုပ်နှံသူများနှင့် ရွှေ ဖြန့်ချိသူများသည် အခြေခံ ရွှေတန်ဖိုး စံနှုန်းသတ်မှတ်ချက် (Gold-D) ကို မျှော်လင့်နေကြကြောင်း၊ Gold-D မှာ ထိုင်းနိုင်ငံ၏ ကြိုရောင်းကြိုဝယ်ကုန်စည်ဒိုင် (TFEX) က လက်ငင်းရွှေဖြန့်ချိမှု ပမာဏနှင့် အမေရိကန်ဒေါ်လာဖြင့် ငွေပေးချေမှုကို အခြေခံ တွက်ချက်ခြင်း ဖြစ်ပါသည်။ TFEX မှ မကြာသေးမီက ပြောကြားရာတွင် Gold-D အား ယမန်နှစ်ကတည်းက ထုတ်ပြန်ရန် နောက်ကျခဲ့ပြီး လာမည့် သုံးလပတ်တွင်မှ ကြေညာနိုင်မည်ဟု သိရှိရပါသည်။

ရွှေသုတေသနဗဟိုဌာန၏ အစီရင်ခံစာအရ ရွှေအပေါ် ယုံကြည်မှုအညွှန်းကိန်းသည် ၄ ဒသမ ၇၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ဇွန်တွင် ၅၉ ဒသမ ၃ မှတ် သာ ရရှိခဲ့ပြီး ယခင်လက ၆၂ ဒသမ ၂ မှတ် ရှိခဲ့ကြောင်း ရွှေကုန်သည်ကြီး ၁၀ ဦးအပေါ် သုတေသနပြုချက်အရ ရွှေဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၁၂၂၀ မှ ၁၃၂၀ အတွင်းသာ ရှိနိုင်ကြောင်း၊ ဒေသတွင်းရှိ ၉၆ ဒသမ ၅ ရာခိုင် နှုန်း ရွှေစင် တန်ဖိုးမှာ အလေးချိန် (တစ်အောင်စ - ၁ ဒသမ ၈၉ ဘတ်) လျှင် ဘတ်ငွေ ၂၀၀၀၁ မှ ၂၁၅၀၀ အတွင်းသာရှိနိုင်ကြောင်း ခန့်မှန်းရရှိပါသည်။

**သောင်းနိုင်(တာချီလိတ်)**

# ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာနက ဇိမ်ခံကားတင်သွင်းသူအား အမှုဖွင့်လှစ်၍ ဖမ်းဆီး

ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာနသည် ဇိမ်ခံကားတင်သွင်းသူ Boy Unity ဟု လူသိများသည် မစ္စတာအင်တာရာဆပ်တဲချက်တာရာဆီရိကို အမှုဖွင့်လှစ်၍ ဖမ်းဆီးခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ပြည်သူများအား လိမ်လည်မှုအပေါ် အရေးယူရန် မှုခင်းနှိမ်နင်းရေးဌာနက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ မစ္စတာ အင်တာရာဆပ် ပိုင်ဆိုင်သော ကုမ္ပဏီမှ ဇိမ်ခံကား ဝယ်ယူခဲ့သူ အများစုသည် ကားဝယ်ယူခဲ့ပြီးနောက် အကောက်ခွန်ဦးစီးဌာနနှင့် ရဲတပ်ဖွဲ့တို့၏ စစ်ဆေးအရေးယူမှုများနှင့် ရင်ဆိုင်နေရ ကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် ကုမ္ပဏီ၏လိမ်လည်မှုကို ခံခဲ့ကြရသည်ဟူသည့် တိုင်ကြားစာများကို လက်ခံရရှိထားသည်ဟု ဗန်ကောက်ပို့စ်သတင်း တွင်ဖော်ပြထားသည်။

အထူးစုံစမ်းစစ်ဆေးရေးဌာန အကြီးအကဲ Mr. Paisit Wongmuang နှင့် အရာရှိ ၁၁ ဦးတို့အား အာဏာအလွဲသုံးစားမှု၊ ကျူးကျော်ဝင်ရောက်မှု အချက်အလက်များ မမှန်မကန် ပြုလုပ်မှုတို့အပေါ် အဂတိလိုက်စားမှုနှင့် ပေါ့ဆမှုများဖြင့် ဒူးဆစ်ခရိုင် တရားရုံးတွင် မစ္စတာ အင်တာရာဆပ်က အမှုဖွင့်လှစ်ထားကြောင်း သိရှိရပါသည်။ ယခု တရားစွဲဆိုမှုသည် မေလ ၂၄ရက်က ဗန်ကောက်မြို့ရှိ မစ္စတာအင်တာရာဆပ် ပိုင်ဆိုင်သော STT Autocar Company အရောင်းပြခန်းအား အထူးစုံစမ်းစစ်ဆေးရေးဌာနက ရှောင်တခင် ဝင်ရောက် စစ်ဆေး အရေးယူခဲ့မှုအပေါ် တရားစွဲဆိုခြင်းဖြစ်ပါသည်။ အရောင်းပြခန်းရှိ ကား ၃၄ စီးသည် ဗြိတိန်နိုင်ငံမှ ခိုးယူခံခဲ့ရသော ကားများဖြစ်သည်ဟု သံသယရှိခဲ့ပြီး အကောက်ခွန်ဦးစီးဌာနတွင် အခွန်ရှောင်ရှားရန် ၎င်းတို့၏ ဈေးနှုန်းများကို မှားယွင်းစွာ လိမ်လည်ကြေညာခဲ့ခြင်းတို့အပေါ် အထူးစုံစမ်းစစ်ဆေးရေးဌာနမှ အရာရှိများက အရေးယူရန် သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

ကားသစ်ဝယ်ယူထားသူ ငါးဦးခြောက်ဦးခန့်က တိုင်ကြားခဲ့ရာတွင် ကားအသစ်ဈေးနှုန်းအား ဘတ်ရှစ်သန်းမှသန်း ၃၀ အထိ ပေးချေ ဝယ်ယူခဲ့သော်လည်း မှတ်ပုံတင်၍ မရသည့်အတွက် တိုင်ကြားခဲ့ကြောင်း၊ ကားဝယ်ယူသူများအနေဖြင့် အကောက်ခွန်ဦးစီးဌာနနှင့် ရဲတပ်ဖွဲ့တို့၏ အခွန်ရှောင်လွှဲမှု ကိစ္စနှင့်ပတ်သက်ပြီး စစ်ဆေးအရေးယူမှုများနှင့်လည်း ရင်ဆိုင်နေရကြောင်း မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့ ဒုတိယအကြီးအကဲ Mr. Jiraphob Phooridej က ပြောကြားခဲ့ပါသည်။

မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့အနေဖြင့် အင်တာရာဆပ်အား သမ္မန်စာဖြင့် ဦးစွာဆင့်ခေါ်မှု မပြုခဲ့ခြင်းနှင့် ပတ်သက်၍ ရဲမင်းကြီး Mr. Jiraphob က ယခုအမှုသည် ထောင်သုံးနှစ်အထက်ကျခံနိုင်သောအမှုဖြစ်၍ သမ္မန်စာ ဆင့်ဆိုမှု မပြုဘဲ ဝရမ်းဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် မှုခင်းထင်ရှားသည်ဟု ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။

မစ္စတာအင်တာရာဆပ်က အဆိုပါ Porsche Panamera ကားအား ချွန်ဘူရီခရိုင်ရှိ လန်ချဘန်းအကောက်ခွန်ဆိပ်ကမ်းမှ ၂၀၁၄ ခုနှစ်က တရားဝင် ထုတ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ အခွန်မပေးဆောင်မီ၊ အကောက်ခွန်ရှင်းလင်းရေးကိစ္စများ မဆောင်ရွက်သေးမီ ကြိုတင်ထုတ်ယူခဲ့ခြင်းသာဖြစ်ကြောင်း၊ ယခုဖမ်းဆီးခံရမှုအပေါ် အံ့သြမိကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် ၎င်းကို ဦးစွာ သမ္မာန်စာ ဆင့်ဆို ခေါ်ယူသင့်ကြောင်း၊ ၎င်းအနေဖြင့် ဖြေရှင်းချက်များပေးရန် အသင့်ရှိကြောင်း၊ ထို့ကြောင့် အာမခံဖြင့် လွတ်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

**သောင်းနိုင်(တာချီလိတ်)**

# ဥပဒေပညာရှင်များက တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်မှုအရည်အသွေး ဥပဒေအား မွမ်းမံပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိ

တစ်လနှစ်ကြိမ် ကျင်းပလျက်ရှိသည့် တရုတ်ပြည်သူ့ကွန်ဂရက် (NPC) အစည်းအဝေးတွင် ကုန်ပစ္စည်း ထုတ်လုပ်မှု အရည်အသွေး ဥပဒေအား ဆောလျင်စွာ မွမ်းမံပြင်ဆင်ရေး ဆောင်ရွက်ရန် တရုတ်ဥပဒေပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

အဆိုပါဥပဒေသည် ၁၉၉၃ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ပြီး၊ ၂၀၀၀ ခုနှစ်တွင် ပထမ အကြိမ် မွမ်းမံပြင်ဆင်ခဲ့သည်။

အဆိုပါဥပဒေသည် ယနေ့ခေတ် ဖွံ့ဖြိုး တိုးတက်လာသည့် အခြေအနေများနှင့် မကိုက်ညီတော့ခြင်းနှင့် ယနေ့ခေတ် Online Shopping (အင်တာနက်ပေါ်မှ ဈေးရောင်း / ဈေးဝယ်ခြင်းများ) များတွင်ဖြစ်လေ့ဖြစ်ထရှိသည့် ပြဿနာများအတွက် ဖြေရှင်းပေးရန် နည်းလမ်း ဥပဒေများ မပါဝင်ခြင်းတို့ကြောင့် ပြင်ဆင်ရန်လိုအပ်လျက်ရှိကြောင်း ကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဟောင်ဟွာဟွာ (Haung Huahua) က ထုတ်ဖော်ပြောကြားခဲ့သည်။

ထုတ်ကုန်များ အရည်အသွေး မပြည့်မီခြင်းနှင့် သက်တမ်းလွန် အရည်အသွေးရှိ ထုတ်ကုန်များသည် အထူးသဖြင့် ကျေးလက်နေဝယ်ယူ အသုံးပြုသူများနှင့် အင်တာနက်မှ ရောင်းချမှုများအတွက် နောက်ဆက်တွဲ ပြဿနာများစွာရှိနေကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ယနေ့ခေတ် စီးပွားရေးပုံစံသစ်ဖြစ်သည့် စီးပွားရေးအသိုက်အဝန်းအား ဝေမျှသည့်စနစ်၊ အီလက်ထရောနစ်နှင့် အင်တာနက် အသုံးပြု e-commerce နှင့် အင်တာနက် စီးပွားရေး အသိုက်အဝန်းများသည် လက်ရှိအရည်အသွေး ကြီးကြပ်မှုပုံစံအား စိန်ခေါ်မှုများရှိနေပြီး၊ လက်ရှိကြီးကြပ်မှုစနစ်အနေဖြင့် ပြဿနာဖြေရှင်းပေးရန် နည်းလမ်းသစ်များထည့်သွင်းရေးစသည့် ပြုပြင်မွမ်းမံမှုများလိုအပ်နေကြောင်း ကော်မတီဝင်တစ်ဦးဖြစ်သူ ဝမ်မင်းဝန်က ပြောကြားခဲ့သည်။

ဥပဒေအားပြင်ဆင်ရေးဆွဲရာတွင် ထိုကဲ့သို့ သော ကိစ္စရပ်များအတွက် ဒဏ်ငွေပေးဆောင်စေခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်မှုအား နောက်ကြောင်းလိုက်ရန် နည်းလမ်းများ ထည့်သွင်းစေခြင်း စသည်တို့ဖြည့်စွက်သွားရန် လိုအပ်ကြောင်း ဝမ်ကအကြံပြုခဲ့သည်။

တရုတ်ပြည်သူ့ကွန်ဂရက်(NPC)၏ ဘဏ္ဍာရေးနှင့် စီးပွားရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဟောင်ကွီဖန်(Huang Qifan) က ဥပဒေ အားပြင်ဆင်မွမ်းမံမှုသည် တတ်နိုင်သလောက်မြန်မြန်ဆန်ဆန်ဆောင်ရွက်သင့်သည်ဟု ယူဆကြောင်း ဥပဒေသည်နိုင်ငံ၏ တိုးတက် ဖွံ့ဖြိုးမှုအတွက် အတားအဆီးတစ်ခု ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ကုန်ပစ္စည်း အရည်အသွေး လိုအပ်ချက်များအား စုပေါင်း၍ နိုင်ငံတကာစံချိန် စံနှုန်းများနှင့်အညီ ပြည့်မီစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မစ္စတာဟောင်က ပြောကြားခဲ့သည်။

**ဝင်းပပသူ(မူဆယ်)**

## တရုတ်နိုင်ငံမှ ဥပဒေပညာရှင်များက အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (SME)၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် SME ဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိ

ကုန်ကျစရိတ်ကိုလျှော့ချရန်နှင့် ဆန်းသစ် တီထွင်မှုကို အားပေးခြင်းဖြင့် SME ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန်အတွက် SME ဥပဒေ ကိုပြင်ဆင်သော ဥပဒေမူကြမ်းအား ဇွန် ၂၂ ရက်တွင် တရုတ်နိုင်ငံ၏ထိပ်တန်း ဥပဒေပြုလွှတ်တော်က ပြန်လည်ဆန်းစစ်မှုများ စတင်ဆောင်ရွက်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားပါသည်။

တစ်လနှစ်ကြိမ်ကျင်းပသော တရုတ်ပြည်သူ့ကွန်ဂရက် (NPC) ၏ အမြဲတမ်းကော်မတီ အစည်းအဝေးတွင် SME ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဒုတိယအကြိမ် တင်ပြခဲ့သည်။

SME ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန် အတွက် ကျေးလက်ဒေသ၊ မြို့ပြနှင့် ပြည်နယ် စသည့်အဆင့်များ၌ ဒေသအာဏာပိုင်များအား တိကျသောလုပ်ငန်းတာဝန်များကို သတ်မှတ်ပေးသင့်သည်ဟု နိုင်ငံတော်ကောင်စီအား အကြံပြုထားပါသည်။

SME လုပ်ကိုင်ဆောင်ရွက်သူများကို အခွန်နှင့်ဆိုင်သော အခွင့်အရေး (tax credits) ပေးရန်၊ ငွေကြေးထောက်ပံ့မှု လျင်လျင်မြန်မြန် ရရှိစေရန်၊ ကုန်ကျစရိတ်နည်းနည်းဖြင့် လုပ်ငန်း စတင်နိုင်ရန်၊ ပြည်သူနှင့် တပ်မတော်ကြားပူး ပေါင်းဆောင်ရွက်စေရန်နှင့် SME လုပ်ငန်းလုပ်ကိုင်သောလူ့စွမ်းအား အရင်းအမြစ်များအား သင်တန်းပို့ချခြင်းနှင့် ဆန်းသစ်တီထွင်မှုကို ထောက်ပံ့ပေးနိုင်စေရန်အတွက် တိကျရှင်းလင်းသော မူဝါဒများ ချမှတ်သင့်သည်ဟု အဆိုပါ ဥပဒေမူကြမ်းတွင် ထပ်မံ အကြံပြုထားပါသည်။ SME ဖွံ့ဖြိုးတိုးတက်စေရန် ရန်ပုံငွေ များကို ကြီးကြပ်မှုနှင့် စစ်ဆေးမှုများအတွက် မြှင့်တင်သင့်သည်ဟု အာဏာပိုင်အဖွဲ့အစည်းများအား အဆိုပါဥပဒေမူကြမ်းတွင် ထပ်မံ၍ အကြံပြုထားပါသည်။

၂၀၁၆ ဒီဇင်ဘာလတွင် တစ်လနှစ်ကြိမ် ကျင်းပသော ထိပ်တန်းဥပဒေပြုလွှတ်တော် အစည်းအဝေး၌ SME ဥပဒေကို ပြင်ဆင်သော ဥပဒေမူကြမ်းအား ပထမအကြိမ် တင်ပြခဲ့ပြီးဖြစ်သည်။

**အောင်ကိုကို(မူဆယ်)**

## စာမျက်နှာ (၂၆) မှ ➤ သူတို့ပြောတဲ့ အထူးစီးပွားရေးဇုန် ...... မှ အဆက်

အမှန်တော့ နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်း ဆောင်ရွက်ကြရာမှာ အထူးစီးပွားရေးဇုန် ပတ်ဝန်းကျင်မှာရှိတဲ့ စက်မှုလုပ်ငန်းဧရိယာများမှာ ပြိုင်ဆိုင်မှုတွေ မြင့်မားလာခြင်းက အထူးစီးပွားရေးဇုန်အတွင်း ကြီးမားတဲ့အခက်အခဲများကို တွေ့ ကြုံစေခဲ့ပါတယ်။ SIP မတည်ထောင်ခင်က Suzhou အုပ်ချုပ်ရေးဒေသမှာ အစိုးရက ဦးစီးဆောင်ရွက်တဲ့ အထူးစီးပွားရေးဇုန်လေးခုပဲ ရှိခဲ့ပါတယ်။ ဒီဇုန်တွေအားလုံးက စက်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု ပြုသူများကို အဓိကဆွဲဆောင်ခဲ့သလို စက်မှု လုပ်ငန်းဧရိယာများကို အစိုးရကသာ ဦးစီးဆောင်ရွက်ခဲ့တာဖြစ်လို့ မြေယာပေါ်မှာ ရင်းနှီးတည် ဆောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်သူတွေက နိုင်ငံပိုင်လုပ်ငန်း SOE များသာ ဖြစ်ပါတယ်။ သူတို့ရဲ့ စိတ်ဝင်စားမှုဟာ ဒေသဆိုင်ရာ အစိုးရများနဲ့ တစ်ထပ်တည်းကျတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်ရာမှာ ကာလတို၊ ကာလရှည် စီးပွားရေးအကျိုးအမြတ်ရဖို့ထက် ရင်းနှီးမြှုပ်နှံသူများများ ဝင်ရောက်လာရေးက သူတို့ရဲ့ အဓိကအစီအစဉ် ဖြစ်ပါတယ်။ ဒါကြောင့် စက်မှုလုပ်ငန်းထူထောင်မည့် မြေနေရာတွေကို ရင်းနှီးမြှုပ်နှံသူများသို့ အထူးလျှော့ပေါ့ဈေးနှုန်းများနဲ့ ငှားရမ်းချထားတဲ့အခါမှာ SIP နဲ့ ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေ ဖြစ်ပေါ်စေပြီး SIP အနေနဲ့ စီးပွားရေးအကျိုးအမြတ် မှန်မှန် ပြန်ရအောင် ရေရှည်မှာ ငှားရမ်းခတွေ တည်တည်ငြိမ်ငြိမ် ထိန်းသိမ်းထားနိုင်ဖို့အခက်အခဲတွေ တွေ့လာစေပါတယ်။

SIP တည်ထောင်တဲ့နေရာဟာ ဘယ်ဇုန်နဲ့မှ ဆက်စပ်မနေတဲ့ သီးသန့်ဟင်းလင်းပြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် SIP အတွင်းမှာဖြစ်စေ၊ အပြင်ဘက်မှာဖြစ်စေ SIP နဲ့ ဆက်သွယ်ဖို့ ဖောက်လုပ်ထားတဲ့လမ်းတွေဟာ အနီးအနားမှ စက်မှုလုပ်ငန်းဇုန်များသာမက ပြင်ပမှဇုန်များကလည်း အသုံးပြုနိုင်ပါတယ်။ SIP က ပြင်ပ ရင်းနှီးမြှုပ်နှံသူများကို စင်ကာပူရဲ့ အရောင်းမြှင့်တင်ရေးနည်းလမ်းနဲ့ ဖိတ်ခေါ်နေချိန်မှာ ပြင်ပမှာရှိတဲ့ စက်မှုလုပ်ငန်းဥယျာဉ်များ၊ ပတ်ဝန်းကျင်ကျေးရွာများနဲ့ မြို့များက SIP ကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ကြပြီး SIP ကနေ သင်ယူလေ့လာနေခဲ့ကြသလို SIP က ပို့ချတဲ့ လုပ်ငန်းခွင် သင်တန်းဆင်းများကတစ်ဆင့်လည်း သင်ယူလေ့လာခဲ့ကြပါတယ်။ ဒါတင်မက SIP က ရှေးဦးစွာ ဆွဲဆောင် စည်းရုံးထားတဲ့ ရင်းနှီးမြှုပ်နှံသူတွေကိုပါ စည်းရုံးသိမ်းသွင်းခဲ့ကြပါတယ်။ ဥပမာအားဖြင့် ၁၉၉၀ ခုနှစ် နှစ်ကုန်ပိုင်းမှာ SIP နဲ့ ယှဉ်ပြိုင်ခဲ့ကြတဲ့ High-Tech Development တို့ရဲ့ ယှဉ်ပြိုင်မှုဟာ အလွန်ကျော်ကြား ထင်ရှားခဲ့ပါတယ်။ စင်ကာပူ ရင်းနှီးမြှုပ်နှံသူများဘက်က ပြင်းထန်စွာ ပြောဆိုဝေဖန်ခဲ့ကြပါတယ်။

ခေတ်မီကောင်းမွန်တဲ့ အခြေခံအဆောက်အအုံများနဲ့ စီမံအုပ်ချုပ်မှုကလွဲရင် အစဦးပိုင်းနှစ်များမှာ SIP အနေနဲ့ အခြားစက်မှုလုပ်ငန်းဧရိယာများနဲ့ နှိုင်းယှဉ်ရင် ယှဉ်ပြိုင်မှုအကျိုးရလဒ်အနည်းငယ်သာရခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဖြစ်ရတဲ့အကြောင်းရင်း တစ်စိတ်တစ်ပိုင်းကတော့ အဲဒီအချိန်တုန်းက ဈေးကွက် ကောင်းကောင်း မရရှိမီ ကမ္ဘာ့အဆင့်မီ ချဉ်းကပ်နည်းလမ်းကို သုံးခဲ့တယ်လို့လည်း သုံးသပ်ကြပါတယ်။ ဒါ့အပြင် အခြေခံအဆောက်အအုံတွေအတွင်း ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ခဲ့ရတာ အထက်ကပြောခဲ့သလို မက်လုံးအတွက်ထားရှိတဲ့မျှော်မှန်းချက်ခြင်း မတူညီတာအပြင် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှာ ပေါ်ပေါက်ခဲ့တဲ့ အာရှဘဏ္ဍာရေးအခက်အခဲ ပြဿနာကနေ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ လျော့ကျသွားတာကလည်း CSSD အတွက် အစောပိုင်းကာလများမှာ ကြီးမားတဲ့ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အတွင်း စုစုပေါင်းဆုံးရှုံးမှုက အမေရိကန်ဒေါ်လာ ၇၇ သန်းထိ ရှိခဲ့ပါတယ်။

၁၉၉၉ ခုနှစ် ရောက်တဲ့အချိန် (SIP ရဲ့ ငါးနှစ် သက်တမ်းပြည့်ကာလ) SIP ကို စနစ်တကျ ဖွဲ့စည်းဖြစ်တဲ့အပြင် အတွေ့အကြုံဗဟုသုတများကို လွှဲပြောင်းပြီးချိန်အဆင့်မှာ စင်ကာပူကွန်ဆိုတီယံဟာ မိမိရဲ့အနေအထားကို ပြန်လည်သုံးသပ်ခဲ့သလို မိမိရဲ့ရင်းနှီးမြှုပ်နှံမှု အချိုးအများစုကို တရုတ်နိုင်ငံဘက်သို့ လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဒီလိုလွှဲပြောင်းမှုကို ၂၀၀၁ ခုနှစ်မှာ ဆောင်ရွက်ခဲ့ပြီး နှစ်ဖက်စလုံးရဲ့ မက်လုံးအပေါ်ထားရှိတဲ့ မျှော်မှန်းချက်တွေကို တူညီအောင်ညှိဖို့နဲ့ ဒေသအာဏာပိုင်များကို SIP ရဲ့ ကာလရှည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအပေါ် အာရုံစိုက်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ CSSD ရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်များကို တရုတ်ဘက်သို့ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းမှာ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။

### မြင်သာထင်သာပြောင်းလဲမှုများ

ဒီလိုလွှဲပြောင်းပေးပြီးနောက်မှာ ပိုင်ဆိုင်မှုအပေါ် ထိန်းချုပ်မှုအခြေအနေ ပြောင်းလဲသွားသလို SIP ရဲ့ အောင်မြင်မှုတွေလည်း မြင်သာထင်သာ ဖြစ်လာပါတယ်။ တချို့တရုတ်တာဝန်ရှိသူတွေကတော့ ဒီလိုအောင်မြင်မှုတွေ ရလာတာဟာ စီမံကိန်းနဲ့ပတ်သက်လို့ စီမံခန့်ခွဲမှုနဲ့ပိုင်ဆိုင်မှုအချိုး ပြောင်းလဲမှုကြောင့်မဟုတ်ဘဲ နိုင်ငံရဲ့ စီးပွားရေးအခြေအနေ Macroeconomic Content ပြောင်းသွားလို့ပါလို့ ပြောတာလည်း ရှိပါတယ်။ ၂၀၀၀ ပြည့်နှစ်ပတ်ဝန်းကျင်ကစပြီး တရုတ်အနေနဲ့ နိုင်ငံတကာကော်ပိုရေးရှင်းများရဲ့ စက်မှုလုပ်ငန်းများ ပြောင်းရွှေ့နေရာချထားလာမှုကို လက်ခံရရှိလာသလို တရုတ်စီးပွားရေးကလည်း အာရှငွေကြေးအခက်အခဲပြဿနာတွင်းက လွတ်မြောက်စပြုတဲ့အချိန် ဖြစ်ပါတယ်။ ဒီအခြေအနေတွေကို ထပ်လောင်းအားဖြည့်ပေးတာကတော့ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းဖြစ်ပြီး WTO မှာ တရုတ်ပါဝင်ခွင့်ရခဲ့ခြင်း ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI ပမာဏကလည်း ၁၉၉၅-၂၀၀၀ ပြည့်နှစ်ကာလနဲ့ စာရင် ၂၀၀၀-၂၀၀၇ ကာလတွေ မှာ အရှိန်အဟုန်နဲ့ လျင်မြန်စွာ စီးဝင်လာခဲ့ပါတယ်။ ဒီဇင်ဘာလတွေမှာ တရုတ်ရဲ့ နိုင်ငံခြားပို့ကုန်အခြေအနေဟာ ၃ ဒသမ ၉ဆ တိုးခဲ့ပြီး Suzhou နယ်ရဲ့ ပို့ကုန်ပမာဏမှာ ၁၀ ဒသမ ၂ဆ တိုးတက်ခဲ့ပါတယ်။ SIP တစ်ခုတည်းရဲ့ ပို့ကုန်ပမာဏဟာ ၁၇ ဒသမ ၉ဆ အထိ တိုးတက်လာခဲ့ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# အိန္ဒိယ ပဲ ရက်သတ္တပတ်

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ရက်သတ္တပတ် အခြေအနေအစီရင်ခံစာ 'Pulses Weekly Report'ကို အဂရီဝပ်ချ်က ဇွန် ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဂရီဝပ်ချ်က ထုတ်ပြန်သော အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံအတွင်းသို့ ကုန်သေတ္တာ ရောက်ရှိမှု၊ ပဲမျိုးစုံ ပြည်တွင်းထုတ်လုပ်မှု၊ အစိုးရ၏ပဲမျိုးစုံ ဝယ်ယူဖြည့်တင်းမှု အခြေအနေတို့ကို ဖော်ပြထားသည်။

**ပြည်ပမှကုန်သေတ္တာရောက်ရှိမှုအခြေအနေ**

ဇွန် ၉ ရက်မှ ၁၇ ရက်အတွင်း ချန်နိုင်းနှင့် ခရစ်ရှုနာပက်တနမ် ဆိပ်ကမ်းများသို့ အိန္ဒိယနိုင်ငံ တောင်ပိုင်းမှ ပဲမျိုးစုံ သွင်းကုန်လုပ်ငန်းများက တင်သွင်းလာသော ကုန်သေတ္တာ ၁၃၅၅ လုံး ရောက်ရှိခဲ့သည်။ ဇွန် ၈ ရက်တွင် ကုန်ဆုံးခဲ့သော ရက်သတ္တပတ် အခြေအနေနှင့် နှိုင်းယှဉ်ပါက ယခုရောက်ရှိသော ကုန်သေတ္တာ အရေအတွက်မှာ ၇၀၆ လုံး ပိုမိုခဲ့သည်ကို တွေ့ရသည်။ ဇွန် ပထမပတ်တွင် အဆိုပါ ဆိပ်ကမ်းများသို့ ရောက်ရှိခဲ့သော ကုန်သေတ္တာအရေအတွက်မှာ ၆၄၉ လုံးရှိခဲ့သည်။ စုစုပေါင်း ရောက်ရှိသော ကုန်သေတ္တာများအနက် မတ်ပဲ ကုန်သေတ္တာက ၇၆၄ လုံးရှိသည်။ ဒုတိယလိုက်သော ပဲအမျိုးအစားမှာ ပဲနီလေးဖြစ်ပြီး ရောက်ရှိလာသော ကုန်သေတ္တာအရေ အတွက်မှာ ၁၅၄ လုံးရှိသည်။ ပဲတီစိမ်း တင်သွင်းမှုများမှာ ယခင်ရက်သတ္တပတ်က ကုန်သေတ္တာကိုးလုံးသာ ရှိခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ၄၄ လုံးအထိ တိုးတက်လာသည်ကို တွေ့ရသည်။ ကျန်ကုန်သေတ္တာများမှာ အခြားပဲများဖြစ်ပြီး တင်သွင်းမှုပမာဏ မြင့်မားမှုကြောင့် ရေတိုတွင် ပဲဈေးနှုန်းမြင့်တက်မည့်အခြေအနေကို အဟန့်အတားဖြစ်စေသည်။

**ပြည်တွင်းပဲမျိုးစုံ ထုတ်လုပ်မှု**

အိန္ဒိယနိုင်ငံ၏ ပြည်တွင်း ကုလားပဲထုတ်လုပ်မှု မြင့်မားမည်ဟု ခန့်မှန်းထားသော်လည်း ပဲမျိုးစုံထုတ်လုပ်ရာ ခရိုင်များမှ ပဲမျိုးစုံရောက်ရှိမှု အခြေအနေကိုကြည့်ပါက အခြေအနေမှာ တစ်မျိုးဖြစ်နေသည်။ ပဲထုတ်လုပ်ရာ ဒေသများမှ ဈေးကွက်အတွင်းသို့ ပဲမျိုးစုံဝင်ရောက်မှု အခြေအနေကို ကြည့်ပါက ထုတ်လုပ်မှုကျဆင်းသည့် လက္ခဏာကို တွေ့ရသည်။ ဤအခြေအနေကြောင့် ဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်းရသည်။ သို့သော် လောလောဆယ်တွင်မူ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုခွန်(Goods and Services Tax) ပြဿနာ ကြောင့် အလုံးအရင်းဖြင့် ဝယ်ယူမည့် သူများက အရေအတွက် အမြောက်အမြား ဝယ်ယူရန် ဆန္ဒမရှိသေးသည်ကို တွေ့ရသည်။ GST ပြဿနာ ရှင်းရှင်းလင်းလင်း ဖြစ်သွားသည်နှင့် တစ်ပြိုင်နက် ဈေးကွက်များအတွင်းသို့ ဝယ်လက်များ ဝင်ရောက်လာပြီး ကုလားပဲဈေးနှုန်းသည် ပြန်လည်မြင့်တက်လာနိုင်သည်။

**အစိုးရ၏ ဝယ်ယူဖြည့်တင်းမှု**

အမျိုးသား လယ်ယာစိုက်ပျိုးရေး သမဝါယမ ဈေးကွက်ရှာဖွေရေး ဖက်ဒရေးရှင်း (National Agricultural Co-operative Marketing Federation-NAFED) ၏ ဈေးနှုန်း ထောက်ပံ့ရေး အစီအစဉ် (Price Support Scheme) အရ ပြည်နယ်အသီးသီးရှိ ပဲတောင်သူများထံမှ ကုလားပဲ တန်ချိန် ၄၇၀၀၀ ကို ဝယ်ယူခဲ့သည်။ NAFED က ဝယ်ယူဖြည့်တင်းထားသော ပမာဏသည် တစ်နိုင်ငံလုံးရှိ ပဲဈေးနှုန်းကို ထိန်းချုပ်နိုင်ရန် လုံလောက်သော ပမာဏသို့ မရောက်ရှိသေးသည့်အတွက် နောက်ထပ်၍ ပိုမိုဝယ်ယူပြီးနောက် ပစ္စည်းရှားပါးသော အချိန်တွင်မှ ပြန်လည် ရောင်းချမည်ဆိုပါက NAFED အတွက် ဆုံးရှုံးမှု မရှိနိုင်ကြောင်း သိရပါ။

**ပဲမျိုးစုံဈေးနှုန်း**

ကုလားပဲ ဈေးနှုန်းများမှာ လက်ရှိအဆင့် အောက်ကျဆင်းနိုင်ဖွယ်မရှိကြောင်း။ အခြားပဲများမှာ ကျရိပ်ရှိနေသော်လည်း ကုလားပဲမှာမူ နောက်လာမည့်နှစ်လအတွင်း တစ်ကွင်တယ်ကို ရူပီး ၁၀၀၀ အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။ ဈေးကွက်အတွင်း ရောင်းဝယ်လျက်ရှိသော ကုလားပဲဈေးမှာ ၂၀၁၇ -၂၀၁၈ ခုနှစ်အတွက် သတ်မှတ်ထားသော အနိမ့်ဆုံးထောက်ပံ့ဈေး(MSP) ရူပီး ၄၀၀၀ နှင့် ဘောနပ် ၂၀၀ နှုန်းအထက်မှာ ရှိနေသည်။ ပဲတောင်သူတို့က ကုလားပဲသိုလှောင် လက်ကျန်ကို ထုတ်မရောင်းသေးသည့်အပြင် မကြာမီ ရက်သတ္တပတ်များအတွင်းက ပြည်ပမှ တင်သွင်းမှု မှာလည်း အတော်နည်းပါးနေသည်ကို တွေ့ရသည်။ ကုလားပဲထုတ်လုပ်မှုကို အစိုးရက မက်ထရစ်တန် ကိုးသန်းရှိမည်ဟု ခန့်မှန်းသော်လည်း ဈေးကွက်အတွင်း အမှန်တကယ် ရောက်ရှိလာသော ပမာဏမှာ မက်ထရစ်တန် ၈ ဒသမ ၆ သန်း ရှိသည်။ ပုဂ္ဂလိက လက်ဝယ်ရှိ သိုလှောင်လက် ကျန်မှာလည်း များများစားစား မရှိသကဲ့သို့ ပြည် တွင်းစားသုံးမှု ခန့်မှန်းချက်မှာ မက်ထရစ်တန်ချိန် ၁၀ သန်းရှိမည်ဟု ခန့်မှန်းထားသော်လည်း ရရှိနိုင်မည့်ပမာဏမှာ ပြည်ပမှ တင်သွင်းရန် လျာထားသည့် တန်ချိန် သုည ဒသမ ၇ သိန်း အပါအဝင် မက်ထရစ်တန် ၁၀ သန်းပင် ပြည့်မီခြင်း မရှိနိုင်သည်ကို တွေ့ရသည်။

ပဲတောင်သူတို့က ဈေးကောင်းစောင့်၍ သိုလှောင်လက်ကျန်ကို ဆက်လက်သိုလှောင်ထားမည်ဆိုပါက ဈေးကွက်ထဲတွင် ကုလားပဲနည်းသွားပြီး ဈေးနှုန်းကို မြင့်တက်လာစေနိုင်သည်။ ယခင်နှစ်က ကုလားပဲသိုလှောင် လက်ကျန်မှာ ၈ ဒသမ ၅၈ သိန်းရှိခဲ့ရာမှ ယခုနှစ် သိုလှောင်လက်ကျန်မှာ ၁ ဒသမ ၆၂ သိန်းသာ ရှိခဲ့သည်။ ထို့ကြောင့် ကုလားပဲဈေးက တက်ရိပ်ပြလျက်ရှိသည်။

**ပြည်ပမှတင်သွင်းလာသော ကုလားပဲ**

ပြည်တွင်းမွမ်ဘိုင်းဈေးကွက်တွင် ဈေးနှုန်းမှာ တစ်ကွင်တယ်ကို ရူပီး ၅၄၀၀ နှုန်းရှိသည်။ ဇူလိုင်မှစ၍ ပွဲတော်ရာသီ ကာလဖြစ်ရာ ကုလားပဲနှင့်ပြုလုပ်သော ထုတ်ကုန်များလည်း တိုးတက်လာနိုင်သည်။ ဤအခြေအနေအားလုံး ထည့်သွင်းတွက်ချက်ပါက ကုလားပဲဈေးမှာ မြင့်တက်ဦးမည့် လက္ခဏာရှိနေသည်။

မြန်မာ၊ ဆူဒန်နှင့် ဩစတြေးလျ စသည့် နိုင်ငံတို့မှ တင်သွင်းလာသော ပဲမျိုးစုံတို့၏ အိန္ဒိယ ဈေးကွက်တွင် ဖြစ်ပေါ်နေသော ကိန်းဂဏန်း အချက်အလက်များမှာ ယခင် ရက်သတ္တပတ်က ကိန်းဂဏန်းအချက်အလက်များအတိုင်း ဆက်လက် ဖော်ပြထားသည်ကို တွေ့ရသည်။

**အပြည်ပြည်ဆိုင်ရာ ဈေးကွက်**

ကနေဒါ၊ ဩစတြေးလျ စသည့် အပြည်ပြည်ဆိုင်ရာဈေးကွက်များတွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများအတွက် ယခုတစ်ပတ်တွင် ဖော်ပြထားသော ကိန်းဂဏန်း အချက်အလက်များမှာ ယခင်တစ်ပတ်က ဖော်ပြခဲ့သော ကိန်းဂဏန်း အချက်အလက်များအတိုင်း အပြောင်းအလဲမရှိ ဆက်လက်ဖော်ပြထားသည်ကို တွေ့ရသည်။

# ကြွေးမြီလျှော်ပေးရုံဖြင့် မဟာရဿျတ္တရာ တောင်သူ လယ်သမားများ၏ အခက်အခဲများကို မဖြေရှင်းနိုင်

မဟာရဿျတ္တရာ ဒေသတွင် လယ်သမားများအတွက် ချေးငွေရူပီး ကုဋေ ၃၄၀၀၀ ကို လျှော်ပေးခဲ့ပါသည်။ သို့သော်လည်း တောင်သူလယ်သမားများမှာ ကြုံတွေ့နေကျပြဿနာများဖြစ်သော စိုက်ပျိုးရေး သွင်းအားစု ကုန်ကျစရိတ် မြင့်တက်မှု၊ ထွက်ကုန်များ၏ ဈေးနှုန်းကျဆင်းမှုနှင့် မိုးခေါင်ရေရှားမှု စသည့်ပြဿနာများနှင့် ဆက်လက်ရင်ဆိုင်နေရသည့်အတွက် ထိုသို့ကြွေးမြီများကို လျှော်ပေးသည့်တိုင်အောင် တောင်သူလယ်သမားများ၏ အခြေအနေမှာ ပိုမိုကောင်းမွန်စွာ ပြောင်းလဲလာနိုင်ခြင်း မရှိနိုင်သေးကြောင်း လယ်ယာကဏ္ဍဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်ကို ဟိန္ဒူ ဘိဇနက်လိုင်း သတင်းတွင် ဖော်ပြသည်။

ကျွမ်းကျင်သူတို့၏ အမြင်အရ လယ်ယာကဏ္ဍရှိ အဓိက ပင်မပြဿနာများကို ဖြေရှင်းနိုင်ခြင်း မရှိသေးသည့်အတွက် လာမည့်နှစ်များတွင် ပိုမိုဆိုးရွားလာနိုင်သည်ဟု ယူဆကြသည်။

တောင်သူလယ်သမားများ ချေးယူထားသော တစ်သီးပုဂ္ဂလ ချေးငွေ (ရူပီး ၁ ဒသမ ၅ သိန်းအောက် ) ကို လျှော်ပေးမည်ဖြစ်ကြောင်း မဟာရဿျတ္တရာပြည်နယ်ဝန်ကြီးချုပ် ဒေဝိန္ဒရာ ဖာနာဗီက ဇွန် ၂၄ ရက်က ကြေညာခဲ့သည်။ ယခုကဲ့သို့ လျှော်ပေးလိုက်သည့်အတွက် အသေးစား လယ်သမား ၈၉ သိန်းက အကျိုးခံစားခွင့် ရှိမည်ဖြစ်ပြီး တောင်သူလယ်သမား သိန်း၄၀ မှာ ကြွေးမြီ ကင်းရှင်းသွားမည် ဖြစ်သည်။

ပြည်နယ်အစိုးရသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ရှုမြင်ရာတွင် ကွဲပြားခြားနားသော နည်းလမ်းဖြင့် ရှုမြင်ရန်လိုကြောင်း ရှစ်နာဒါတက္ကသိုလ် လူသားချင်း စာနာမှုနှင့် လူမှုသိပ္ပံပညာဌာနမှ ညွှန်ကြားရေးမှူး အာဂျေးဒန်ဒဲက ပြောသည်။ ရေရရှိနိုင်မှုမှာ စိုက်ပျိုးရေးလုပ်ငန်းစဉ်တွင် အဓိကလွှမ်းမိုးနေသော ပြဿနာဖြစ်သကဲ့သို့ တစ်ခုတည်းသော ပြဿနာလည်း ဖြစ်သည်။ သို့ဖြစ်ရာ ရေမရရှိနိုင်သော ဤဒေသတွင် တောင်သူလယ်သမားတို့က ရေအလွန်အကျွံအသုံးပြုရမည့် သီးနှံကို စိုက်ပျိုးတော့မည်မဟုတ်ပေ။ ထို့ကြောင့် လူးဆပ်တို့ကဲ့သို့သော သီးနှံများကို အစားထိုး စိုက်ပျိုးနိုင်ရန် ပြည်သူ့ဖြန့်ဖြူးရေးစနစ်မှတစ်ဆင့် သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးရန်လိုကြောင်း သူကပြောသည်။

ဒေသထွက်သီးနှံများအား အစိုးရက ဝယ်ယူဖြည့်တင်းမှုကို ပြည်နယ်အစိုးရများက ဆောင်ရွက်ရန်နှင့် ဝယ်ယူသည့်ငွေသည် လယ်သမားများ လက်ထဲသို့ ရောက်ရှိရန် လိုကြောင်း၊ ထိုသို့ဖြစ်မလာပါက စိုက်ပျိုးမှုပုံစံကို ပြောင်းလဲမည်မဟုတ်ကြောင်း သူက ပြောသည်။

ယခုနှစ်တွင် သီးနှံ အထွက်ကောင်းမွန်သော်လည်း ကြက်သွန်နှင့် အာလူးစိုက်ပျိုးသော နယ်မြေများရှိ လယ်သမားများမှာ လယ်ယာထွက်ကုန်များကို ရောင်းချပြီး ပြန်လည်တွက်ချက်ကြည့်သောအခါ အခြေခံသွင်းအားစုအတွက် ကုန်ကျစရိတ်ကို အကြေပြန်မရနိုင်ခဲ့သည်ကို တွေ့ရသည်။

"သီးနှံပုံစံကို မပြောင်းလဲဘူး ဆိုရင် ရေပြဿနာနဲ့ ရေပြဿနာကတစ်ဆင့် ဖြစ်လာတဲ့ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အကျပ်အတည်းက ထပ်မံပြီး နက်နက်ရှိုင်းရှိုင်း ဖြစ်လာနိုင်ပါတယ်။ လာမယ့် ၁၀ နှစ်မှာ ရေလိုအပ်ချက်က ရေရရှိနိုင်မှုထက် ၃၀ ရာခိုင်နှုန်းကနေ ၃၅ ရာခိုင်နှုန်းအထိ ပိုလာနိုင်ပါတယ်" ဟု သူကပြောသည်။ ■

## အိန္ဒိယ သကြားထုတ်လုပ်မှု မြင့်တက်မည့် အလားလာရှိ

အိန္ဒိယနိုင်ငံကို ကြံစိုက်ပျိုးသော နယ်မြေများတွင် မုတ်သုံမိုး ကောင်းမွန်မှုကြောင့် ၂၀၁၇-၂၀၁၈ ကြံရာသီတွင် သကြားထုတ်လုပ်မှု ၁၆ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း အထိ မြင့်တက်လာပြီး တန်ချိန် ၂၄ သန်းထိ ရှိမည်ဖြစ်ကြောင်း ကွန်မိုဒီတီအွန်လိုင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် သကြားထုတ်လုပ်မှုက ၂၀၁၄ ခုနှစ်မှစ၍ သုံးနှစ်ဆက်တိုက်ကျဆင်းရာမှ မြင့်တက်လာခြင်း ဖြစ်ရာ ယခုကဲ့သို့ ထုတ်လုပ်မှု မြင့်တက်လာခြင်းသည် ကြံတောင်သူများအတွက် များစွာစိတ်သက်သာရာ ရခဲ့သည်။ သကြားထုတ်လုပ်မှု မြင့်တက်လာမည်ဟု ခန့်မှန်းထားသော်လည်း ပြည်တွင်းစားသုံးမှုမှာလည်း ၂၀၁၈ ခုနှစ် သကြားရာသီတွင် တန်ချိန် ၂၄ ဒသမ ၅ သန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

ပြည်တွင်းစားသုံးမှုမြင့်တက်လာသည့်အတွက် အိန္ဒိယနိုင်ငံသည် ပြည်ပမှ တင်သွင်းမှုကို မှီခိုရမည့် အခြေအနေရှိသည်။ ကမ္ဘာ့သကြားဈေးနှုန်းကျဆင်းချိန်တွင် ရူပီးတန်ဖိုး မြင့်တက်နေခြင်းကြောင့်လည်း သကြားတင်သွင်းမှု ပိုမိုလာကာ သွင်းကုန်အပေါ် မှီခိုမှု ပိုမိုလာနိုင်သည်။

ညဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်




ကမ္ဘာတစ်ဝန်းရှိ ဗဟိုဘဏ်များက ပိုမိုတင်းကျပ်သော ငွေကြေးမူဝါဒများကို ချမှတ်လျက်ရှိသဖြင့် ဘွန်းစာချုပ်များ၏ တန်ဖိုးနှင့်အတူ ဒေါ်လာတန်ဖိုးကလည်း ဆက်လက်ကျဆင်းနေသည့်အတွက် အာရှငွေကြေးများ၏ တန်ဖိုးများက မြင့်တက်လျက်ရှိသည်။ ဥရောပနှင့် ကနေဒါနိုင်ငံတို့တွင် ငွေကြေးမူဝါဒများကို တင်းကျပ်တော့မည့် အလားအလာများ ကြီးထွားလာခြင်းနှင့် အမေရိကန်ဗဟိုဘဏ်က ယခုနှစ်အတွင်း အတိုးနှုန်းမြှင့်တင်ပေးမည့်အလားအလာနည်းလာခြင်းတို့ကြောင့် ဇွန် ၃၀ ရက်တွင်အမေရိကန်ဒေါ်လာတန်ဖိုးက ကိုးလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည်။

အာရှဒေသရှိ ငွေကြေးများနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုး ကျဆင်းမည်ဟု အာရှရှိပုဂ္ဂလိက ဘဏ်လုပ်ငန်းရှင်တို့၏ ယုံကြည်မှုကြောင့် အာရှဒေသရှိ အက်ဆက်များတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုလာသည်။ အာရှဒေသရှိ ပုဂ္ဂလိကဘဏ်များက အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံကို စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိသဖြင့်ငွေကြေးဆိုင်ရာစာချုပ်စာတမ်းများ ရောင်းဝယ်ဖောက်ကားမှုအပေါ်တွင်ဩဇာသက်ရောက်မှုရှိသည်။

**တရုတ်ယွမ်**

တရုတ် ဗဟိုဘဏ်က ဗဟိုဘဏ်၏ နေ့စဉ် ဖလှယ်နှုန်းကို ခုနစ်လအတွင်း အမြင့်ဆုံးနှုန်းအဖြစ် သတ်မှတ်ပြီးနောက် တရုတ်ယွမ် တန်ဖိုးသည် ဇွန် ၃၀ ရက်က လေးရက်မြောက်နေ့အဖြစ် ဆက်တိုက် မြင့်တက်ခဲ့သည်။ တရုတ် ဗဟိုဘဏ်က ပျမ်းမျှဖလှယ်နှုန်းကို အမေရိကန် တစ်ဒေါ်လာလျှင် ၆ ဒသမ ၇၇၄၄ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ နိုဝင်ဘာနောက်ပိုင်းတွင် ယွမ်တန်ဖိုး အမြင့်ဆုံးဖြစ်ခဲ့သည်။

ရှန်ဟဲရှိ ငွေလက်ငင်း ဈေးကွက်တွင် Onshore ယွမ်တန်ဖိုးမှာ ဇူလိုင် ၂၉ ရက်တွင် အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၇၈၇ ယွမ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့တွင် အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၇၆၇၉ ယွမ်နှုန်း ရှိခဲ့ရာ ဒေါ်လာတန်ဖိုးမှာ သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ဟောင်ကောင်ဈေးကွက်ရှိOnshoreယွမ်တန်ဖိုးမှာ ဇွန် ၂၇ ရက်က အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၇၉၃၅ ယွမ်နှုန်းရှိခဲ့ရာမှ ဇွန် ၃၀ ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၇၇၄၁ ယွမ်နှုန်း ရှိခဲ့သဖြင့် အမေရိကန်ဒေါ်လာတန်ဖိုးမှာ လေးရက်အတွင်း သုညဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**အိန္ဒိယရူပီး**

အိန္ဒိယ စတော့ရှယ်ယာ တန်ဖိုးကျဆင်းမှုနှင့် အမေရိကန်ဒေါ်လာကို သွင်းကုန်လုပ်ငန်းရှင်များနှင့် ဘဏ်များက ပိုမိုဝယ်ယူမှုတို့ကြောင့် ဇွန် ၃၀ ရက်က ရူပီးတန်ဖိုးသည် သုညဒသမ ၁ ရူပီးနှုန်း ကျဆင်းကာ အမေရိကန် တစ်ဒေါ်လာကို ၆၄ ဒသမ ၇၃ ရူပီးနှုန်း ရှိခဲ့သည်။ သို့သော်လည်း ဥရောပ ဗဟိုဘဏ်နှင့် အင်္ဂလန်ဘဏ်တို့က ငွေကြေးမူဝါဒ ပြောင်းလဲမည့် လက္ခဏာပြသလာသည့်အတွက် ယူရိုနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးက ၁၂ လအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည့်အတွက် ရူပီးတန်ဖိုး ကျဆင်းမှုကို ထိန်းထားနိုင်ခဲ့သည်။

**ဂျပန်ယန်း**

တိုကျိုဈေးကွက်တွင် ဇွန် ၃၀ ရက်က အမေရိကန်ဒေါ်လာနှင့် ယန်းငွေ ဖလှယ်နှုန်းမှာ အမေရိကန် တစ်ဒေါ်လာကို ၁၁၂ ဒသမ ၅ ယန်းနှုန်း အောက်တွင် ရှိခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ယန်းငွေဖလှယ်နှုန်းမှာ ဇွန် ၂၉ ရက် ညနေ ၅ နာရီက နယူးယောက် ဈေးကွက်တွင် တစ်ဒေါ်လာကို ၁၁၂ ဒသမ ၁၀ ယန်းနှုန်းရှိခဲ့ရာမှ တိုကျိုဈေးကွက်တွင် ၁၁၂ ဒသမ ၅၀ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ဈေးဖွင့်ချိန်တွင် အမေရိကန် တစ်ဒေါ်လာကို ၁၁၂ ယန်းနှုန်းရှိခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးမှာ ဇွန် ၂၉ ရက်က နယူးယောက် ဈေးကွက်တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၃၇ နှင့် ၁၂၈ ဒသမ ၂၅ ယန်းဖြင့်လည်းကောင်း၊ တိုကျိုဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၂၆ နှင့် ၁၂၈ ဒသမ ၅၅ ယန်းနှုန်းဖြင့် လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက်တွင် တစ်ယူရိုကို အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၄၃၉ နှင့် ၁၂၈ ဒသမ ၁၁ ယန်းနှုန်းသို့ ရောက်ရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

ရက်သတ္တပတ်မကုန်မီ အမြတ်ရခိုက် ရင်းဂစ်ငွေကြေးကို ပြန်လည်ရောင်းချမှုများကြောင့် ဇွန် ၃၀ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ် ဖလှယ်နှုန်းမှာ ဇွန် ၂၉ ရက်က အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၂၉၂၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီတွင် အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၂၉၃၅ ရင်းဂစ်နှုန်း ရှိခဲ့သည်။ အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးမှာ ပုံမှန်မြင့်တက်ခဲ့ရာ ယခု သုံးလပတ်အတွင်း ရင်းဂစ်ငွေကြေးသည် ဒေသအတွင်း၌ အဓိက ငွေကြေးတစ်ခုအဖြစ် ရောက်ရှိခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောသည်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယားနိုင်ငံ၏ ယခုလ စက်မှုကုန်ထုတ်လုပ်မှုသည် မြို့နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသော်လည်း လက်တွေ့တွင် သုည ဒသမ ၂ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့ပြီးနောက် ဇူလိုင် ၃၀ ရက်တွင် တောင်ကိုရီးယား ဝမ်တန်ဖိုး ကျဆင်းခဲ့သည်။ အမေရိကန်ဒေါ်လာနှင့်တောင်ကိုရီးယား ဝမ်ငွေကြေးတို့၏ ဖလှယ်နှုန်းမှာ ဇွန် ၃၀ ရက်တွင် ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၄၅၀ ဝမ်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၄၄ ဒသမ ၅၅ ဝမ်နှုန်း ရှိခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာ သတင်းဌာနက ပြုစုထားသော ကိန်းဂဏန်း အချက်အလက်များအရ ဇွန် ၃၀ ရက်နေ့က ထိုင်းဘတ်ငွေတန်ဖိုးသည် ယခင်နေ့နှင့် နှိုင်းယှဉ်ပါက သုညဒသမ ၀၉ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၃၃ ဒသမ ၉၇ ဘတ်နှုန်းရှိခဲ့သည်။

ဘဏ်တင်-စုစည်းတင်ပြသည်

## စီးပွားရေး ဖွံ့ဖြိုးမှုရည်မှန်းချက် ပြည့်မီစေရန် တရုတ်က ငွေကြေးမူဝါဒကို လျှော့ချမည်


တရုတ်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒ တင်းကျပ်မှုများကို ထပ်မံဆောင်ရွက်တော့မည် မဟုတ်တော့ဘဲ လာမည့်လများတွင် ထိန်းချုပ်ထားသော ကန့်သတ်ချက်များကိုပင် အနည်းငယ်လျှော့ချပေးသွားတော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။ ငွေကြေးမူဝါဒ တင်းကျပ်မှုကြောင့် လုပ်ငန်းများအတွက် ချေးငွေများ ထိန်းချုပ်မှုက စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဖန်တီးမှုကို ခြိမ်းခြောက်လျက်ရှိသဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မူဝါဒရေးဆွဲမှုနှင့် အဆက်အသွယ်ရှိသူများက ပြောသည်။

ဘဏ်များက ဆောင်ရွက်လျက်ရှိသော စွန့်စားမှုအန္တရာယ် မြင့်မားသည့် ချေးငွေများကို ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့က ထိန်းချုပ်မှုများ ပြုလုပ်ခဲ့သည်။ ထိုသို့ဆောင်ရွက်မှုကြောင့် ရေတိုချေးငွေများအတွက် ကုန်ကျစရိတ် မြင့်မားမှုက ဖိတ်လျှံအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေကာ စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်လာခဲ့သဖြင့် စီးပွားရေးတည်ငြိမ်မှုကို ခြိမ်းခြောက်မှု ဖြစ်စေခဲ့သည်။

ချေးငွေအဆမတန် တိုးပွားမှုနှင့် မှောင်ခို ဘဏ်လုပ်ငန်း (Shadow Banking) များမှ ဖြစ်ပေါ်လာသော စွန့်စားမှုအန္တရာယ်များကို တန်ပြန်တိုက်ခိုက် ရန်နှင့် ထိုသို့တိုက်ခိုက်ရာတွင် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်း သတ်မှတ်ချက်ကို မထိခိုက်အောင် ဆောင်ရွက်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။ ယခင်အတွေ့အကြုံအရ စီးပွားရေး ဖွံ့ဖြိုးမှုကို ဦးစားပေးအဖြစ် ဆောင်ရွက်မည် ဖြစ်သည်။

"ခေါင်းဆောင်မှု အပိုင်းက ယခုနှစ် စီးပွားရေး တည်ငြိမ်မှုကို အလေးပေးလျက်ရှိပါတယ်။ စီးပွားရေးတိုးတက်နှုန်းကို အလွန်အကျွံ တိုးမြှင့်ပေးဖို့ဆန္ဒမရှိသလို တစ်ဟုန်ထိုး နှေးကွေးကျဆင်းသွားမှာကိုလည်း ခွင့်မပြုနိုင်ပါဘူး" ဟု မူဝါဒ အကြံပေးတစ်ဦးက ပြောသည်။

## ချေးငွေဆုံးရှုံးမှု အန္တရာယ်ကို ကာကွယ်ရန်အတွက် တောင်ကိုရီးယားရှိ ဒုတိယအဆင့်ဘဏ်များအား အရန်လျာထားငွေ ပိုမိုထားရှိရန် သတ်မှတ်




တောင်ကိုရီးယား ဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့က စွန့်စားမှု အန္တရာယ်မြင့်မားလျက်ရှိသော ချေးငွေများကို ထိန်းကွပ်ရန် ကြိုးစားလျက်ရှိရာ ဒုတိယအဆင့် ရှိဘဏ်များသည် ယခုနှစ် ဒုတိယသုံးလပတ်မှစ၍ ချေးငွေဆုံးရှုံးမှုများအတွက် သီးသန့်လျာထား ငွေများကို ပိုမိုထားရှိရန် သတ်မှတ်ထားကြောင်း ဇူလိုင် ၂၉ ရက်က ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ပြောကြားချက်ကို ယွန်းဟပ်သတင်းတွင်ဖော်ပြသည်။

တစ်နှစ်အတွက် အတိုးနှုန်းကို ၂၀ ရာခိုင်နှုန်းအထက် ရယူသော ငွေစုဘဏ်များက အိမ်ထောင်စု ချေးငွေများကို ထုတ်ချေးသောအခါ ပိုမိုတင်းကျပ်သော ဥ်စည်းမျဉ်းစည်းကမ်းများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေး ဝန်ဆောင်မှု ကော်မရှင်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ချေးငွေတန်ဖိုး ဝမ် ၁၀ သန်း (အမေရိကန်ဒေါ်လာ ၈၇၆၇) ကိုနှစ်တိုး ၂၀ ရာခိုင်နှုန်း သတ်မှတ်၍ ထုတ်ချေးနေသော ငွေစုဘဏ်များသည် ယခု လောလောဆယ်တွင် ချေးငွေ၏ ၂၀ ရာခိုင်နှုန်း သို့မဟုတ် နှစ်သန်း ကို ချေးငွေဆုံးရှုံးမှုအတွက် လျာထားငွေအဖြစ် ထားရှိရသည်။ အသစ်ထုတ်ပြန်လိုက်သော စည်းမျဉ်းဥပဒေအရ ငွေထုတ်ချေးသော ဘဏ်များသည် ချေးငွေဆုံးရှုံးမှု လျာထားငွေ အဖြစ် ၅၀ ရာခိုင်နှုန်း သို့မဟုတ် ဝမ် ၁၀ သန်း ထားရှိရမည်ဖြစ်ကြောင်း ဘဏ္ဍာရေးကြီးကြပ်မှု အဖွဲ့က ပြောသည်။

အိမ်ထောင်စုချေးငွေများ ကြီးထွားမှုနှုန်း မြင့်မားမှုကို ထိန်းချုပ်ရန် ကြိုးပမ်းသည့်အနေဖြင့် အစိုးရက ယခုကဲ့သို့ ပြဋ္ဌာန်းဆောင်ရွက်ခြင်း ဖြစ်သည်။


Mann Myittar Trading Co.,Ltd
ကားအားလုံး Brand New အာမခံပါရှိသည်။ ဆီစားနှုန်းအလွန်သက်သာ၍သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေးနိုင်သည်။
Authorized by TOYOTA
JINBEI
Mann Myittar Service Co.,Ltd
JINBEI HAISE
SERVICES CENTER
◆ Email : mannmyittar.trading@gmail.com
ရန်ကုန် - မန္တလေးလမ်း၊ ဆင်ဖြူကန်ဂေါက်ကွင်း၊ လမင်းယာဉ်မောင်းသင်တန်းဘေး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
Ph:02-71675 , 09-2063773 , 09-777737168 , 09-259060500, 09-777881866
(ရုံးခွဲ) အိမ်ရှေ့ပြင်ရပ်ကွက်၊ ဈေးလမ်း၊ ထားဝယ်မြို့ အဝေးပြေးလမ်းဆုံ၊ 09-787753596, 777712366

brother
at your side
" ကုန်ကျစရိတ် အသက်သာဆုံး
A4 တစ်မျက်နှာလျှင် (၁ ကျပ်)နှုန်း "
Smarter Design.
Bigger Savings.
BLACK
6000
page-yield#
Authorized Distributor: Alliance Stars Co., Ltd.
HOT LINE: 09 511 1309 www.alliancestars.biz
Showroom & Service Center : NO.(379/383), Bo Aung Kyaw St., Kyauktada Township, Yangon. Tel : (+95-1)380137,449255733,449255377/ Fax : (+95-1)380038
Block NO.(220), Home No (1), Grandamar Road, Tha Pyay Gone, Zabuthiri Township, Nay Pyi Taw. Tel & Fax : 067414780

# EVER RICH GROUP CO.,LTD

* ဂျီအိုင် ပေါက်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ



**EVER RICH GROUP CO.,LTD** စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။

အမှတ်(၃၆/ဒီ)၊ လမ်းသစ်လမ်း နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၉၆၆၅၇၃၇၊ ၀၁-၉၆၄၁၂၇၇၊ ၀၉-၃၀၀၈၈၇၂၀၊ ၀၉-၄၅၇၇၄၀၆၅၊ ၀၉-၉၇၆၇၀၀၂၅၀

အဆောင်(၁၃၀)၊ အခန်း(၄)၊ ရွှေဝါလမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ၀၁-၉၆၄၁၂၅၅၊ ၀၁-၉၆၄၁၂၆၆၊ ၀၉-၉၆၅၀၀၇၂၅၊ ၀၉-၂၆၁၁၁၉၄၉၉၊ ၀၉-၄၅၇၇၄၀၆၆

အမှတ်(၄၁၇)၊ လှည်းကူးလမ်း နှင့် ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ၀၁-၆၁၇၁၄၉၊ ၀၉-၇၁ ၂၅၀၁၅၃၊ ၀၉-၇၉၆၁၀၈၁၄၁၊ ၀၉-၉၇၇၉၄၁၈၀၁၊ ၀၉-၄၅၇၇၄၀၆၄

MATRIX Institute of Professionals

MIP specialize in continuing education for professionals where theory meets practice!

## OUR PROGRAMS AND SERVICES

**Entrepreneurship & Business Start-ups**

ABE (UK) Qualifications
MIP Entrepreneurship Camp - PEM Youth Camp

**Finance & Accounting**

Chartered Financial Analyst (CFA)® Preparation Courses
CISI Qualifications
The Art of Making Financial Decisions :
- Series 1 - Techniques of Financial Analysis
- Series 2 - Stepping into Wealth Managment
- Series 3 - Essence of Capital Budgeting

**Business Law**

Understanding Business Law Courses
- Course 1 - Myanmar Tax Regulations ans Procedures
- Course 2 - Myanmar Labour Law
- Course 3 - Law of Contracts

**English (ESP)**

- Essential Business English
- Interactive Spoken English
- Foundation Course for International English Tests

**Personal Development Courses**

**Corporate Training and Coustomized Classes**



No.(182-194),3rd Floor,Botahtaung Pagoda Road(Between Mahabandoola & Anawrahta Road), Pazundaung Tsp,Yangon .
01-245660, 09-445533288~289 . @MatrixInstituteofProfessionals . info@matrixinstitute-mm.com

COMMERCE INTERNATIONAL

# ဗီယက်နမ်တွင် နည်းပညာ အဆင့်မြင့်လယ်ယာစိုက်ပျိုးရေး ဆောင်ရွက်ရန် ရန်ပုံငွေလိုအပ်

တီထွင်ဆန်းသစ်မှု လုပ်ငန်း များတွင်ရင်းနှီးမြှုပ်နှံခြင်းနှင့် တောင်သူလယ်သမား၊ စီးပွားရေး လုပ်ငန်းများနှင့် သုတေသန အဖွဲ့အစည်းများ အပါအဝင် လုပ်ငန်းနယ်ပယ်အတွင်း ပါဝင်လျက်ရှိသူများ အချင်းချင်း ချိတ်ဆက်မှုကို ခိုင်မာအောင် ဆောင်ရွက်ခြင်းဖြင့် ဗီယက်နမ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုနှင့် အရည်အသွေးကို မြှင့်တင်သင့်ကြောင်း ကျွမ်းကျင်သူတို့၏ ပြောကြားချက်ကို ဗီယက်နမ် နယူးစ်သတင်းတွင် ဖော်ပြသည်။

လယ်ယာမြေ၊ မတည်ရင်းနှီးငွေ ရရှိရန်နှင့် ဈေးကွက်များသို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်တို့မှာ နည်းပညာအဆင့်မြင့် လယ်ယာစိုက်ပျိုးရေးကို ဆောင်ရွက်ရာတွင် အဟန့်အတားပြုလျက်ရှိသောအကြောင်းတရားများ ဖြစ်ကြောင်း ဇွန် ၂၇ ရက်က ဟနွိုင်းမြို့တွင် ကျင်းပသော နှီးနှောဖလှယ်ပွဲတွင် ကျွမ်းကျင်သူတို့က ပြောသည်။

လယ်ယာထွက်ကုန်ပစ္စည်း အရည်အသွေး ကောင်းမွန်မှုနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ၏ အရေအတွက်များပြားမှုနှင့်အတူ လယ်ယာ စိုက်ပျိုးရေးကဏ္ဍသည် ၂၀၁၁-၂၀၁၅ ခုနှစ်အတွင်းက ခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာကြောင်း ဗီယက်နမ်ပါတီဗဟို ကော်မတီ၏ စီးပွားရေးကော်မရှင် ဒုတိယအကြီးအကဲ ကောင်ဒတ်ဖတ်က ပြောသည်။

အဓိကအားဖြင့် တန်ဖိုးမြှင့်ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်ထားသော လယ်ယာစိုက်ပျိုးရေးကဏ္ဍပြန်လည်ဖွဲ့စည်း တည်ဆောက်ရေးမဟာစီမံကိန်း (Restructuring Master Plan) ကို ၂၀၁၃ ခုနှစ်တွင် အစိုးရက အတည်ပြုထားပြီးဖြစ်ကြောင်း သူက ပြောသည်။

ဤစီမံကိန်းအရ အရေးအပါဆုံးသော ပြောင်းလဲမှုမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်ရာတွင် ထိရောက်မှုရှိပြီး အရည်အသွေးမြင့်မားသော ထုတ်လုပ်မှုအဖြစ် ပြောင်းလဲရေးနှင့် ထိုသို့ပြောင်းလဲရာတွင် နည်းပညာအဆင့်မြင့် လယ်ယာစိုက်ပျိုးရေးအဖြစ် မြှင့်တင်ကာ သိပ္ပံနှင့် နည်းပညာအသုံးပြုမှုကို အခြေခံအဖြစ် ထားရှိဆောင်ရွက်ရေးတို့ဖြစ်သည်။ ထိုသို့စီမံကိန်း ချမှတ်ပြီးချိန်မှစ၍ TH True Milk, Vingroup နှင့် Viet VC စသည့်ကုမ္ပဏီတို့က နည်းပညာသုံး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမြောက်အမြား ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ သို့သော် နည်းပညာ အဆင့်မြင့် လယ်ယာစိုက်ပျိုးရေးမှာ လယ်ယာမြေ၊ ဈေးကွက်နှင့် မတည် ရင်းနှီးငွေရရှိရေးတို့အတွက် ဆောင်ရွက်ရေးတွင် အတားအဆီးများရှိနေသည့်အတွက် တိုးတက်မှု တုံ့ဆိုင်းခဲ့သည်။ အထူးသဖြင့် ဆန်စပါးနှင့် လက်ဖက်ခြောက်ကဲ့သို့သော အဓိကကျသည့်ထွက်ကုန်ပစ္စည်းများကို ထုတ်လုပ်ရာတွင် ထိရောက်မှု နိမ့်ကျခဲ့ကြောင်း ဖတ်က ပြောသည်။



နည်းပညာ အဆင့်မြင့် လယ်ယာစိုက်ပျိုးရေးအတွက် နိုင်ငံတော်မူဝါဒအများအပြားကို ချမှတ်ခဲ့သော်လည်း စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များနှင့် အာမခံကင်းမဲ့မှုတို့ကြောင့် ကြိုးပမ်းဆောင်ရွက်မှုများမှာ ထိရောက်မှု မရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ သိပ္ပံ နည်းပညာနှင့် သဘာဝ ပတ်ဝန်းကျင်ဌာန အကြီးအကဲ ငုယင်သီသန်းသိုင်က ပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## စင်ကာပူရှိ နေရာလွတ်များတွင် မြို့ပြစိုက်ကွင်းများအဖြစ် ဖန်တီး

စင်ကာပူနိုင်ငံသည် ပြည်ပမှ တင်သွင်းသောအစားအစာများအပေါ် မှီခိုနေရမှုကို လျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သဘာဝ သယံဇာတ ရှားပါးသော စင်ကာပူနိုင်ငံအနေဖြင့် နေရာလွတ်များကို မြို့ပြစိုက်ကွင်း (Urban Farming) များအဖြစ် ပြောင်းလဲ ဆောင်ရွက်လျက်ရှိကြောင်း တူဒေး အွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ငွေကြေးအရ ချမ်းသာကြွယ်ဝသော စင်ကာပူနိုင်ငံသည် နိုင်ငံအတွင်း၌ စားသုံးသော အစားအစာ၏ ၉၀ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းလျက်ရှိပြီး တင်သွင်းသော အစားအစာ အများစုမှာလည်း အိမ်နီးချင်း နိုင်ငံများမှ ဖြစ်သည်။ သို့ဖြစ်ရာ ဖြန့်ဖြူးမှု ကွင်းဆက်ပြတ်တောက်သွားနိုင်မည့် အလားအလာရှိသော အခြေအနေမျိုးဖြစ်သည်။

“ကိုယ်စားမှာ ကိုယ်တိုင်စိုက်ဟူသော အစီအစဉ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုဖြစ်သည့် Edible Garden City ကုမ္ပဏီသည် ဖောက်သည်များအတွက် အစားအစာ ဥယျာဉ် ၅၀ ကျော်ကို ဒီဇိုင်းရေးဆွဲတည်ဆောက်ပေးခဲ့ရာ စားသောက်ဆိုင်များနှင့် ဟိုတယ်များမှ အစပြုပြီး ကျောင်းများနှင့် နေအိမ်များအထိ ပါဝင်သည်။

ကုမ္ပဏီက တည်ဆောက်ပေးခဲ့သော စီမံကိန်းများတွင် Citizen Farm ဟုခေါ်သော စီမံကိန်းတစ်ခုလည်း ပါဝင်သည်။ ဤစီမံကိန်းမှာ အကျဉ်းထောင်ဟောင်းနေရာတစ်ခုကို မြို့ပြစိုက်ကွင်းတစ်ခုအဖြစ် ဖန်တီးထားသော စီမံကိန်းဖြစ်ပြီး ဒေသခံများသည် ထိုနေရာတွင် အတူတကွ နေထိုင်ကာ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာနိုင်ကြောင်း စီမံကိန်း ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ Citizen Farm မှ တစ်ရက်ကို ဟင်းသီးဟင်းရွက်ကီလိုဂရမ် ၁၀၀၊ ပရဆေး ကီလိုဂရမ် ၂၀ နှင့် မှို ၁၀ ကီလိုဂရမ်မှ ၁၅ ကီလို ဂရမ်အထိ ထုတ်လုပ်နိုင်ခဲ့ရာ လူ ၅၀၀ စားသုံးနိုင်သော ပမာဏရှိသည်။

စင်ကာပူနိုင်ငံတွင် နေထိုင်သူ ၅ ဒသမ ၅ သန်းအတွက် အစားအစာ လိုအပ်ချက်နှင့်နှိုင်းယှဉ်ပါက ယခုပမာဏမှာ မပြောပလောက်သော်လည်း ဆောင်ရွက်မှုမှာ လုပ်ငန်း၏ အစမျှသာရှိကြောင်း Citizen Farm ၏ အစီအစဉ် အကြီးအကဲ ဒါရင်းဟိုက ပြောသည်။

ကုမ္ပဏီက ဆောင်ရွက်နေသော မြို့ပြစိုက်ကွင်း အစီအစဉ်ကို အခြားနေရာများတွင်လည်း ဆောင်ရွက်ရန် အစိုးရက စဉ်းစားလျက်ရှိရာ ထိုအထဲတွင် အထပ်မြင့် အစိုးရအဆောက်အဦများ၏ ဝန်းကျင်နေရာလွတ်များကို စိုက်ကွင်းများအဖြစ် ဖန်တီးရေးလည်း ပါဝင်သည်။